
www.burmeseclassic.com




# ပြည်ဖိုင်ရှုံးအိမ်

ကလောမြို့နှင့် အနီးတစ်ဝိုက်တွင်

# ချစ်မည်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

## ပြည့်ပိုင်မှူးအိမ်၏ စာအုပ်အမှတ်စဉ် (၂၉)


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၁၀၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၅၃၀၅၁၀


| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | သင်မြတ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၃၀၀) |
| | | ၁၀၁၊ ၃ထပ်(ဝဲ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၁၄၀)၊ ၄၅ လမ်း။ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၁၀ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

ပြည့်ပိုင်မှူးအိမ်

ကလောမြို့နှင့် အနီးတစ်ဝိုက်တွင် ချစ်မည် /

ပြည့်ပိုင်မှူးအိမ်။ -ရန်ကုန်၊

တော်ဝင်မြို့မစာပေ။ ၂၀၁၀။

၁၅၈.- စာ ၊ ၁၃ စင်တီမီတာ * ၂၀. ၅. စင်တီမီတာ။

(၁) ကလောမြို့နှင့် အနီးတစ်ဝိုက်တွင် ချစ်မည်


www.burmeseclassic.com

www.burmeseclassic.com

"မင်း ခရီးသွားမလို့ဆို . . ."

"အေး . . ."

"ဘယ်ကိုလဲ . . ."

"ရှမ်းပြည်နယ်ဘက်ကို . . ."

လွင်ထွန်းမေးသော မေးခွန်းတို့ကို သူ ခပ်တိုတို ဖြေဖြစ်သည်။

"ကြာမှာလား . . ."

ရာဇာက မေးဆတ်ရင်း မေးပြန်သည်။

"ပျော်သလောက်ပေါ့ . . . နောက်ဆုံးကွာ . . မပျော်ရင်တောင် အနည်းဆုံး တစ်နှစ်လောက်တော့ နေမယ် . . ပျော်သွားရင်တော့ နှစ်အကန့်အသတ်မရှိပေါ့ကွာ . . ."

တစစ်စစ်ဖြင့် နာနေသလိုရှိသော ရင်ဘတ်ဆီမှ အောင့်သက်သက်ဝေဒနာကို လစ်လျူရှုရင်း သူ ဆိုဖြစ်သည်။

"မင်းကလည်းကွာ . . . မိဘနဲ့ပဲ ပြိုင်မာနထားနေသေး

www.burmeseclassic.com

www.burmeseclassic.com



တယ် . . . ဆူချင်လည်း ဆူပစေပေါ့ . . ငြိမ်ခံနေလိုက်ရင် ပြီးသွားမယ့်ဟာကို . . .”

ရာဇာက သူ့ကို မျက်မှန်ကုတ်ရင်း ဆိုသည်။

“တကယ်တမ်းကျတော့ မင်း အဖေပြောတာလည်း မမှားဘူး . . . အဲဒီညက ဆင်ဝင်ကို မင်း ကားနဲ့ဝင်တိုက်မိတဲ့ကိစ္စမှာ . . . မင်းကသာ မူးမနေဘူးဆိုရင် သူ အပြစ်တင်စကားမပြောဘူးတဲ့ . . . အရက်မူးတာက တော်တန်ရုံဆိုရင်လည်း မပြောဘူးတဲ့ . . . ခုဟာက မင်းက ခြေလှမ်းတွေယိုင်ပြီး စကားပြောတာတောင် လေးလုံးမကွဲဘူးဆိုပဲ . . . မင်းဘက်က အဲဒီလောက်ထိ ဖြစ်ပျက်နေမှတော့ မင်းအဖေက ဆူပြီပေါ့ကွ . . .”

BURMESE CLASSIC

“ဆူတာကို ငါ မနာပါဘူး . . .”

လွင်ထွန်း၏စကားကို သူ ‘မနာပါဘူး’ ဟု တုံ့ပြန်ဖြစ်သည်။

“ဒါဖြင့် ဘာကိုနာတာတုံး . . .”

ရာဇာ၏အမေးက တစ်နေ့ကကိစ္စကို အစဖော်သလိုဖြစ်ကာသွားသည်မို့ ပြဿနာတက်ခဲ့သော ထိုညကို သတိပြန်ရမိသည်။

www.burmeseclassic.com

www.burmeseclassic.com

He who does not Love wine,
women, and song remains a fool
his life long.

German Proverb

ဝိုင်အရက်ကို  မချစ်သောသူ၊
မိန်းမတွေကို  မချစ်သောသူနှင့်
သီချင်းကို  မချစ်သူသည်ကား
တစ်ဘဝလုံး  အရူးအမြစ်သာ  ရှိတော့သည်။

---

www.burmeseclassic.com

www.burmeseclassic.com

၆

ထိုနေ့ကား မှတ်မှတ်ရရ ဘော်ဒါတစ်ဦး၏မွေးနေ့ ညစာစားပွဲ။ အရက်မသောက်ဘဲ ဘီယာအနည်းမျှသာ သောက်သော သူ့ကို ဘော်ဒါတစ်ယောက်က ဂျာမန်စကားပုံတစ်ခုကို ရွတ်ပြရင်း သူ့ကိုလာဆွရာမှ ပြဿနာက အစပြုခဲ့ခြင်းဖြစ်သည်။

"ယောက်ျားတစ်ယောက်လုပ်နေပြီးတော့ မိန်းမတွေတောင် သောက်နိုင်တဲ့ဘီယာတွေလောက်ပဲ သောက်တယ်ဆိုတော့ သဘာဝ မကျဘူး ခေတ်ကျော် . . ."

၎င်းစကားကြောင့် သူ ရယ်ဖြစ်သည်။ ပြီး . . .

"ငါ . . ဒီနေ့ မသောက်ချင်လို့ မသောက်တာပါကွာ . . . အရင်ရက်တွေက သောက်ပါတယ် . . . ဒီနေ့က ဒရိုင်ဘာမပါလို့ ငါ ကိုယ်တိုင်ကားမောင်းပြန်ရမှာ . . . ကြားဖူးတယ် မဟုတ်လား . . . မူးရင် မမောင်းနဲ့ . . . မောင်းရင် မမူးနဲ့တဲ့ . . ."

ပြေရာပြေကြောင်းပြောသော သူ့စကားကို ၎င်းဘော်ဒါက လက်မခံ။

"Sorry ပဲ ခေတ်ကျော် . . . So Sorry . . . မင်းရဲ့ဆင်ခြေ

www.burmeseclassic.com



တို ငါ လုံးဝလက်မခံဘူး . . . ဒီပွဲမှာလာတဲ့လူတွေအားလုံး ကိုယ့်အားကိုယ်မောင်းလာကြတာချည်းပဲ . . . ဘယ်ကောင်က ဒရိုင်ဘာခေါ်လာလို့တုံး . . . သွေးမကြောင်စမ်းပါနဲ့ကွာ . . . ဘာလဲ မင်းတို့ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူးလား . . .”

“ကဲပါ ခေတ်ကျော်ရာ . . . အပြောမခံနဲ့ . . . ရော့ . . ချပ် . . .”

သူတို့ အခြေအတင်ပြောနေခိုက်မှာပင် မွေးနေ့ရှင်ကိုယ်တိုင် 'ရော့ ချပစ်' ဟု ပေးလာသောဖန်ခွက်က သူလက်ထဲရောက်ကာလာသည်။ မွေးနေ့ရှင်ကိုယ်တိုင်ပေးသောဖန်ခွက်မို့ အားနာနာဖြင့် သူမော့ဖြစ်သည်။

တကယ်တော့ ထိုတစ်ခွက်နှင့် သူ ရပ်တန့်သင့်သည်။

သို့သော် . . .

အမှုမဲ့ အမှတ်မဲ့ပင် စကားပြောရင်း သောက်ရင်းဖြင့် အိမ်အပြန်လမ်းမှာ ပြဿနာဖြစ်ခဲ့ခြင်းဖြစ်သည်။

စိတ်ကိုတင်းကာ ကားကိုဖြည်းဖြည်းချင်း မောင်းလာခဲ့သည်မို့ တစ်လမ်းလုံး ဘာပြဿနာမှ မဖြစ်ခဲ့။

အိမ်ကိုရောက်သောအခါမှသာ သူ တစ်ချိန်လုံးတင်းလာခဲ့သောစိတ်ကို လွှတ်ကာ ဆင်ဝင်ဘက်ဆီသို့ အရှိန်ဖြင့်ကွေ့လိုက်သည့်ခဏ ဝုန်းခနဲ ဆင်ဝင်ကိုပွတ်ကာ ဝင်တိုက်မိသွားခဲ့သည်။

ကားတိုက်မိသည့်ဘက်က မီးခွက်များကွဲသွားသည်မှလွဲ၍ ဘာမှကြီးကြီးမားမား မထိခိုက်မိ။ သူ့အသိစိတ်မှာ ဖေဖေနှင့်မေမေထွက်လာသည်ကိုရော၊ အစ်ကိုဖြစ်သူ ခေတ်မော် သူ့ကိုတွဲကာ အိပ်ရာထဲ ပို့ခဲ့သည်ကိုရော ကောင်းစွာမှတ်မိသည်။

ပြဿနာတော့ တက်ပြီဆိုတာကိုလည်း သူ ကောင်းကောင်းသိသည်။ သို့သော် သိသည်က တခြား၊ မူးသည်က တခြား။



www.burmeseclassic.com

www.burmeseclassic.com



ရီဝေကာမှုံးရင်း အကြည့်တွေဝေဝါးနေသည့်ကြားမှ ခါးထောက်ကာကြည့်နေသော ဗဖေ့ဖေ့ကိုရော၊ ဖေဖေ့နောက်မှာ ပူပန်စွာကြည့်နေသော မေမေ့ကိုပါ မြင်နေရသည်။

"သား စောင့်အိပ်လိုက်ပါ့မယ် . . . ဖေဖေတို့ အခန်းကို ပြန်နားလိုက်ပေါ့ . . ."

အစ်ကိုဖြစ်သူ ခေတ်မော်၏အသံကိုလည်းကြားနေရသည်။ ထို့နောက် သူ ရီဝေစွာမှုံးရင်း အိပ်ပျော်သွားခဲ့သည်။

အိပ်မပျော်ခင်မှာ အရက်ကိုမသောက်တော့ဖို့ သူ့ကိုယ်သူ ပြောနေဖြစ်သည်။ အိပ်မက်ထဲမှာပင် သူ မူးနေခဲ့သော ထိုညက အိပ်မက်တို့ကောင်းမနေခဲ့တာတော့ သေချာသည်။

ကောင်းစွာနိုးထသော မနက်ခင်းဟုတော့ မဆိုနိုင်။

အဘယ်ကြောင့်ဆိုသော် သူ့ခေါင်းတွေ ကိုက်ခဲနေသောကြောင့် ဖြစ်သည်။ 'သောက်ဦးဟ အရက်' ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း အိပ်ရာမှထဖြစ်သည်။

ခုတင်ဘေးရှိ ဆက်တီပေါ်မှာ အစ်ကိုဖြစ်သူ၏စောင်ကို တွေ့ရသည်မို့ ညက သူ့ကိုစောင့်အိပ်ခဲ့သော 'ကိုခေတ်ဖော်' ကို အားနာသွားရသည်။ သူ့ခမျာ ဆေးကျောင်းသားမို့ အိပ်ချိန်၊ စ းချိန် ဆင်းရဲရသည့်ကြားထဲ ညီဖြစ်သူအတွက် အလုပ်ပိုနေရသည်။

နည်းနည်းလေးမှ ကောင်းကျိုးမပေးတဲ့အရက်ဟု တွေးကာ ကိုက်နေသောခေါင်းကို ဟိုနှိပ်၊ သည်နှိပ်ရင်း မျက်နှာသစ်ဖြစ်သည်။

ပြီး . . .

သံပုရာရည်သောက်လျှင် အကိုက်အခဲပြေပျောက်လိမ့်မည် ဟုတွေးရင်း မီးဖိုခန်းဘက်သို့အကူးမှာ . . .

"ခေတ်ကျော် . . . ဒီကို လာဦး . . ."

ဟူသော ဖေဖေ့အသံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

ညည့်ခန်းမှာထိုင်နေသောဖေဖေ့ကို မရဲတရဲလှမ်းကြည့်ရင်း အတောခံရတော့မည်ဆိုသည့်အသိနှင့်ပင် တွန့်ဆုတ် တွန့်ဆုတ်ဖြင့် နီးခဲရာ ထိုင်ခုံမှာဝင်ထိုင်ဖြစ်သည်။

"လောကကြီးမှာ အရက်သောက်တဲ့လူ အမျိုးမျိုးရှိတယ် . . တစ်မျိုးက အရက်ကိုဆေးဖြစ်ဝါးဖြစ်ပဲဖြစ်ဖြစ်၊ လူမှုရေးအရ လုပ်ငန်း ထိစ္စအတွက်ပဲဖြစ်ဖြစ် ရင်းနှီးမှုအရ အနည်းအကျဉ်းအဆင့်ရှိရှိ သောက်တဲ့လူ . . . နောက်တစ်မျိုးက မူးအောင်ရူးအောင် လူမှန်း သိ၊ သူမှန်းမသိ ခွေးသောက်သောက်တဲ့လူ . . ဒေါ့ . . . မင်းက ဒုတိယတစ်မျိုးထဲမှာ ပါတယ် . . ."

"ဒါဖြင့် ခွေးသောက်သောက်တဲ့လူပေါ့ . . ."

ဟု သူ့စိတ်ထဲမှာ တွေးမိသည်။

"တစ်ခါတလေ သောက်မိတာပဲ ဖေဖေရာ . . သားကို ဒီလောက်ထိပြောနေစရာ မလိုပါဘူး . . ."

"ဟာ . . . ပြောရမယ်ကွ . . . ခေတ်ကျော်ရ . . . ဒီတစ်ခါ စသောက်တာတည်းက မပြောမဆို မဆုံးမဘဲထားရင် နောက်တစ် ခေါက်ဖြစ်လာမှာပေါ့ . . ."

အစ်ကိုဖြစ်သူကို 'သားကြီး'၊ သူ့ကိုတော့ 'သားငယ်' ဟု နှစ်ယောက်တည်းရှိသောသားများကို ချိုသာစွာခေါ်လေ့ရှိသော ဖေဖေက သူ့ကို 'ခေတ်ကျော်' ဟု ခပ်ထန်ထန်ခေါ်သည်မို့ သူ့စိတ်ထဲ မှာ တစ်မျိုးကြီးဖြစ်ကာသွားသည်။

"နောက်တစ်ခေါက်ဖြစ်ရင် ကြိုက်သလိုပြော ဖေဖေရာ . . မမှားသောရှေ့နေ၊ မသေသောဆေးသမားတဲ့ . . . သားလည်း ဒီ တစ်ခါပဲ မှားဖူးသေးတာပါ . . . နောက်မဖြစ်စေရဘူး . . စိတ်ချ"

ပြောပြီး သူ မီးဖိုခန်းဘက် အသာလစ်ထွက်လာခဲ့ဖြစ်သည်။ မဖြင်လို့မပြောတော့ရင်လည်း အေးတာပဲဟု။ တကယ်လည်း သူ



www.burmeseclassic.com

www.burmeseclassic.com



နောင်တရနေပြီးသားဖြစ်သည်။ ကားက ဝယ်ထားသည်ပင် တစ်လ မပြည့်သေးသော အသစ်ကြီးဆိုတော့ ဖေဖေ ဒေါကန်လည်း ကန် သောက်သည်။

မမြင်လျှင် မပြောတော့လောက်ဟု ထင်ထားသော သူ့ အတွေးက မှားကာသွားသည်။ ဖေဖေက မီးဖိုခန်းထဲသို့ ခါးထောက် ပြီး ရောက်လာသည်။

"ဘာလဲကွ မင်းက . . . မိဘက ဆိုဆုံးမနေတာကို ဂရုမ စိုက်တဲ့ပုံစံနဲ့ ထထွက်သွားရသလား . . ."

"ဖေဖေကလည်းဗျာ . . . စောစောစီးစီး ကျိုင်နေပြန်ပြီ"

"တ . . . မတိုင်လို့ရမလားကွ . . . ကားက မီးခွက်တွေ ကွဲတုန်ပြီ . . . အဲဒီကားက ငါးပြား ဆယ်ပြားနဲ့ဝယ်ထားတဲ့ကား မဟုတ်ဘူး . . . ဒီရပ်ကွက်ထဲမှာ ဒီကားမျိုး နှစ်စီးရှိတာမဟုတ်ဘူး . . . ဆင်ဝင်လည်း ပတ်တီးပြန်ကိုင်ရတော့မယ် . . . သွားလည်း ကြည့်ဦး . . ."

"ဖေဖေ လိုက်ကောနေတာနဲ့ ခေါင်းတွေကိုက်လာပြီဗျာ"

ခေါင်းကိုကုတ်ရင်း လက်တစ်ဖက်မှကိုင်ထားသော သံပုရာ ရည်ဖျော်မည့်ဖန်ခွက်ကို စားပွဲပေါ် ဝွပ်ခနဲ မသိစိတ်ဖြင့် ဆောင့်ချ မိသည်။

"ဟ . . . ဘာလဲကွ . . . ဆောင့်ကြီးအောင့်ကြီးနဲ့ . . . အပြစ်လည်း လုပ်ထားသေးတယ် . . . အပြောအဆိုကျတော့လည်း မခံနိုင်ဘူးပေါ့ . . . ဟုတ်လား . . . မင်း ယောက်ျားမဟုတ်ဘူးလား . . . ယောက်ျားဆိုတာ အမှားကိုအမှားမှန်းလက်ခံနိုင်ရတယ်ကွ . . . နောက်အပြောအဆိုမခံချင်ရင် ငါ့ကားတွေ တစ်စီးမှယူမစီး နဲ့ . . ."

"မစီးဘူးဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

ခေါင်းကိုက်ကိုက်ဖြင့် သူ ခပ်တိုးတိုးပြန်ရွတ်ဖြစ်သည်။ ဖေဖေ မကြားလောက်ဟုထင်ပြီး သူ ရေရွတ်မိခြင်းဖြစ်သည်။ ပြန်အော်ကာ ခံပြောခြင်းတော့မဟုတ်။ သူ အဲဒီ့လောက်ထိ မရိုင်း။ သို့သော် ဖေဖေက နားပါးသူမို့ ကြားဖြစ်အောင်ကြားကာသွားသည်။

"မင်းက ငါ့ကို ပြန်ရွတ်တယ်ပေါ့လေ . . . ကဲကွာ . . . ပြန်ပြောဦး . . ."

"ခွပ် . . ."

"ကိုကျော်မော် . . . ."

ခွပ်ခနဲ အသံနဲ့အတူ သူ့နှုတ်ခမ်းထောင့်စွန်းမှာ ပူခနဲ နာကျင်သွားရသည်။ မေမေက ကိုကျော်မော်ဟု ဆိုရင်း ဖေဖေ့ကို ဆွဲထားသည်။ ကိုခေတ်မော်က . . .

"ဖေဖေ . . . လာပါဗျာ . . . သား ကြည့်ပြောလိုက်ပါ့မယ်"

ဟု ဆိုရင်း ဖေဖေ့ကို ဧည့်ခန်းဘက် ဆွဲခေါ်ကာသွားသည်။

သူ ဖေဖေ့၏ အရိုက်အနှက်၊ အထိုးအကြိတ်ကို တစ်ကြိမ်တစ်ခါမှမခံဖူးသူမို့ ရှက်လည်းရှက်၊ စိတ်အားလည်းငယ်၊ နာလည်းနာကျင်သဖြင့် ချာခနဲ အိမ်တံခါးဆီ ထွက်ခဲ့ဖြစ်သည်။

"သား . . . ဘယ်သွားမလို့လဲ သားငယ် . . ."

"ညီလေး . . . ကိုခေတ် . . . ဟကောင် . . ."

"သွားပါစေ . . . သွားချင်တဲ့နေရာ သွား ခေတ်ကျော် . . . ငါ့စကားမှနားမထောင်ချင်ရင် ငါ့အိမ်မှာနေဖို့ ဘယ်တော့မှ မစဉ်းစားနဲ့ . . ."

ထူထူပူပူဖြင့် အိမ်ထဲမှထွက်လာရင်း အံကိုကြိတ်ထားဖြစ်သည်။ ကားမီးခွက်လေးကွဲရုံဖြင့် လူကိုထိုးရလားဟု သူ့အတွေးမှာ တလွဲတွေးသည်။ တကယ်တော့ ဖေဖေထိုးခြင်းက ကားမီးခွက်ကိစ္စကြောင့်မဟုတ်မှန်းလည်း သိတော့သိ ၁ည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြည့်ဝိုင်းမှူးဇော်

သို့သော် အမှန်တရားထက် အရှက်တရားနှင့်ထူပူခြင်း။ သားဖြစ်သူကို တစ်ခါမှ လက်ဖျားနှင့်ပင် နာကျင်အောင်မထိခဲ့ပါဘဲ ထိုးရက်လေခြင်းဟူသော ဝမ်းနည်းစိတ် စသည်တို့က စိုးမိုးနေသည်မို့ တလွဲမာနဖြင့် သူ ဖေဖေ့ကို အားမလိုအားမရဖြစ်ခြင်းသာဖြစ်သည်။

မသိစိတ်မှာတော့ ဝန်မခံဖြစ်သော်လည်း သူ မှားမှန်း သူ့ကိုယ်သူ သိသည်။ သို့သော် အိမ်ကိုပြန်ဖို့ သူ ရှက်သည်။

ထို့ကြောင့် . . .

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကိုပြန်ရန်ရှက်သောကြောင့် မေမေ့၏ညီမ၊ သူ၏အဒေါ် အိမ်မှာ နှစ်ရက်၊ သုံးရက်ခန့် သောင်တင်နေသည်။ အဒေါ်က မေမေ့ ဆီဖုန်းဆက်နေသည်ကိုလည်း သူ သိသည်။

မေမေနှင့်ဖေဖေ သူ့ကိုလာခေါ် လိမ့်မည်ဟု တစ်ထစ်ချတွက် ထားမိသည်။ နောက်ဆုံး ဖေဖေတို့လာမခေါ် လျှင်တောင် အစ်ကိုဖြစ် သူ လာခေါ် လိမ့်မည်ဟု သူ ထင်ထားခဲ့သည်။

သို့သော် . . .

ဖေဖေ့၏တစ်ချက်လွှတ်အမိန့်ကြောင့် လာခေါ် ဖို့နေနေသာ သာ ဖုန်းပင်မဆက်ရဟူသောသတင်းကိုကြားရသောအခါ သူ ရှက် စိတ်၊ မခံချင်စိတ်တို့ဖြင့် ထူပူသွားရသည်။

ထို့ကြောင့်ပင် အဒေါ်ဖြစ်သူ၏ သရက်ခြံ၊ လိမ္မော်ခြံများရှိ ရာ ရှမ်းပြည်နယ်ဘက်ကို သူ စိတ်ပြေလက်ပျောက် ထွက်ရန်စီစဉ် ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘော်ဒါတွေအားလုံးကိုနှုတ်ဆက်ပြီး အဝေးပြေးကားပေါ်တက်ထိုင်၍ မကြာမီမှာပင် ကားကစ၍ထွက်သည်။ လေယာဉ်လက်မှတ်စီစဉ်ပေးမည်ဆိုသော အဒေါ်ဖြစ်သူ၏စကားကို ငြင်းဆန်ပြီး တမင်အဝေးပြေးကားဖြင့် ရန်ကုန်-တောင်ကြီးကားလက်မှတ်ကိုဖြတ်ကာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသည့်အနေဖြင့် တစ်နည်းဆိုရသော် ဒုက္ခကို 'လာထား' ဆိုသည့် မခံချင်စိတ်ဖြင့် တမင်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကားက တဖြည်းဖြည်းနှင့် ရန်ကုန်နယ်နိမိတ်နှင့်ဝေးကာဝေးကာလာသည်။ မေမေ့ကို သတိရသလိုလို။ ဖေဖေ့ကိုပဲ တောင်းပန်ချင်သလိုလိုဖြင့် ခံစားမှုမျိုးစုံက ရင်ထဲသို့မွှေနှောက်ကာနေသည်မို့ သက်ပြင်းကိုသာ ဟင်းခနဲချဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြေပြန့်မှတောင်ပေါ်သို့ တဖြည်းဖြည်းတက်လာသည်နှင့် တစ်ပြိုင်နက် အအေးဓာတ်က ပိုပိုလာသည်။ ဤဒေသမှ January လ၏အအေးက ရန်ကုန်ဆောင်းနှင့် ဘာမှမဆိုင်။

ကလောမှအောင်ပန်းကိုအကူးမှာ ချမ်းစိမ့်မှုတို့ကြောင့် သူ မေးရိုက်ချင်လာသည်။ ကားပေါ်မှလူများကိုကြည့်မိတော့ အားလုံး တ အနွေးထည်ကိုယ်စီ။ အချို့က စောင်ခြုံငယ်ကဲ့ယ်စီဖြင့် နှပ်နေ ကြသည်။ သူတစ်ယောက်တည်း ခပ်ပါးပါးအနွေးထည်ဖြင့် ခိုက်ခိုက် တုန်နေသည်မို့ Aircon ကောင်းလွန်းသောကားကိုပဲ အပြစ်တင်ရ မလား။ အနွေးထည်ခပ်ထူထူ ယူမလာမိသော ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရမလား မသိတော့။

အောင်ပန်းမြို့ကားရပ်နားရာစားသောက်ဆိုင်ကို ရောက် တော့ ကျောပိုးအိတ်ဆွဲကာ ကားပေါ်မှဆင်းဖြစ်သည်။

အနီးအနားတစ်ဝိုက်ကို လိုက်ကြည့်မိတော့ ဒေါ်လေးပြော သော ကားနံပါတ်နှင့် ဗင်ကားကိုတွေ့ရသည်။

ကျောပိုးအိတ်ကိုလွယ်ရင်း ထိုကားဆီခပ်သုတ်သုတ် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကားပြင်ပရှိလေထုနှင့်တွေ့တော့မှ အအေးဓာတ်က နှစ်ဆ ပိုလာသလား အောက်မေ့ရသည်။ ရေခဲပုံးထဲမှာ ရေခဲများနှင့်ရောနှောခံထားရသလို ခြေဖျားလက်ဖျားများပင် ထုံကျဉ်အေးစက်လာလာသည်။

ဒေါ်လေးပြောထားခဲ့သော ကားနံပါတ်ဖြင့်ရပ်နေသော ဗင်ကားဆီ ခပ်သွက်သွက်လျှောက်ပြီး ကားထဲမှာစောင်ခြုံရင်းနှပ်နေသော ကားဆရာကို ကားတံခါးထုကာ နှိုးဖြစ်သည်။

စောင်ကိုခေါင်းမြီးခြုံကာအိပ်နေသော ကားဆရာက ခေါင်းမှစောင်ကိုဖယ်ပြီး သူ့ကိုကြည့်သည်။

"ဟင် . . ."

သူ ထင်ထားသလို ကားဆရာက ယောကျ်ားတစ်ယောက်မဟုတ်။ သူ့ထက်အသက်အနည်းငယ် ငယ်ပုံရသော ကောင်မလေးတစ်ယောက်ဖြစ်ကာနေသည်။ ၎င်းကောင်မလေးက အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးဖြင့် သူ့ကိုကြည့်ကာ အလုံပိတ်ထားသည့် ကားမှန်ကိုချ၏။ ပြီး . . .

"ကိုခေတ်ကျော်လား . . ."

ဝဲတဲတဲဖြစ်နေသော ဒေသခံလေသံဖြင့် သူ့ကိုမေးလာသည်မို့ သူ ခေါင်းကို ခပ်သွက်သွက်ညိတ်ပြဖြစ်သည်။

"လာလေ . . . တက် . . ."

မေးလွဲပြရင်း 'တက်' ဟုဆိုလာသော ကောင်မလေးက သူ့ဘေးမှတံခါးကို လှမ်းဖွင့်ပေးသည်။

ကားပေါ် ခပ်သွက်သွက်တက်ပြီး ကားတံခါးကို မြန်မြန်ပိတ်ဖြစ်သည်။ လေထုတို့က အေးစိမ့်နေသည်မို့ ကားထဲသို့ လေထုရောက်လာမှာကို သူ ကြောက်နေမိသည်။

"ရှင် Breakfast စားဦးမလား . . ."



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အာနီးတစ်ဝိုက်တွင်

ချစ်မည်

ကောင်မလေးက သူ့ကိုလှည့်မကြည့်ဘဲ ကားနောက်ခန်းကို စောစောက သူမခြုံထားသော စောင်ကိုလှမ်းပစ်ရင်းမေးသည်။

သူ့လက်မှနာရီကို ပင့်ကြည့်တော့ သုံးနာရီအတိ။ သူ ဗိုက်မဆာပါ။ ထို့ကြောင့် 'မစားတော့ဘူး' ဟု ပြန်၍ဆိုဖြစ်သည်။

ကောင်မလေးက ခေါင်းနှစ်ချက်ခန့်ညိတ်ရင်း ကားကို စက်နှိုးသည်။ ဒေါ်လေး၏ စိုက်ပျိုးရေးခြံက ပင်းတယမှာဖြစ်သည်။ ထို့ကြောင့် အောင်ပန်းမှပင်းတယကို သွားရမည်ဖြစ်သည်။ သူ စီးလာသော လိုင်းကားကတော့ အောင်ပန်းမှတောင်ကြီးကို ခရီးဆက်မည်ဖြစ်သည်။

အောင်ပန်းမှပင်းတယသို့ လိုင်းကားများက မနက်အစောကြီးမို့ မရှိသေး။ နံနက် ဆယ်နာရီခန့်မှ စဆွဲသည်ဟု ဒေါ်လေးက ပြောပြထား၍ သူ သိထား၏။ အကယ်၍ နံနက်ဆယ်နာရီလိုင်းကားကို စောင့်မစီးနိုင်လျှင် Taxi ငှား၍ ပင်းတယကို ခရီးဆက်နိုင်သည်။

သို့သော် Taxi စရိတ်က တောင်ကြီး-ရန်ကုန် ကားခ၏ သုံးဆရှိသည်။ ဆိုပါစို့ . . တောင်ကြီး-ရန်ကုန်ကားခက တစ်သောင်းဆိုလျှင် အောင်ပန်းမှပင်းတယသို့ ခရီးဆက်ရန် Taxi ခက သုံးသောင်း။ အကယ်၍ တစ်ယောက်တည်းငှားရသည် မဟုတ်ဘဲ ခရီးစဉ်တူသူများနှင့်စုငှားလျှင်တော့ Taxi ခကို အချိုးကျပေး၍ရသည်။

ကား Taxi မငှားချင်လျှင်လည်း ဆိုင်ကယ် Taxi ရှိသည်။ သို့သော် လေတဟူးဟူးတိုးနေမည့်ဆိုင်ကယ်ကိုသာ ဤကဲ့သို့ အေးစိမ့်သောအချိန်မှာ သူလို မြေပြန့်သားစီးမိပါက လေဖြတ်ကာသွားနိုင်သည်။

"ကျွန်တော် အရမ်းအေးလို့ ဒီက အစ်မရဲ့စောင်ကို ခဏ ယူခြုံလို့ရမလား . . ."

သူထက်ငယ်ရွယ်ပုံရသော်လည်း မရင်းနှီးသေးသူမို့ တမင်


www.burmeseclassic.com

www.burmeseclassic.com



ပင် ကျွန်တော်ဟု သူကိုယ်သူ သုံးဖြစ်သည်။

"ရပါတယ် . . . ယူခြုံလေ . . ."

ကောင်မလေး၏လေသံက ပျော့ပျောင်းသည်လည်း မဟုတ်၊ မာထန်နေသည်လည်း မဟုတ်။ ဒေသသံခပ်ဝဲဝဲမို့ နားထဲမှာ တစ်မျိုး ချစ်စရာကောင်းလို့နေသည်။

အကွေ့အကောက်များသော တောင်တက်တောင်ဆင်း လမ်းတို့ကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနေသော သူမကိုကြည့်ရင်း ဖေဖေ့ကားကို ပြန်၍သွားပြီးသတိရမိသည်။

စောင်ကိုယူကာခြုံထားတော့မှ နည်းနည်းနွေးလာသည်။

"တော်တော်အေးတယ်နော် . . ."

"ဟုတ်တယ် . . . ဇီးရိုးဒီဂရီစင်တီဂရိတ်လေ . . ."

ကောင်မလေး၏ အဖြေကြောင့် သူ ဘုရားတမိသည်။

"ဒါဖြင့် ရေခဲမှတ်ပေါ့ . . ."

ဟု စိတ်ထဲမှာ တွေးမိသည်။

မျက်လုံးကိုမှိတ်ကာထားသောအခါ သူ မွေးခနဲအိပ်ပျော် ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖျတ်ခနဲသူနိုးလာတော့ ကားကမောင်းနှင်နေဆဲ။ ပင်းတယမှလာပြီး သူမတစ်ယောက်တည်း လာကြိုရဲသော ကားမောင်းနေသည့်ကောင်မလေး၏သတ္တိကို သူ တော်တော်လေး လေးစားသွားရသည်။

"နာမည်ဘယ်လိုခေါ်လဲ . . ."

ကားမောင်းနေသော သူမဘက်လှည့်ကာ သူမေးဖြစ်သည်။

"ဝင့်ဟန်နီမော်ပါ . . ."

"အားပါးပါး နာမည်က လုံးဝလန်းတယ်ဗျာ . . ."

ရုတ်တရက် ချီးမွမ်းဖြစ်သော သူ့စကားကြောင့် ကောင်မလေးက ရှက်ပြုံးမသိမသာပြုံးသည်။

"မနက်အစောကြီးကတည်းက ပင်းတယကနေ ထွက်လာတာလား . . ."

"အင်း . . . တစ်နာရီခွဲကတည်းက ပင်းတယကထွက်လာတာ . . . နှစ်နာရီခွဲ အောင်ပန်းကို ရောက်နေပြီ . . ."

ကောင်မလေးက လေသံဝဲဝဲဖြင့် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြည့်ပိုင်မှုအိမ်

"တစ်ယောက်တည်း မနက်အစောကြီးထမောင်းလာရတာ ပျင်းကြောတက်သွားလား . . ."

သူ့အမေးကို ကောင်မလေးက ရယ်သည်။

"ဘာရယ်တာလဲ . . ."

အူကြောင်ကြောင်ဖြင့်ပင် သူ မေးဖြစ်သည်။

"ကျွန်မတစ်ယောက်တည်း လာတာလို့ ထင်နေလား . . . ကားနောက်ခန်းမှာ ကျွန်မအစ်ကိုပါတယ် . . . ရှင် စောစောက စောင်ယူတော့ သတိမထားမိဘူးလား . . ."

သူမ၏ အရယ်တစ်ဝက်ဖြင့်ဆိုသောစကားကြောင့် သူ သမင်လည်ပြန် ပြန်ကြည့်ဖြစ်သည်။

သေသေချာချာကြည့်တော့မှ ကားနောက်ခန်းမှာ သူနှင့် ရွယ်တူခန့်ရှိသည့် လူငယ်တစ်ယောက်အိပ်နေသည်ကို မှုန်ဝါးဝါး အလင်းရောင်ကြားမှာ တွေ့ရသည်။

ပင်းတယမြို့အဝင်ဆိုင်းဘုတ်ကို ကားမီးရောင်ဖြင့် သူတွေ့ လိုက်ရသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့် (၃၈၈၀)၊ ပေသုံးထောင့် ရှစ်ရာရှစ်ဆယ်ဆိုသော စာလုံးနှင့်အတူ ကနုတ်ပန်းများကို ဆိုင်းဘုတ်မှာ တွေ့နေရသည်။ အခြားမြို့များလို 'လှိုက်လှဲစွာကြိုဆိုပါ၏' တွေ ဘာတွေ ရေးမထား။

မြို့အဝင်ဆိုင်းဘုတ်ကိုတွေ့ရပြီး မိနစ်နှစ်ဆယ်ခန့်မှာ ခြံဝင်းကြီးတစ်ခြံထဲသို့ သူမက မောင်းဝင်ပြီး ဘန်ဂလိုတစ်လုံး၏ရှေ့မှာ ကားကိုရပ်သည်။

ပြီး ကားနောက်ခန်းမှ သူ့အစ်ကိုကို . . .

"ရောက်ပြီ . . ထတော့ . . ."

ဟု လှုပ်နှိုးသည်။ ထိုအခါမှ သူ့အစ်ကိုက အိပ်ချင်မူးတူးဖြင့် "အောင်ပန်းရောက်ပြီလား . . ."



www.burmeseclassic.com

www.burmeseclassic.com

"ကလောမြို့နှင့်အနီးတစ်ဝိုက်တွင် ချစ်မည်"

ဟု ထထိုင်ရင်း မေးသည်။

"ဘယ်ကလာ ပင်းတယအိမ်ကို ပြန်ရောက်ပြီ . . ."

"ဩ . . . ဟုတ်လား . . ."

'ဩ' ဟု အံ့အားသင့်စွာဆိုရင်း သူ့ကိုလှမ်းကြည့်ကာ အားနာပြုံး ပြုံးရင်းခေါင်းညိတ်ပြသည်။ ပြီး ရှက်အမ်းအမ်းဖြင့် . . .

"အိပ်ကောင်းကောင်းနဲ့အိပ်လိုက်တာ . . . လုံးဝကိုမနိုးဘူး"

ဟု ဆိုသည်။

ထို့နောက် ကားပေါ်မှ ကမန်းကတန်းဆင်းပြီး သူ့အိတ်ကို ကူဆွဲပေးသည်။ ပြီး 'လာ' ဟုဆိုကာ ရှေ့မှဦးဆောင်ပြီး အိမ်ထဲကို ဝင်သည်။

အိမ်ဝင်ဝင်ချင်း ညာဘက်မှအခန်းတံခါးကို တွန်းဖွင့်ပြီး ဘာစ်လက်စတည်း အခန်းထဲမှမီးကိုဖွင့်သည်။

"တစ်ရေးတမောအိပ်ပြီး အနားယူလိုက်ဦးပေါ့နော် . . ."

ဒေသသံခပ်ဝဲဝဲဖြင့်ဆိုပြီး သူ့အိတ်ကိုခုတင်ခြေရင်းရှိ ခုံမှာ တင်သည်။

"နိုးလာတော့မှ တွေ့မယ်နော် . . ."

"ဟုတ်ကဲ့ . . ."

သူမကပြောပြီး အခန်းတံခါးကိုပိတ်ကာသွားသည်။ ခုတင်ပေါ်မှစောင်အထူကြီးကိုကြည့်ပြီး အေးချမ်းမှုတို့ကို ပြန်ခံစားလာရသည်မို့ ကမန်းကတန်းပင် ခုတင်ပေါ်တက်ပြီး စောင်ကိုဆွဲခြုံဖြစ်သည်။

စောင်အထူကြီးကိုခြုံထားရသော်လည်း တော်တော်နှင့် မနွေး။ ကြာတော့မှ နွေးတေးတေးဖြစ်လာပြီး သူ မှေးခနဲအိပ်ပျော်သွားသည်။

www.burmeseclassic.com

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိသည်မို့ နိုးနိုးချင်း လက်မှနာရီကိုကြည့်ဖြစ်သည်။

ရှစ်နာရီခွဲ။

ရန်ကုန်မှာတော့ ရှစ်နာရီခွဲဆိုသောအချိန်သည် ပူနွေးစပြုနေသောအချိန်ဖြစ်လိမ့်မည်။ ပင်းတယမှာတော့ အေးစိမ့်ကာနေဆဲ။

ခုတင်ခေါင်းရင်းမှ ပြတင်းလိုက်ကာကိုဖယ်ရင်း ပြတင်းပေါက်ကိုဖွင့်လိုက်သောအခါ ချယ်ရီတွေ လန်းဆန်းစွာ ပင်လုံးပြည့်ပွင့်ဖူးနေသောမြင်ကွင်းကို တွေ့ရသည်။

ယင်းခေါင်းရင်းရှိ ချယ်ရီပင်ပေါ်တွင် အမျိုးအမည်ကိုအတိအကျ သူ မသိသော ငှက်ကလေးများက တကျိကျိမြင့်အော်မြည်နေကြသည်။ တိုက်ခတ်လာသော လေနုအေးက လတ်ဆတ်အေးမြကာနေသည်။ အိပ်ခန်းမှာ ရေချိုးခန်းနှင့်အိမ်သာတွဲလျက်ရှိသည်မို့ ရေချိုးဦးမှဟုတွေးရင်း သူ ရေချိုးခန်းထဲဝင်ခဲ့ဖြစ်သည်။

မျက်နှာသစ်သွားတိုက်ပြီး ရေချိုးရန် ရေပူTap၊ ရေအေးTap ပါ သူ ဖွင့်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

"အောင်မလေးဗျ . . .

သူ ထခုန်မိသည်အထိ အေးစိမ့်သွားသည်။ ရေအေးTap ထိုပိတ်ကာ ရေပူTapကိုသာဖွင့်သော်လည်း ရေပူလုံးဝမလာ။ အေးစိမ့်သော ရာသီဥတုကြောင့် အေးနေရသည့်ကြားထဲ ရေခဲရေမှ အေးစက်နေသော ရေ၏အထိအတွေ့ကြောင့် ချက်ချင်းပင် သူမေးခိုက်သည်အထိ အေးသွားရသည်။ ကြည့်ရတာ ရေပူအိုးပျက်နေသည်ထင်၏။ ရေအေးကိုချိုးရသည့်ခံစားရမှုက ရေစိုရွဲကာ အေးချမ်းနေသော သကြံန်မှာရေခဲရေဖြင့် ထပ်၍အလောင်းအပက်ခံရသလိုမျိုး။

ဆပ်ပြာကိုအမြန်တိုက်၊ အမြန်ချိုးပြီး တဘက်ပတ်ကာ ရေချိုးခန်းထဲမှ မြန်မြန်ထွက်ဖြစ်သည်။

အဝတ်အစားမြန်မြန်ဝတ်ကာ ရှိစုမဲ့စု မနေ့ကဝတ်လာခဲ့သော အနွေးထည်ဟောင်းကိုပင် ပြန်ဝတ်ဖြစ်သည်။

ရှမ်းပြည်နယ်ဘက် ခဏခဏရောက်ဖြစ်သော်လည်း နွေရာသီဘက် ရောက်ဖြစ်သည်ကများပြီး ဆောင်းရာသီမှာ သူ မရောက်ဖူး ထို့ကြောင့် သူ့မှာအနွေးထည်မပေါ။ မပေါဆို အိမ်မှဆင်းလာကတည်းက အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဖြင့် ဆင်းလာခဲ့သည်မို့ ဒေါ်လေးဝယ်ပေးသော အဝတ်ဆယ်စုံခန့်သာပါသည်။

သို့သော် ထို အဝတ်ဆယ်စုံစလုံးမှာ ရန်ကုန်မှာဝတ်သော ရန်ကုန်ရာသီဥတုနှင့် ကိုက်ညီသည့် ပေါ့ပေါ့ပါးပါးအဝတ်များသာ။ အနွေးထည်နှင့်တူတာဆို၍ ဝတ်ထားသော ဤအကျီတစ်ထည်သာ ပါသည်။

"နိုးပြီလား . . ."

အခန်းတံခါးကိုဖွင့်ကာ အိမ်ပြင်သို့ထွက်ကာ သူ့ကိုမြင်မြင်ချင်း မနက်တုန်းက အောင်ပန်းမှလာကြိုသော ကောင်မလေးက နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ."

ဟု သူ ခေါင်းညိတ်ပြဖြစ်သည်။

နှုတ်ဆက်ပုံက အရယ်အပြုံးမရှိ။ သို့သော် ခပ်တည်တည် ကြီးလည်းမဟုတ်။ ဝတ်ကျေတန်းကျေလည်း မမည်။ တစ်မျိုးတော့ တစ်မျိုးပဲဟု သူ တွေးမိသည်။

"အခုနေ့ ဘာလုပ်ရမလဲ ရှန်း . . ."

ခမောက်ဆောင်းထားသော လူတစ်ယောက်က သူ့ရှေ့မှာ ရပ်နေသော ကောင်မလေးကို မေးသည်။

၎င်းခမောက်ဆောင်းထားသည့်လူက သူ့ထက်ရော၊ သူ့မ ထက်ပါ ငယ်မည်ထင်သည်။ ထိုလူ၏နောက်မှာ အသက်ဆယ့်ရှစ်၊ ဆယ့်ကိုးခန့်ရှိမည့် ကောင်မလေးတွေက ရှစ်ယောက်လောက်ပါမည်။ သူ့ကို လူစိမ်းမို့ လှမ်း၍ ကွက်ကြည့်၊ ကွက်ကြည့်လုပ်သည်။

"ကောင်မလေးနာမည်က ရှန်းတဲ့လား . . ."

ဟု သူတွေးနေစဉ်မှာပင် ကောင်မလေးက . . .

"ဟိုဘက်က သရက်ပင်တွေမှာရှိတဲ့ သရက်ပွင့်တွေကို တစ် ခင်းလုံး လိုက်ညှပ်ပစ်လိုက် . . ."

"အေး . . . အေး . . ."

ကောင်မလေး၏စကားအဆုံးမှာ ထိုအလုပ်သမားများ အားလုံးက လှည့်ထွက်သွားရန် ပြင်သည်။

"နေဦး . . ."

သူ၏ ရုတ်တရက်အော်သံကြောင့် အလုပ်သမားများရော ရှန်းဆိုသည့်ကောင်မလေးပါ သူ့ဘက်လှည့်ကြည့်ကြသည်။ သူက ရှန်း ကို မျက်မှန်ကုတ်ကာကြည့်ရင်း . . .

"သရက်ပွင့်တွေ အကုန်ညှပ်ပစ် ဟုတ်လား . . . သရက်ပွင့် တွေ ညှပ်ပစ်ရင် သရက်သီး ဘယ်သီးတော့မှာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

"ဟုတ်တယ်လေ . . . အဲဒါ ဘာဖြစ်လဲ . . ."

သူ့စကားကို ကောင်မလေးက ချက်ချင်းတုံ့ပြန်သည်။ 'ဘာဖြစ်လဲ' ဆိုသောစကားကြောင့် သူ တင်းသွားရသည်။ ကြည့်ဦး . . . သရက်သီး သီးချင်လို့ အပင်စိုက်ထားပြီးကာမှ အသီးဖြစ်ရန်ပွင့်လာသော အပွင့်တို့ကို တစ်ခင်းလုံးမှာရှိသော သရက်ပင်မှ အပွင့်တို့ကို ညှပ်ပစ်ရန်ခိုင်းသူကခိုင်းပြီး လိုက်နာမည့်သူကလည်း 'အေး အေး' ဆု ဆိုကြသည်။ မေးတော့လည်း 'အဲဒါ ဘာဖြစ်လဲ' ဟု ဆိုသည်။

"ဘာဖြစ်ရမှာလဲ . . . အသီးလိုချင်လို့ အပင်စိုက်ထားတာလေ . . . အသီးရမယ့်အပွင့်ကို ညှပ်ပစ်မှတော့ ဘယ်လိုလုပ်အသီးသီးတော့မှာတုံး . . ."

သူ့စကားအဆုံးမှာ အားလုံးက ဟာသပြက်လုံးတစ်ခုကြားရသလိုမျိုး တခွီးခွီးဖြင့်ဝိုင်းရယ်ကြသည်။ ရွှန်းဆိုသော ကောင်မလေးက အရယ်ကိုရပ်ကာ ရှုပ်ကိုတည်ရင်း မျက်နှာပိုးကိုသပ်လျက် . . .

"အဲဒီ့လို အသီးသီးမှာစိုးလို့ မသီးအောင် ညှပ်ခိုင်းတာလေ"

"ဘာ . . ."

မျက်လုံးပြူး၊ မျက်ဆံပြူးဖြင့် 'ဘာ' ဟုဆိုသော သူ့ကိုအားလုံးက ဝိုင်းကြည့်ကာ ရယ်ကြပြန်သည်။

"ဘာရယ်နေကြတာလဲ . . မင်းတို့ ရူးနေကြလား . . အသီးသီးချင်လို့ အပင်စိုက်တာမဟုတ်ဘူးလား . . . အခု အပင်က သီးခါနီးတော့မှ အပွင့်ကို ညှပ်ပစ်ရတယ်လို့ . . ."

"မရူးလို့ ညှပ်ပစ်ခိုင်းတာပေါ့ . . . ရှင်ကသာ ဗဟုသုတမရှိတဲ့လူမို့လို့ ဘာမှမသိ၊ ဘာမသိနဲ့ လိုက်အော်နေတာ . . . ရှင်ကသာ အရူး . . ."

ရွှန်းဆိုသော ကောင်မလေး၏စကားကြောင့် အလုပ်သမားယောကျ်ားလေးများရော၊ မိန်းကလေးများပါ ရယ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး . . . အဲဒီလိုမပြောရဘူးလေ . . . သေသေချာချာရှင်းပြမှပေါ့ . . ."

ရုတ်တရက်ဆိုရင်း သူတို့ရှိရာလျှောက်လာသော လူတစ်ယောက်ကြောင့် အားလုံးက မျက်နှာပိုးသပ်သွားကြသည်။

ထိုလူက နံနက်တုန်းက ကားနောက်ခန်းမှာ အိပ်၍ပါလာသော ရွှန်း၏အစ်ကို။

"ကဲ . . . ကဲ . . . မင်းတို့က သွားကြတော့ . . . လာ . . ညီလေးက ဒီကိုလာ . . . အစ်ကို ရှင်းပြမယ် . . ."

အလုပ်သမားများက သူ့ကို ပြုံးစိ ပြုံးစိကြည့်ရင်း ခြံထဲဆင်းသွားကြသည်။ သူက ရွှန်းဆိုသောကောင်မလေးကို တစ်ချက်လှမ်းကြည့်ပြီး ရွှန်း၏အစ်ကိုထိုင်နေသော ဆက်တီခုံများရှိရာဆီ လှမ်းခဲ့ဖြစ်သည်။

"အရင်ဆုံး မိတ်ဆက်ပေးရဦးမယ် . . . ဒါက အစ်ကို့ညီမလေး . . . ရွှန်းဟန်နီမော်တဲ့ . . . အစ်ကိုနာမည်က ဝင်းဟိန်းမော် . . . ဒီမှာက ကိုဟိန်းလို့ပဲ ခေါ်ကြတယ် . . ."

"ဟုတ်ကဲ့ . . . ကျွန်တော်က ခေတ်ကျော်ပါ . . ."

"ခေတ်ကျော်ဆိုတော့ ခေါ်ကျစ်ပေါ့ . . ."

သူ့စကားအဆုံးမှာ သူမက ပြောင်ချော်ချော်ဖြင့် မကြား့တကြားဆိုသည်။ ကိုဟိန်းက . . .

"ရွှန်း . . ."

ဟု ဆိုရင်း လှမ်းဟန့်တော့မှ လျှာကလေးတစ်လစ်ဖြင့် မျက်နှာကိုမော့ကာ သူ့ ခပ်ဟုတ်သလို လုပ်၍နေသည်။

"အဲဒီမှာရပ်ပြီး ဘာလုပ်နေတာလဲ . . . သွား . . မနက်စာ သွားပြင် . . ."

ကိုဟိန်းက ခပ်ငေါက်ငေါက်ဆိုတော့မှ သူမက နေ့စာခမ်းကို



www.burmeseclassic.com

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင် ချစ်မည်

အနည်းငယ်မသိမသာစူရင်း အိမ်ထဲကိုဝင်ကာသွားသည်။

ဘာရယ်မဟုတ်။ ကလေးဆန်သောသူမကို သူ ရယ်ချင်သွားရသည်။ အိမ်ထဲဝင်သွားသောသူမကို လှမ်းကြည့်ရင်း ပြုံးမိနေစဉ်မှာ 'အဟာမ်း' ဟု ချောင်းဟန့်သံပေးလာသော ကိုဟိန်းကြောင့် သူ နည်းနည်းတော့ ရှက်ကိုးရှက်ကန်းဖြစ်သွားရသည်။

ကိုဟိန်းက . . . 'ဒီလိုကွ' ဟု စကားကိုအစချီသည်။

www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုကွ ညီလေးရ . . . သရက်ပင်က သရက်ပွင့်တွေကို ညှပ်ခိုင်းရတာက အကြောင်းရှိတယ် . . . ဒီစိန်တစ်လုံးသရက်ပင်တွေက တိုက်ရိုက်မျိုးစေ့ချစိုက်ထားတဲ့ အပင်တွေမဟုတ်ဘူး . . . ရင်ကွဲသရက်မျိုးပင်ကိုစိုက်ပြီးတော့ အဲဒီရင်ကွဲသရက်ပင်ရဲ့လုံးပတ်က ဒီလက်မအရွယ်လောက်ရောက်တော့မှ အဲဒီရင်ကွဲပင်ကိုဖြတ်ပြီး စိန်တစ်လုံးသရက်ပင်ရဲ့အကိုင်းနဲ့ဆက်ထားတာ . . .”

ကိုဟိန်းက သရက်ခင်းဘက် မျက်နှာမူရင်းဆိုသည်။

“ဘာဖြစ်လို့ အဲဒီလို ကိုင်းဆက်ပြီးမှ စိုက်တာလဲ . . .”

သူ ကိုဟိန်းကို မေးဖြစ်သည်။

“ဘာဖြစ်လို့လဲဆိုတော့ အကြောင်းအမျိုးမျိုးကြောင့်ပေါ့ကွာ . . . အကြမ်းဖျင်းပြောရရင်တော့ စိန်တစ်လုံးသရက်စေ့ကို တိုက်ရိုက်မျိုးထောင်ပြီးစိုက်ရင် ခုနစ်နှစ်လောက်မှ သရက်သီးကိုစရမယ် . . ရင်ကွဲသရက်မျိုးပင်မှာ စိန်တစ်လုံးသရက်ပင်ရဲ့အကိုင်းကိုဆက်ပြီး စိုက်ရင် သုံးနှစ်သားမှာ သရက်ပွင့်စပွင့်ပြီ . . ခုနစ်နှစ်စောင့်စရာမလိုဘူး . . . ဒါပေမယ့် သုံးနှစ်သားသရက်ပင်ကို အသီးသီးခိုင်းရင်



www.burmeseclassic.com

www.burmeseclassic.com



## ချစ်မည်

အပင်က ကြီးထွားမှုအား လျော့သွားနိုင်တယ် . . . အသီးအောင်ဖို့ ဆိုတာလည်း မသေချာဘူး . . . အဲဒါကြောင့် အပင်ကိုကြီးထွားမှုနှုန်း မလျော့နည်းသွားအောင်လို့ သရက်ပွင့်တွေကိုညှပ်ပစ်တာ . . ”

ကိုဟိန်း၏စကားအဆုံးမှာ ‘ဩော်’ ဟု သူ ဆိုဖြစ်သည်။

“နောက်နှစ်ကျတော့ အပွင့်ညှပ်စရာမလိုတော့ဘူး . . . အသီးပေးသီးလို့ရပြီ . . . ဒါပေမယ့် အသီးတွေ သိပ်များများသီးပေးလို့လည်း မရဘူး . . . အပင်အားကုန်သွားမှာစိုးလို့ အနည်းအကျဉ်းပေးသီးပြီးတော့ သီးကင်းတချို့ကို ခြွေပစ်ရတယ် . . . စိုက်ခင်းထဲမှာ သရက်ပင်ကများတယ် . . . . တကယ်လို့ စိန်တစ်လုံးတိုက်ရိုက်စိုက်ချင်တယ်ဆိုရင်တော့ စိန်တစ်လုံးမျိုးပင်ရဲ့စျေးက အရမ်းမြင့်တယ် . . . ရင်ကွဲပင်စိုက်ပြီး စိန်တစ်လုံးကို ကိုင်းဆက်သလို စျေးမချိုဘူး . . . ပြီးတော့ ကိုယ်တိုင် ပျိုးထားတဲ့ ပျိုးပင်မဟုတ်ရင် စိန်တစ်လုံး ဟုတ်မဟုတ် မစစ်ကို မသိနိုင်ဘူး . . . ကိုင်းဆက်စိုက်ထားတာကျတော့ စိန်တစ်လုံး သရက်ပင်ကကိုင်းကို ညှပ်ပြီးမှဆက်တာမို့ သေချာပေါက် စိန်တစ်လုံးသရက်သီး သီးတယ်လေ . . . မှားစရာ၊ စိတ်မချနိုင်စရာ အကြောင်းမရှိတော့ဘူး”

သူ ဒုတိယမို့ ‘ဩော်’ ရပြန်သည်။

“ကိုင်းဆက်တာက သရက်မှမဟုတ်ဘူး . . . လိမ္မော်လည်း ဒီလိုပဲ . . . လိမ္မော်ပင်ကို တိုက်ရိုက်စိုက်ရင် အပင်ကြီးထွားမှုနှုန်း နည်းနည်းနှေးသလို အသီးသီးဖို့စောင့်ရတာလည်း ကြာတယ် . . . ဒီတော့ ရှောက်သီးပင်ကိုစိုက်ပြီး လိမ္မော်ပင်ကိုင်းကို ဆက်ကြတယ် . . . အဲဒီလို ကိုင်းဆက်ပင်တွေ အသီးအပွင့်စတဲ့နှစ်မှာ သရက်ပင်လိုပဲ အသီးပေးမသီးဘူး . . . အဲဒီလို တစ်နှစ်အသီးပေး မသီးတဲ့အတွက် အပင်ကကြီးထွားမှုနှုန်းမြန်တယ် . . . ”

ကိုဟိန်း၏စကားကို သူ ခေါင်းညိတ်ဖြစ်ရင်း ‘ဒီလိုကိုး’ ဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးမိသည်။

စောစောက သူ့ကိုပြုံးစိစိဖြင့်ကြည့်နေကြသော အလုပ်သမဘလေးများနှင့် သူ့ကိုအကြောင်းရိုက်သော သူမကို သူ ဘုမသိ ဘမသိ အော်ဖြစ်ခဲ့တာကို တွေးမိရင်း မျက်နှာပူသွားမိသည်။

"မနက်စာ ပြင်ပြီးပြီ ..."

အိမ်ထဲမှ လှမ်းအော်လာသော သူမ၏ အသံအဆုံးမှာ ကိုဟိန်းက ...

"လာ ... ညီလေး ...."

ဟု ခေါ်သည်မို့ သူ ထရပ်ကာ ကိုဟိန်းနောက်ကို လိုက်ခဲ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်မှာမို့ နံနက်စာကို ရှမ်းခေါက်ဆွဲ (သို့မဟုတ်) တို့ဟူးနွေးဖြစ်မည်ဟု ထင်ထားသော်လည်း စားပွဲပေါ်မှာရှိနေသည် ထမင်းကြော်သာ ဖြစ်သည်။

"နောက်ရက်တွေကျတော့မှ ဈေးထဲမှာ ရှမ်းခေါက်ဆွဲတို့၊ တို့ဟူးနွေးတို့ လိုက်ကျွေးတော့မယ် . . ."

ကိုဟိန်းက သူ့စိတ်ကို သိနေသည့်အလား ဆိုလာသည်မို့ သူ 'ဟုတ်ကဲ့' ဟု ဆိုဖြစ်သည်။

"ဒါက ဂျုံပဲပုပ်အစပ်ကြော်၊ ဒါက တို့ဟူးနှစ်ပြန်ကြော် . . ဒါက လက်ဖက်ချဉ်စပ် . . . ဒါနဲ့ ငရုတ်သီးရော စားရဲ့လား . . ."

ကိုဟိန်းက စားပွဲပေါ်မှဟင်းကြော်တို့ကို တစ်မျိုးစီရွှတ်ပြ က မေးသည်။

"သိပ်စပ်ရင်တော့ မစားနိုင်ဘူး အစ်ကို . . ."

"ဟုတ်လား . . . ဒါတွေက သိပ်တော့ မစပ်ပါဘူး . . . . . . စား . . ."

ပြောပြောဆိုဆိုပင် ကိုဟိန်းက သူ့ပန်းကန်ထဲ ဟင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘော်ထည့်ပေးသည်။ သူမကို လှမ်းကြည့်တော့ သူမက သူ့ကိုရှိသည်
ဟုပင် မထင်သလိုမျိုး ထမင်းကြော်ကိုသာ မဲ၍စားကာနေသည်။

ဘာရယ်တော့မဟုတ်။ နံနက်စာကို ပဲပြုတ်ထမင်းကြော်ဖြ
စားလေ့ရှိသော ဖေဖေ့ကိုရော၊ ဖေဖေ့အကြိုက်ကို အမြဲစီမံပေးတတ်
သော မေမေ့ကိုပါ သတိရမိသည်။

မေမေတို့လည်း သူ့ကိုသတိရနေမည်ထင်သည်။ ဖေဖေ မ
ချိန်လောက်မှန်းပြီး မေမေ့ဆီ ဖုန်းဆက်ဦးမှဟု သူတွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး . . . ဧည့်သည်ကို ခြံထဲလိုက်ပြလိုက်ဦး . . ."

ထမင်းကြော် စားပြီးချိန်မှာ ကိုဟိန်းက အိမ်ထဲလှည့်ရင်း ညီမကို ဆိုသည်။

"ကိုဟိန်း . . . လိုက်ပြလိုက်လေ . . ."

ဟူသော သူမ၏အသံကို သူ ကြားလိုက်ရသည်မို့ ဘာရယ်မဟုတ် နည်းနည်းတော့ နင်သွားရသည်။

"မြေဩဇာ သွားယူရဦးမယ် လာ . . . ညီမလေးက အားနေတာပဲ . . . ဧည့်သည်ကို ခြံထဲမှာသေသေချာချာလိုက်ပြလိုက် . . ."

ကိုဟိန်း၏ စကားအဆုံးမှာ သူမ၏ အသံထွက်မလာတော့။

"ကဲ . . . အေးဆေးနားလိုက်ဦး . . . သူ ပန်းကန်တွေဆေးပြီးတာနဲ့ ညီလေးကို ခြံထဲလိုက်ပြလိမ့်မယ် . . . အစ်ကိုက မြေဩဇာ သွားယူစရာရှိလို့ သွားလိုက်ဦးမယ် . . ."

"ဟုတ်ကဲ့ . . ."

ကိုဟိန်း၏စကားကို သူ ခေါင်းညိတ်ပြဖြစ်သည်။ ကိုဟိန်းက အိမ်ရှေ့မှာရပ်ထားသော ထော်လာဂျီကိုမောင်းကာထွက်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



ကို သူ လိုက်ကြည့်နေဖြစ်သည်။

"လာလေ . . . ခြံထဲသွားရအောင် . . ."

ခဏာအကြာမှာ သူမက သူ့ကိုလှည့်ပင်မကြည့်ဘဲ 'လာလေ' ဟု ဆိုသည်။ အောင့်သက်သက်ဖြင့်ပင် သူ ထရပ်ဖြစ်သည်။

အိမ်က ကုန်းမြင့်မှာဆောက်ထားသည်မို့ မြေနိမ့်ပိုင်းမှာရှိသော ခြံဝင်းတစ်ခုလုံးကို အပေါ်စီးမှ မြင်နေရသည်။

"ဒီဘက်ခြမ်းကတော့ ဒီခြံကို အန်တီလေးတို့ ဝယ်ကတည်းကပါလာတဲ့ ထောပတ်သီးနဲ့မက်မန်းပင်တွေရှိတဲ့ အပိုင်းပေါ့ . . . ဟိုဘက်ကတော့ လိမ္မော်နဲ့သရက် . . . သူက စိုက်ထားတာ သုံးနှစ်ဝန်းကျင်ပဲရှိသေးတယ် . . . အဲဒီဘက်ကိုတော့ လိုက်မပြတော့ပါဘူး"

သူမ၏စကားကြောင့် . . .

"ဘာဖြစ်လို့လဲ . . ."

ဟု သူမေးဖြစ်သည်။

"ရှင် နှလုံးရောဂါရနေမှာစိုးလို့ . . ."

"ဘာကိစ္စ ငါက နှလုံးရောဂါရရမှာတုံး . . ."

သူမ၏ ပြုံးစိစိအဆိုကို သူပြန်မေးဖြစ်သည်။

"ဘာဖြစ်ရမှာလဲ . . အခုလောက်ဆို အလုပ်သမားတွေက သရက်ပွင့်နေတဲ့ကိုင်းတွေကို ညှပ်နေလောက်ပြီလေ . . . အဲဒါကိုကြည့်ပြီး ရှင် နှလုံးခုန်တွေ ဘာတွေ ရပ်သွားမှာစိုးလို့ . . . စောစောတုန်းကလို မျက်လုံးကြီးပြူးပြီးတော့လေ . . ."

"ဘယ်တုန်းက မျက်လုံးပြူးလို့လဲ . . . မပြူးမိပါလား . ."

သူ ခေါင်းကိုကုတ်ရင်း ငြင်းဖြစ်သည်။

"ရှင်က တော်တော်သတိမကောင်းတဲ့လူပဲ . . . ရှင် အိမ်ထဲက ထွက်လာခါစက ကျွန်မက အလုပ်သမားတွေကို သရက်ပွင့်ပွင့်နေတဲ့ကိုင်းတွေကို ညှပ်ခိုင်းတုန်းကလေ . . . ရှင်ပဲ မျက်လုံးပြူးကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သရက်သီးလိုချင်လို့စိုက်တာ . . . ဘာညာနဲ့ ပြောခဲ့တာလေ . . . မမှတ်မိတော့ဘူးလား . . ."

သူမက ပြုံးစိစိနှင့်ပင် ခပ်သွက်သွက်ဆိုလာသည်မို့ သူ ရှက်အမ်းအမ်းဖြင့် 'အဟဲ . . ' ဟု ရှက်ရယ်ရယ်ဖြစ်သည်။ သူမကတော့ ရယ်ကျဲကျဲလုပ်သောသူ့ကို မျက်စောင်းတစ်ချက်ထိုးပြီး 'မုန်းစရာကြီး' ဟု မကြားတကြား ရေရွတ်သည်။ ပြီး . . . .

"စိတ်ခိုင်ခိုင်ထားနော် . . သရက်ပွင့်တွေညှပ်တဲ့နေရာ သွားတော့မယ် . . . ရှူဆေးဘူးလေး ဘာလေး ဆောင်ချင်ဆောင်ခဲ့"

ဟု ရွတ်နောက်နောက်ဖြင့် ဆိုသည်။

"ရှူဆေးဘူးနဲ့တော့ မရလောက်ဘူး . . . မင်းသောက်နေကျ စိတ်ငြိမ်ဆေးယူခဲ့ပါလား . . . အဲဒါနဲ့မှ အဆင်ပြေမှာ . . ."

"ဘာ . . ."

"မင်းသောက်နေကျ စိတ်ငြိမ်ဆေးလေ . . ."

"ကျွန်မက ဘာဆေးမှမလိုဘူး . . . ရှင်ပဲ စိတ်ငြိမ်ဆေးသောက်ရမှာ ကိုဥစ္စာရူးရဲ့ . . ."

ပြောပြီး ဘောက်ဆတ် ဘောက်ဆတ်ဖြင့် သူမက ရှေ့မှသွားသည်။ ဘာရယ်တော့မဟုတ်။ ဟက်ခနဲ သူ ရယ်ဖြစ်သည်။ သစ်ပင်တွေအကြောင်းသာမက ကောင်မလေးတစ်ယောက်အကြောင်းကိုပါ သူ လေ့လာရတော့မည်ထင်သည်။ သရက်ပွင့်များကို နှမြောကာ ဘုမသိ၊ ဘမသိဆိုဖြစ်သော သူ့စကားကြောင့် နေရင်းထိုင်ရင်းနှင့် သူမ၏အမြင်မှာ သူသည် ဥစ္စာရူးဖြစ်မှန်းမသိ ဖြစ်တာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

It is easier to make a hundred
watches agree than ten women.

Polish Proverb

မိန်းမ ဆယ်ယောက်၏ သဘောတူညီမှုရအောင်
လုပ်ခြင်းထက် ပိုမိုလွယ်ကူသည်က
နာရီအလုံးပေါင်းတစ်ရာ တိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှစာအုပ်ထဲရှိ စကားပုံကိုကြည့်ရင်း သူ ပြုံးဖြစ်သည်။ နေ့လယ်ခင်းတုန်းက ခြံထဲဆင်းစဉ် သူမနှင့်သူ ငြင်းခုန်ဖြစ်ခဲ့သည်ကို ပြန်၍အမှတ်ရသည်။

နေ့လယ်ခင်းတုန်းက . . .

www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်ခင်းမို့နေပူနေသော်လည်း ရှမ်းပြည်နယ်၏ဆောင်းနေသည် ပူနွေးရုံသာရှိသည်။ ရန်ကုန်နေလို ပူပြင်းမှုမရှိ။

သရက်ပင်များ၊ မက်မန်းပင်များနှင့်ထောပတ်ပင်များကို ဝေတ်ကြည့်ပြီး အပြန်မှာသူမက ဒညင်းပင်များကိုပြရင်း . . .

"ဒါ . . . ဒညင်းပင်လေ . . . ကျွန် ဒညင်းပင်ကိုမြင်ရင် အင်္ဂလိပ်တွေရဲ့အသုံးမကျပုံတချို့ကို ဒေါသထွက်တယ် . . ."

'အဆန်းပါလား' ဟု သူတွေးဖြစ်သည်။

"ဘာဖြစ်လို့လဲ . . ."

သူ သူမကို လှည့်ကြည့်ရင်း မေးဖြစ်သည်။

"ဘာဖြစ်ရမှာလဲ . . . ဒညင်းသီးကို Lady's Biscuit လို့ ခေါ်တယ်လေ . . . Lady's Biscuti ကို တိုက်ရိုက်ဘာသာပြန်တော့ အမျိုးသမီးများ၏ ဘီစကစ်လို့ အဓိပ္ပါယ်ရတယ်လေ . . . တကယ်တော့ ဒညင်းသီးကို ယောကျ်ားတွေလည်း စားတာပဲ . . . တကယ်ဆို အဲဒီလိုကြီး နာမည်ပေးဖို့မကောင်းဘူးပေါ့ . . . နောက်ပြီး ရုံးပတီသီးကျတော့ Lady's Finger တဲ့ . . . အမျိုးသမီးများရဲ့လက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . ရုံးပတီသီးစားရင် အဲဒီနာမည်ကို သွားသတိရပြီး ဆက်မစားချင်တော့ဘူး . . . သူများလက်ချောင်းတွေ ကိုက်စားနေရသလိုကြီး ခံစားနေရလို့ . . .”

သူမ၏ စကားအဆုံးမှာ သူ ရယ်ဖြစ်သည်။

“ဘာရယ်တာလဲ . . ,”

“မင်း စဉ်းစားပုံက ကြောင်တောင်တောင် ရယ်စရာကြီးဖြစ်နေတယ်လေ . . . အစွန်းရောက်နေတယ်လို့ ကိုယ့်ကိုယ်ကိုယ် မထင်မိဘူးလား . . .”

“ဘာကိစ္စထင်ရမှာလဲ . . . သူတို့နာမည်ပေးပုံကမှ အသုံးမကျတာ . . .”

သူမက ချက်ချင်းတုံ့ပြန်သည်။

“ကိုယ့်သဘောထားနဲ့ မတိုက်ဆိုင်တာနဲ့ပဲ အသုံးမကျဘူးလို့ပြောရင် ကိုယ့်ရဲ့သဘောထားသေးသိမ်မှုကို ပြသလိုဖြစ်မသွားဘူးလား . . .”

သူ့စကားအဆုံးမှာ သူမက နှုတ်ခမ်းကိုတင်းတင်းစေ့သည်။

“ကြိုက်သလို ယူဆနိုင်တယ် . . . သဘောထားကြီးတယ်ဆိုတာ သူ့နေရာနဲ့သူရှိတယ် . . ဒီဝေါဟာရတွေကိုပေးခဲ့တာ ယောကျ်ားတွေပဲ ဖြစ်မယ် . . . သူတို့နဲ့ပတ်သက်တာတွေကျတော့ လှတဲ့နာမည်တွေချည်းပဲ . . . ဥပမာ ယောကျ်ားတွေရဲ့လည်စေ့ကို Adam's Apples တဲ့ . . . အာဒမ်ရဲ့ပန်းသီးပေါ့ . . . ဘုရားသခင်က မစားဖို့ပညတ်ထားတာကို အာဒမ်က ခိုးစားတော့ ပထမဆုံးကိုက်ပြီး မျိုချလိုက်တာ လည်ပင်းမှာခံပြီး နင်သွားတာလေ . . . တကယ်ဆို တခြားမလှမပနာမည်ပေးလို့ရရဲ့သားနဲ့ . . မပေးဘူး . . . သူတို့ယောကျ်ားတွေနဲ့ပတ်သက်တာကျတော့ လှတဲ့နာမည်မှပေးတယ် . . .”

ကြောင်တောင်တောင် တွေးတတ်သော သူမကို သူ ရယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ သူမကတော့ စကားကိုဆက်သည်။

"တကယ်တော့ ယောကျ်ားတွေက ကောင်းကိုမကောင်းကြ ဘာပါ . . တစ်ကိုယ်ကောင်းသမားတွေ . . . တကယ်ဆို အာဒမ်က အဲဒီတုန်းက ပန်းသီးနင်ပြီးကိစ္စပြတ်သွားရမှာ . . . အဲဒါဆို ဧဝတစ်ယောက်တည်း နားအေးပါးအေးပဲနေမှာ . . . အခုတော့ သူ ဆက်ဆော့တာနဲ့ လူတွေ ခေတ်အဆက်ဆက် အလုပ်ရှုပ်နေရတယ် . . ."

ဆရာမကြီးအထာဖြင့်ဆိုသော သူမ၏စကားကြောင့် သူ အတက်ခနဲရယ်ဖြစ်သည်။ ထုံးစံအတိုင်း သူမက 'ဘာရယ်တာလဲ' ဟု ခပ်ဆတ်ဆတ် မေးသည်။

"မင်းရဲ့တွေးထောင့်၊ ရှုထောင့်တွေကို သဘောကျလို့ပါ . . . တော်တော်လေးကို ခွကျကျတွေးတတ်တာပဲ . . . ဒါနဲ့ယောကျ်ားတွေ မကောင်းဘူးလို့ ဘာဖြစ်လို့ ဝါးလုံးသိမ်းပြီး ပြောရတာတုံး . . . တော့ ရည်းစားက ထားခဲ့လို့နဲ့တူတယ် . . ."

သူ၏စကားကြောင့် သူမက . . .

"ဘယ်က ရည်းစားကထားခဲ့ရမှာတုံး . . . ရည်းစားကို မထားတာ . . . ယောကျ်ားတွေကို အထင်မကြီးလို့ . . ."

ဟု ချက်ချင်းတုံ့ပြန်သည်။

"အထင်ကြီးစရာကောင်းတဲ့ယောကျ်ားလေးတွေနဲ့ မတွေ့သေးတာလည်း ဖြစ်မှာပေါ့ . . ."

"မတွေ့တာမဟုတ်ဘူး . . . တွေ့စရာအကြောင်းကို မရှိတာ . . . ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေကိုက ထက်ထက်မြက်မြက် မရှိကြဘူး . . . ကွမ်းစား၊ ဆေးလိပ်သောက်၊ အရက်သောက်၊ ရည်းစားထား၊ မိန်းမယူ . . . ဒီအကွက်တွေထဲမှာပဲ ကျင်လည်နေကြတာ . . . တချို့ဆို အရက်မူးပြီး ဆင်ဝင်ကို ကားနဲ့ဝင်တိုက်တယ်ဆိုလား . . . ဘာဆိုလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက် . . ."

တု သူ အံ့အားသင့်သွားရသည်။ သူ့ကိစ္စတွေကိုပါ သူမ သိနေပါလားဟု။

ကြည့်ရသည်မှာ ဒေါ်ငလေးဖုန်းဆက်၍ပြောထားဟန်တူ သည်။ လူ့ကို ငယ်ကျိုးငယ်နာတွေဖော်ကာ နှိပ်ကွပ်နေသည်။ အနာ ပေါ်တုတ်ကျသည်မို့ နည်းနည်းတော့ တင်းသွားမိသည်။ နည်းနည်း တော့ ပြန်နှိပ်ကွပ်မှဖြစ်မည်ဟု တွေးဖြစ်သည်။ ထို့ကြောင့် . . .

"မင်းကိုကြည့်ရတာ . . . ဝါးလုံးရှည်နဲ့သိမ်းပြီး ရမ်းတတ်ပုံ ရတယ် . . . ယောကျ်ားတိုင်းက မင်းထင်သလိုတွေချည်းမဟုတ်ဘူး . . . တော်တဲ့ထက်တဲ့လူတွေလည်း တစ်ပုံကြီးပဲ . . ."

ဟု ဆိုဖြစ်သည်။

"ဟုတ်ပါတယ် . . ဟိုတုန်းကပေါ့လေ . . . ဟိုတုန်းကတော့ ထက်မြက်တဲ့လူတွေ အများကြီးရှိတာပေါ့ . . . အခုတော့ မရှိသ လောက်ကို ရှားသွားပါပြီရှင် . . . တချို့များဆို အသုံးမကျလို့ အိမ် ပေါ်ကတောင် နှင်ချခံရတယ်ဆိုလား . . . ဘာဆိုလား . . ."

ရယ်ကျဲကျဲဖြင့်ဆိုပြီး ဆတ်ခနဲ သူမ ခပ်သုတ်သုတ် အိမ်ထဲ ဝင်သွားသည်မို့ သူ ဘာမှပြန်မပြောလိုက်ရ။ အောင့်သက်သက်ဖြင့် သာ ကျန်ခဲ့ရသည်။

ဘာရယ်မဟုတ် စိတ်ထဲမှာတော့ 'တွေ့ဦးမယ်' ဟု တေး ထားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

Women are saints in church,

angels in the street, devils in the kitchen,

and apes in bed.

English Proverb

မိန်းမများသည် ဝတ်ပြုကျောင်းတွင် သူတော်စင်များဖြစ်၏။

လမ်းပေါ်တွင် နတ်သမီးများ ဖြစ်ကြ၏။

မီးဖိုချောင်ထဲတွင် မကောင်းဆိုးဝါးများ ဖြစ်ကြ၏။

အိပ်ရာထဲတွင်မူ လူဝံများဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၆

ဖတ်လက်စစာအုပ်ထဲမှ စကားပုံကိုဖတ်ကြည့်ရင်း သူ ပြုံးမိသည်။ ယောက်ျားတွေကို ဘာကြောင့်မှန်းမသိ အကောင်းမမြင်သော သူမကို စရန်ကိုလည်း တစ်လက်စတည်း တွေးမိသည်။

အိမ်ထဲမှထွက်လိုက်တော့ ဆိုင်ကယ်ကိုခွကာ မြို့ထဲသွားရန်ပြင်နေပုံရသော သူမကို အခန့်သင့်ပင် တွေ့လိုက်ရသည်။

"ဟေ့ . . ."

နာမည်မခေါ်ချင်သည်မို့ 'ဟေ့' ဟုသာ သူ ခေါ်ဖြစ်သည်။

"ဘာလဲ . . ."

သူမကလည်း သူ့ကို ခပ်ဆတ်ဆတ်ပင်ပြန်၍ 'ဘာလဲ' ဟု ပြန်ပြောသည်။

"မြို့ထဲလား . . ."

"ဟုတ်တယ် . . ."

"ဟို . . . ဒီစာမျက်နှာလေး မိတ္တူဆွဲချင်လို့ ဆွဲလာခဲ့မလား . . ."

စာအုပ်ကိုလှမ်းကာ မဖတ်ဖတ်အောင် သူပြောသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကလောမြို့နှင့်အနီးတစ်ဝိုက်တွင် ချစ်မည်

သူမ လှမ်း၍ပင်မကြည့်။

"ဘယ်စာမျက်နှာကို . . . ဘယ်နှစောင်ဆွဲရမယ်ဆိုတာသာ ပြော"

ဟု ခပ်တိုတိုပင်ဆိုသည်။

"အင်း . . . စာမျက်နှာက (. . .) ငါးရွက်ပဲ ကူးခဲ့ရင်ရပြီ"

အိတ်ကပ်ထဲမှ တစ်ထောင်တန်ကို စာအုပ်နှင့်အတူပေးဖြစ်သည်။

သူမက စာအုပ်ကိုယူပြီး တစ်ထောင်တန်ကိုမူ သူ့အိတ်ကပ်ထဲ ခပ်ဆောင့်ဆောင့်ပင် လှမ်းထည့်ရင်း . . .

"မိတ္တူလေး ငါးရွက်ဆွဲမှာကို တစ်ထောင်တန်ပေးတယ် . . . ဘုတ်လား . . . ပေးလိုက်ပါတော့လား . . . ငါးထောင်တန် . . ."

မျက်စောင်းနီဖြင့်ကြည့်ရင်း ဆိုလာသောစကားကြောင့် သူ ရယ်ကျဲကျဲနှင့်ပင် . . .

"ဒါဖြင့် စိုက်ခဲ့ပေးနော် . . . ထီပေါက်ရင် ပြန်ပေးမယ်"

ဟု ဆိုဖြစ်သည်။

"ဒီလိုပဲ လုပ်စားနေတာ မဟုတ်လား . . ."

ဟု ခပ်ဆောင့်ဆောင့်ဆိုရင်း ဆိုင်ကယ်ကို ဝူးခနဲမောင်း ထွက်ကာသွားသော သူမကို လိုက်ကြည့်ရင်း ပြုံးဖြစ်သည်။

စာအုပ်ထဲမှ စကားပုံကို ဖတ်မိလျှင်ဖြင့် သူမတစ်ယောက် ဒေါ်အကန်ကြီးကန်နေမှာကို သူ မြင်ယောင်မိရင်း ဟက်ခနဲရယ်ဖြစ် သည်။

သိပ်ကြာကြာတော့ မစောင့်လိုက်ရ။ အခန်းထဲမှာ ချိတ်ကာ ထားသော ဂစ်တာကိုယူကာ သီချင်းညည်းနေတုန်း သူမ ရောက်ချ လာသည်။

ဆိုင်ကယ်ဦးထုပ်ကို ခပ်ကြမ်းကြမ်းချွတ်ကာ ဝရန်တာမှာ

www.burmeseclassic.com



ဂစ်တာတီးနေသော သူ့ဆီ ခပ်သုတ်သုတ်လျှောက်လာကတည်းက သူမ၏ ဒေါသကို တစ်စွန်းတစ်စ သူ မြင်နေရသည်။

"ရော့ . . ."

ခပ်ဆောင့်ဆောင့်ထိုးပေးသောစာအုပ်ကြားထဲ၌ ညှပ်ထားသည့် မိတ္တူစာရွက်တို့ကိုကြည့်ရင်း သူ ပြုံးမိသည်။

"ဘာပြုံးတာလဲ . . ."

ခပ်ဆတ်ဆတ်မေးလာသော သူမ၏အမေးကို သူ ပြန်မဖြေဖြစ်။ စာအုပ်ကို ရှေ့မှစားပွဲပေါ် တင်ဖြစ်သည်။ ပြီးမှ . . .

"မင်းက. တော်တော်စပ်စုတာပဲကွ . . . ပြုံးတာတောင်မှပဲ လွတ်လွတ်လပ်လပ် မပြုံးရတော့ဘူးလား . . . ပြုံးတာတောင်မှ မင်းဆီက ခွင့်ပြုချက်ယူနေရဦးမှာလား . . ."

ခပ်ရွဲ့ရွဲ့ဆိုသော သူ့စကားကို သူမ ပြန်၍မတုံ့ပြန်ပါ။ မျက်စောင်းကြီးထိုးကာ ချာခနဲလှည့်ထွက်ကာသွားသည်။

ပါးစပ်ကလည်း ရွတ်သွားလိုက်သေးသည်။ ထုံးစံအတိုင်း 'မုန်းစရာကြီး' ဟူ၍။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဈေးနေ့လေ . . . မြို့ထဲမှာနေ့မယ့်အစား ရွှန်းနဲ့ဈေးထဲလိုက်သွားပါလား . . ."

"ဈေးနေ့ . . ."

ရန်ကုန်သားမို့ 'ဈေးနေ့' ဆိုသော ဝေါဟာရကို သူ နားမလည်။ ထို့ကြောင့် သံယောင်လိုက်ကာ 'ဈေးနေ့' ဟု လိုက်ရေရွတ်မိသည်။

"ဆောရီးကွာ . . . ညီလေးက ဈေးနေ့ဆိုတာကို နားလည်မှာမဟုတ်ဘူး . . . ဒီလိုကွ . . . ဈေးနေ့ဆိုတာက ဈေးရောင်းဈေးဝယ်တွေ ဆုံကြတဲ့နေ့ကို ခေါ်တာ . . . အဲဒီလိုရက်ကို ငါးရက်တစ်ခါ သတ်မှတ်ထားတယ် . . . ငါးရက်မှာ ဈေးနေ့တစ်ရက် . . . အဲဒီလို မျိုး . . ."

"စနေတွေ၊ တနင်္ဂနွေတွေနဲ့ မဆိုင်ဘူးပေါ့ . . ."

သူ၏အမေးကို ကိုဟိန်းက ခေါင်းခါပြသည်။

"မဆိုင်ဘူး . . . ဥပမာကွာ . . . ဒီနေ့က ပင်းတယဈေးနေ့ . . . နောက် ငါးရက်မြောက်နေ့ကျရင်လည်း ပင်းတယဈေးနေ့ . . .



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ငါးရက်မြောက်နေ့ကျရင်လည်း ပင်းတယဈေးနေ့ . . . အဲဒီလိုမျိုး သူက တနင်္လာ၊ အင်္ဂါတွေနဲ့မဆိုင်တော့ဘူး . . . ဒီအနီးအနားတစ်ဝိုက်ကဈေးတွေကိုဥပြာပြရရင် ပင်းတယဈေးနေ့ ပြီးနောက်တစ်နေ့က ဟဲဟိုးဈေးနေ့၊ နောက် ဒုတိယမြောက်နေ့က အောင်ပန်းဈေးနေ့၊ နောက်ရက်မှာ ပွေးလှဈေးနေ့၊ နောက် စတုတ္ထမြောက်နေ့ကျတော့ ကလောဈေး . . . ငါးရက်မြောက် . . . အဲ . . . ပဉ္စမမြောက်ရက်ကျတော့ ပင်းတယဈေးနေ့ ပြန်ရောက်လာတယ်"

ကိုဟိန်း ရှင်းပြသောစကားကြောင့် 'ဈေးနေ့' ဆိုသောနေ့ကို နားလည်သလိုလို ရှိလာသည်။

"ဈေးနေ့ဆိုတာနဲ့ ရောင်းတဲ့လူတွေကလည်း ဈေးရှိရာကို လာကြ၊ ဝယ်တဲ့လူတွေကလည်း ဈေးကိုလာကြနဲ့ . . . ရောင်းသူနဲ့ ဝယ်သူ ချိန်းထားကြသလို ဆုံကြတဲ့နေ့ပေါ့ . . . ဈေးနေ့မဟုတ်တဲ့ ကြားရက်တွေမှာ ဈေးသည်တွေရှိတယ်ဆိုပေမယ့်လည်း ဈေးနေ့လောက်တော့ ဈေးသည်မစုံတော့ဘူး . . . အထူးသဖြင့် ဟင်းသီးဟင်းရွက်သည်တွေပေါ့ . . ."

ကိုဟိန်းစကားအဆုံးမှာ သူ ခေါင်းကို တဆတ်ဆတ်ညိတ်ဖြစ်သည်။

"ဈေးနေ့မှာ တိုက်တဲ့ဈေးတွေကလည်း ရှိသေးတယ် . . . ဥပမာ ပင်းတယဈေးနေ့က ညောင်ရွှေမြို့မှာလည်း ဈေးနေ့ပဲ . . . အဲဒီတစ်နေ့တည်းမှာပဲ ဟိုပုန်းဈေး . . . ဆီဆိုင်ဈေး . . . ရပ်စောက်ဈေးနေ့တွေရှိတယ် . . . နောက်ရက်ကျတော့ ဟဲဟိုးဈေး . . . အဲဒီဈေးနေ့မှာလည်းပဲ ရွာငံမြို့နဲ့ဆိုက်ခေါင်တို့မှာလည်း ဈေးနေ့ရှိတယ် . . . အောင်ပန်းဈေးနေ့နဲ့ တောင်ကြီးဈေး . . . အင်းလေးက ရွာမရေပေါ်ဈေးနေ့က တစ်ရက်တည်းပဲ . . . နောက်ရက် ပွေးလှဈေးနေ့ကလည်း မိုင်းသောက်ဆိုတဲ့ အင်းလေးကဈေး၊ အင်းလေးဖောင်တော်



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

### ချစ်မည်

ဦးဘုရားဈေးနေ့က တစ်ရက်တည်းပဲ . . . ကလောဈေးနေ့ကျတော့လည်း ရွှေညောင်ဈေးတို့၊ ခေါင်တိုင်ဈေးတို့၊ ဖယ်ခုံမြို့ဈေးနေ့တို့နဲ့ တစ်ရက်တည်းပဲ . . .”

ကိုဟိန်းက လက်တွေချိုးပြရင်းက ဆိုသည်။

“ဒါဖြင့် . . . ဒီနေ့က ပင်းတယဈေးနေ့ဖြစ်သလို ဟိုပွန်းတို့၊ ရပ်စောက်တို့၊ ညောင်ရွှေတို့မှာလည်း ဈေးနေ့တွေပဲပေါ့ . . .”

သူ၏အမေးကို ရွှန်းက . . ‘ဒါပေါ့’ ဟု ဆရာမကြီးလေသံမြင့် ဝင်၍ဆိုသည်။

“ဒီနေ့က ပင်းတယဈေးနေ့ . . . ပင်းတယဈေးနေ့ပြီး နောက်ရက်က ဟဲဟိုးဈေးနေ့ပဲ . . . အဲဒီနေ့မှာကိုပဲ ရှာင်တို့၊ ဆိုက်ခေါင်တို့မှာလည်း ဈေးနေ့ရှိတယ် . . . အဲဒီလိုပဲ ဈေးနေ့တွေက ငါးရက်တစ်ခါ ရောက်ရောက်လာတယ် . . .”

ကိုဟိန်း၏စကားအဆုံးမှာ သူ ကောင်းကောင်းကြီးသဘောပေါက်သွားသည်။

“ရန်ကုန်မှာနဲ့မတူတဲ့ ရိုးရာဓလေ့တွေ မြင်ချင်ရင်တော့ လိုက်သာသွား . . ထူးခြားတာတွေ မြင်ရ၊ တွေ့ရလိမ့်မယ် . . မနက်စာတို ဈေးမှာပဲ စားလိုက် . . .”

“အစ်ကိုကော မလိုက်ဘူးလား . . .”

သူ့အမေးကို ကိုဟိန်းက ခေါင်းခါပြသည်။

“အစ်ကိုက ဒီမှာလုပ်စရာအလုပ်လေးတွေ ရှိသေးတယ် . . . ညီမလေးနဲ့သာ လိုက်သွား . . . သူက ဈေးဝယ်တာကျွမ်းတယ်”

ကိုဟိန်း၏စကားအဆုံးမှာ သူမကို သူ လှမ်းကြည့်ဖြစ်သည်။ သူမကတော့ သူ့ကို ရှိသည်ဟုပင် ထင်ပုံမရ။ ဈေးခြင်းတောင်းငယ်စားပွဲပေါ်တင်ရင်း ကျန်လက်တစ်ဖက်မှာ ကိုင်ထားသော ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတချို့ကိုထုတ်ကာ ရေတွက်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

သူ့ကိုပင် လှည့်မကြည့်ဘဲ 'လိုက်မှာလား' ဟု ဝတ်ကျေတန်းကျေ လှမ်းမေးသည်။ 'လိုက်မယ်လေ' ဟု သူ ဆိုဖြစ်သည်။

"လာလေ . . . ကားပေါ်တက် . . . ရှင်ဆိုင်ကယ်မမောင်းတတ်ဘူး မဟုတ်လား . . . "

သူမက ပြောပြောဆိုဆိုဖြင့် ခြင်းတောင်းကိုဆွဲကာ ကားတံခါးကိုဖွင့်ရင်း ဆိုသည်။

"ဆိုင်ကယ်တော့မမောင်းတတ်ဘူး . . . ကားတော့ မောင်းတတ်ပါတယ် . . . မောင်းပေးရမလား . . . "

သူ့အမေးကို သူမက ခေါင်းခါပြရင်း ပြုံးစိစိလုပ်သည်။

"ကျွန်မက သူများမောင်းတဲ့ကား မစီးရဲဘူး . . ကားမောင်းတဲ့လူက မကျွမ်းကျင်ဘဲနဲ့ ဟိုဝင်တိုက်၊ ဒီဝင်တိုက်တွေ ဖြစ်နေမှာစိုးလို့ . . . ဥပမာ- ဆင်ဝင်တို့၊ ဘာတို့ပေါ့ . . . "

အနှောင့်အသွားမလွတ်သော သူမ၏စကားကြောင့် သူ ရောယောင်ပြီး ရှက်အမ်းအမ်းဖြင့် ရယ်ဖြစ်သည်။

"ရောက်တုန်းရောက်ခိုက် ဆိုင်ကယ်စီးလေးဘာလေး သင်ထားပေါ့ . . . ကိုဟိန်းအားတဲ့အချိန်ကိုဖမ်းပြီးတော့ . . . "

ပြောပြီး သူမက ကားကိုကျင်လည်စွာ မောင်းထွက်လာသည်။ လမ်းတစ်လျှောက်လုံး ဈေးသည်၊ ဈေးဝယ်များက မြို့လယ်ခေါင်ရှိ ဈေးရှိရာဆီ ဦးတည်သွားနေကြသည်။

မြင်းလှည်းများ၊ ထွေလာဂျီများဖြင့် ဈေးသွားသူများရှိသလို အချို့က ဆိုင်ကယ်၊ အချို့က စက်ဘီး၊ အချို့ကျ ခြေလျင် ဈေးရှိရာဆီ သွားနေကြသည်။

"ဒီ ပင်းတယဈေးနေ့ဆိုရင် ဟဲဟိုးတို့၊ အောင်ပန်းတို့၊ ကလောတို့က ဈေးသည်တွေလည်း ဒီပင်းတယဈေးကို ဈေးရောင်း

www.burmeseclassic.com



လာကြတယ် . . . နောက် သူတို့ဈေးနေ့တွေကျတော့လည်း ဒီကဈေးသည်တွေက သူတို့မြို့ဈေးနေ့တွေအလိုက် သွားရောင်းကြတယ် . . . သူတို့လာရောင်းကြတာကတော့ ကုန်ခြောက်၊ ကုန်စုံနဲ့ အဝတ်အထည်တွေပေါ့ . . . ဒီကနေ သူတို့ဆီကိုတော့ ဟင်းသီးဟင်းရွက်နဲ့ ဘုရားပန်းမျိုးစုံတို့ . . ဂျုံပဲပုတ်တို့လို ဟာမျိုးတွေ . . ."

သူမက ကားကိုကျင်လည်စွာမောင်းရင်းက ရှင်းပြသည်။ ဈေးဆီရောက်ချိန်မှာတော့ နံနက်ရှစ်နာရီပင် မထိုးသေး။ သို့သော် ဈေးမှာတော့ ဈေးသည်၊ ဈေးဝယ်များဖြင့် စည်ကားကာနေပြီဖြစ်သည်။

"Breakfast က ဘာစားချင်လဲ . . . ဒီမှာ ဒေသစာတွေထဲက ဆိုရင် ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေးနဲ့ ငါးထမင်းချဉ်တို့၊ ဝက်သားချဉ်တို့ အစုံရတယ် . . . အကြော်တို့၊ ကောက်ညှင်းပေါင်းတို့လည်း ရတယ် . . . ဒါမှမဟုတ် လက်ဖက်ရည်နဲ့ မုန့်စားချင်ရင်လည်း ဖြစ်တယ် . . ."

သူမက ဈေးခြင်းတောင်းကိုဆွဲကာ ကားပေါ်မှဆင်းရင်း ဆိုသည်။

"မထူးပါဘူး . . . ရှင့်ကို ဒီက တို့ဟူးနွေး စားဖူးအောင် လိုက်ကျွေးမယ် . . . ဒီက တို့ဟူးနွေး စားဖူးလား . . ."

"ဘာထူးခြားလို့လဲ . . ."

သူ၏ အမေးကို သူမက ချက်ချင်းပြန်၍မဖြေ။ အတော်လေးကြာတော့မှ . . .

"ဆိုင်ရောက်လို့စားကြည့်ရင် သိမယ်လေ . . ."

ပြောပြီး သူမကဦးဆောင်ကာ ဈေးထဲရှိဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်သည်။ ပြီး 'တို့ဟူးနွေး' နှစ်ပွဲမှာသည်။

သိပ်မကြာလိုက်ပဲ တို့ဟူးနွေး နှစ်ပွဲကို လာချပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့မှာရှိနေသော တို့ဟူးနွေးကိုကြည့်ပြီး ယင်းပန်းကန်ကို ဇွန်းဖြင့်မွှေကြည့်ဖြစ်သည်။

တို့ဟူးနွေးပန်းကန်ကိုဇွန်းဖြင့်မွှေကာ အံ့သြနေသော သူ့ကို ကြည့်ကာ သူမက ဟက်ခနဲရယ်သည်။

"ဘာလဲ . . . ရှမ်းခေါက်ဆွဲကို ရှာနေတာလား . ."

သူမ၏အမေးကို 'အင်း' ဟု သူခေါင်းညိတ်ရင်း ဖြေဖြစ်သည်။

"ဒီ ပင်းတယက တို့ဟူးနွေးက အဲဒီ့လိုပဲ တို့ဟူးနွေးစစ်စစ်ပဲရောင်းတာ . . . ရှမ်းခေါက်ဆွဲနဲ့ရောချင်ရင် တို့ဟူးနွေးလို့မှာရုံနဲ့မရဘူး . . . တို့ဟူးနွေးကို ရှမ်းခေါက်ဆွဲထည့်မယ်လို့ ပြောမှရတယ် . . . တို့ဟူးနွေးအနှစ်ကိုပဲ အရသာခံ စားချင်ရင်တော့ တို့ဟူးနွေးလို့ပဲမှာလိုက် . . . ဒီလို တို့ဟူးနွေးအနှစ်တွေချည်း ထည့်ပေးလိမ့်မယ်"

"သြော် . . ."

သူ အံ့အားသင့်စွာပင် 'သြော်' ဟု ဆိုဖြစ်သည်။ ဇွန်းဖြင့်ကော်ကာစားကြည့်တော့ တို့ဟူးနွေး၏ဆိမ့်သောအရသာကို ခံစားရသည်။ ရှမ်းခေါက်ဆွဲမပါသော်လည်း စား၍ကောင်းနေသည်ကား အမှန်။

"ရော့ . . . ဒါတွေနဲ့ တွဲစားရင်လိုက်ဖက်တယ် . . ."

သူမက သူ့ရှေ့ကို အာလူးကြွပ်ကြော်နှင့်ကောက်ညှင်းခွက်ကြော်တို့ကို ချပေးသည်။

တစ်ခါမှမစားဖူးသောပုံစံမို့ စားရသည်မှာ ထူးခြားကာနေသည်။ သူမက 'ဘယ်လိုလဲ' ဟူသောသဘောဖြင့် မျက်ခုံးပင့်ပြသည်။

"ကောင်းတယ် . . ."

သူ ခပ်တိုးတိုးဆိုရင်း လက်မထောင်ပြဖြစ်သည်။

"ငွေလုမရှင်းချင်ဘူးနော် . . . ကျွန်မ ရှင်းမယ် . . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

**ချစ်မည်**

သူမက ပိုက်ဆံအိတ်ကိုထုတ်ရင်း ဆိုသည်။

"နေပါ . . . ငါ ရှင်းလိုက်ပါ့မယ် . . ."

"ထပ်မပြောဘူး . . . ကျွန်မ ရှင်းမယ် . . ဒါပဲ"

'ဒါပဲ' ဆိုသော သူမ၏စကားအဆုံးမှာ သူ ပခုံးကိုတွန့်ဖြစ်သည်။

"လက်ဖက်ရည် သောက်ဦးမလား . . ."

"တော်ပြီ . . ."

ခေါင်းခါရင်း သူ 'တော်ပြီ' ဟု ဆိုဖြစ်သည်။


"ကဲ . . . လာ . . . ဈေးစသုံးကြတာပေါ့ . . ."


ပြောရင်းဆိုရင်းနှင့်ပင် သူမက လက်ထဲမှဈေးခြင်းကို သူ့ယက်ထဲသို့ထည့်သည်။ သဘောက သူမ ဈေးဝယ်သမျှကို နောက်က ခြင်းဆွဲလိုက်ရမည် ဆိုသည့်သဘော။

"ဟိုမှာချိန်နေတဲ့ချိန်ခွင် တွေ့လား . . . အဲဒါ 'စဉ်း' လို့ခေါ်တယ် . . . သူ့မှာ ချိန်ခွက်တစ်ဖက်ပဲ ပါတယ် . . ."

သူမ ပြသော 'စဉ်း' ဟုခေါ်သည့် ချိန်ခွင်ကို သူ အံ့အားတသင့်ပင်ကြည့်ဖြစ်သည်။ ၎င်းချိန်ခွင်၏ထူးခြားချက်မှာ ချိန်ခွက်တစ်ဖက်တည်းသာ ပါခြင်းဖြစ်သည်။

သူမက သူမ၏ပိုက်ဆံအိတ်ထဲမှ စာရွက်တစ်ရွက်နှင့် ဘောပင်ကိုထုတ်ကာ စာရွက်လွတ်ပေါ်မှာ ၎င်း 'စဉ်း' ဟုခေါ်သည့် ချိန်ခွင်ကို ပုံကြမ်းဆွဲပြသည်။





www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား . . . နံပါတ် (၁) က အဲဒါလက်ကိုင်တဲ့နေရာ . . . နံပါတ် (၂) က ချိန်ခွင်လျှာ . . . နံပါတ် (၃) က ချိန်ခွင်ချိတ်လို့ရတဲ့ချိတ်တွေပေါ့ . . . သူက (၂၅) ကျပ်သား၊ (၅၀) သားနဲ့ (၁) ပိဿာဆိုပြီးတော့ ချိတ်တွေပြောင်းချိတ်လိုက်ရုံပဲ . . . နံပါတ် (၄) ကတော့ ချိန်ခွက်ပေါ့ . . . ချိန်ခွက်ရဲ့ထိပ်မှာ ချိတ်လို့ရတဲ့ ချိတ်ပါတယ် . . . နံပါတ် (၅) ကကျတော့ ချိန်ခွင်လျှာကို တစ်ဖက်က ချိန်ခွက်နဲ့ ဝိတ်ထိန်းပေးတဲ့ သစ်သားဘောင်ပေါ့ . . ."

"အဲဒီ့ချိန်ခွင်ရဲ့အလေးချိန်ကရော မှန်ရဲ့လား . . ."

သူမ၏စကားအဆုံးမှာ ယင်းချိန်ခွင် (စဉ်း) ၏ ပုံကြမ်းစာရွက်ကိုယူကြည့်ရင်း သူ မေးဖြစ်သည်။

"များသောအားဖြင့်တော့ မှန်ပါတယ် . . . စဉ်း (ချိန်ခွင်) နဲ့ ငါးပိဿာချိန်ပြီးတော့ ကတ္တားနဲ့ပြန်ချိန်ကြည့်ရင် နည်းနည်းတောင် ပိုတတ်သေးတယ် . . . အလေးချိန်လျော့တဲ့စဉ်းလည်း ရှိချင်ရှိမှာပေါ့ . . ."

သူမ၏စကားကို သူ ခေါင်းညိတ်ဖြစ်သည်။

"မုန်လာထုပ် . . . ဘယ်လောက်လဲ . . ."

"နှစ်ရာ . . ."

သူမ၏အမေးကို ဈေးသည်က နှစ်ရာဟု ပြန်ဖြေသည်။ နှစ်ရာဆိုသော မုန်လာထုပ်ကိုကြည့်ပြီး သူ မျက်လုံးပြူးသွားရသည်။ မုန်လာထုပ်က နည်းနည်းနောနော မုန်လာထုပ်ကြီးမဟုတ်။ ဘတ်စကတ်ဘောဘော်လုံးထက်ပင် ကြီးချင်ချင်ကြီးပင်ဖြစ်သည်။ ရန်ကုန်မှာဆိုလျှင်တော့ တစ်ထောင်ကျော်မျှပေးရမည် ထင်သည်။

"ဒီအသေးက တစ်ထုပ် ငါးဆယ် . . ."

ဈေးသည်ပြသော ငါးဆယ်ဆိုသည့် မုန်လာထုပ်က ရန်ကုန်မှာဆို သုံးရာခန့်တော့ ပေးရမည်ထင်သည်။ မေမေနှင့်အညီ ဈေး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းလိုက်ဆွဲပေးဖူးသည်မို့ တော်တန်ရုံမီးဖိုချောင်သုံးပစ္စည်းကစလို့ ဟင်းသီးဟင်းရွက်ဈေးနှုန်းအဆုံး နည်းနည်းပါးပါးတော့ သူ သိသည်။

"ဈေးတော်တော်ချိုတာပဲ . . . ရန်ကုန်မှာဆို အနည်းဆုံး ငါးဆလောက်ပိုပေးရမယ် . . ."

သူ့စကားကြောင့် သူမက ပြုံးသည်။

"ရန်ကုန်မှာဈေးပိုတာက ဒီကနေ ရန်ကုန်ကို သယ်ယူစရိတ်အား၊ အလုပ်သမားခ၊ ပွဲခ၊ နောက် ဈေးတွေကို အဆင့်ဆင့် သယ်ရတဲ့စရိတ်၊ အဆင့်ဆင့် အလုပ်သမားခ၊ နောက်ဆုံး လက်ကားသမားနဲ့ လက်လီရောင်းတဲ့လူရဲ့ အမြတ်တွေပါတင်လိုက်တော့ ငါးဆ၊ ခြောက်ဆတက်သွားတာပေါ့ . . . အဲဒါထက်ဆိုးတာက လတ်လတ်ဆတ်ဆတ် မရှိတာပေါ့ . . . ဒါပေမယ့် ရန်ကုန်မှာပေါတဲ့ကန်စွန်းတို့ဟာတို့ကျတော့လည်း ဒီမှာ ရန်ကုန်ထက် ဈေးပိုတယ်လေ . . . ပြန်တွက်ကြည့်တော့လည်း သူမသာ၊ ကိုယ်မသာပါပဲ . . ."

သူမက ဆရာမကြီးအထာဖြင့် မျက်လွှာကိုချရင်းဆိုသည်။ ပြီး သူမက အသီးအရွက်တို့ကို တစ်မျိုးပြီးတစ်မျိုးဝယ်သည်။ တချို့အသီးအရွက်တို့ကို သူ မမြင်ဖူး။ တောင်ပေါ်ဒေသမှ ဟင်းသီးဟင်းရွက်တို့က သူ့အတွက်တော့ အထူးအဆန်းဖြစ်ကာနေသည်။

ဘာပဲပြောပြော အသီးအနှံများက လတ်ဆတ်သလို ဈေးနည်းချိုသည်။ ဈေးမချိုသည်က ငါးရံ့ခြောက် စသော ငါးခြောက်များဖြစ်သည်။ သို့သော်လည်း ရန်ကုန်ဈေးထက်တော့ သိပ်အများကြီးဆို၊ သယ်ယူစရိတ်လောက်သာ ပိုအမြတ်တင်ထားသလားမသိ။ ဈေးနှုန်းသိပ်မကြီးမြင့်လှပေ။

ဆွဲခြင်းက တဖြည်းဖြည်းလေးလံကာလာသည်။ ဆွဲခြင်း၏ အလေးကြောင့် အနည်းငယ်မျက်နှာမဲ့စပြုသောသူ့ကိုကြည့်ပြီး သူမက ပြောင်ချော်ချော်ဖြင့် ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး 'လေးနေလား' ဟု ခပ်ရိရိမေးသည်။

"ဆွဲကြည့်ပါလား . . ."

သူကလည်း ခပ်ရွဲ့ရွဲ့ပင် ဖြေဖြစ်သည်။

"တစ်ယောက်တစ်ဖက် ဆွဲတာပေါ့ . . ."

ပြောပြောဆိုဆို သူမက ဆွဲခြင်း၏လက်ဆွဲကိုင်းတစ်ဖက်ကို ကူဆွဲပေးသည်။ ငါးရက်တစ်ဈေးမို့လား မသိ။ ဈေးက ပွဲတော်တစ်ခုလို စည်ကားလွန်းလှသည်။ မန္တ၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင် စသော တိုင်းရင်းသားများ၏ လေသံဝဲဝဲလေးများကို ကြားရသည်မှာ ကြည်နူးစရာကောင်းကာနေသည်။

ဈေးသို့လည်ပတ်နေကြသော နိုင်ငံခြားခရီးသွားများလည်း အတော်လေး များပြားသည်ကို တွေ့ရသည်။

"နိုင်ငံခြားသားတွေ များတယ်နော် . . ."

သူ့အဆိုကြောင့် သူမက ခေါင်းကိုညိတ်သည်။

"ဟုတ်တယ် . . . ရွှေဥမင်သဘာဝလိုဏ်ဂူကို လာလေ့လာကြတာလေ . . . ဂူက နှစ်သန်းပေါင်းနှစ်ရာကျော်ရှိတဲ့ သဘာဝထုံးကျောက်လိုဏ်ဂူဖြစ်တဲ့အပြင် ဂူထဲမှာရှိတဲ့ ရှေးဟောင်းဖုပ်ပွားတော်တွေကလည်း ကြည်ညိုစရာကောင်းတာကိုး . . . ဘောဓဂုရုလို့ခေါ်တဲ့ ရုပ်ပွားတော်တွေကလည်း ဒီမင်းတာယဂူမှာ အများကြီးဖူးတွေ့ရတာ . . . အဲဒီရုပ်ပွားတော်တွေက တခြားနေရာတွေမှာလည်း ရှိတယ်ဆိုပေမယ့် တစ်နေရာတည်းမှာ အများဆုံးတွေ့နိုင်တာက ဒီပင်းတာယဂူမှာပဲရှိတာလေ . . ."

သူမက စိတ်လိုလက်ရပင် ရှင်းပြသည်။

"အမှန်အတိုင်းပြောရရင် စောစောက ရွှန်းပြောတဲ့ ဘောဓဂုရုရုပ်ပွားတော်ကို သတိမထားမိဘူး . . . ဘုရားဖူးရောက်ခဲ့ပေမယ့် ဒီလိုပဲ ဂူထဲဝင်ရင်း ဖူးသွားတာဆိုတော့ တစ်ရက်လောက် ရွှန်းကို

www.burmeseclassic.com

www.burmeseclassic.com



Guide ငှားပြီး လိုက်ပို့ခိုင်းဦးမှပဲ . . .”

သူ့စကားကို သူမက ခေါင်းမညိတ်သလို ခေါင်းလည်းမခါ။ အားတံခါးကိုသာဆွဲ၍ဖွင့်သည်။ သူ ဈေးခြင်းတောင်းကို ကားထဲ ထည့်လိုက်တော့ သူမက ‘ကျေးဇူး’ ဟု ဆိုသည်။

“ဒီနေ့တော့ စိတ်ကောင်းဝင်နေတယ် ထင်တယ် . .”

ဟု သူတွေးဖြစ်သည်။

အပြန်လမ်းတစ်လျှောက်လုံး သူမက ဘာစကားမှမဆို။ ဈေးနေ့မို့ ဈေးဆီဦးတည်ကာလာနေကြသော များပြားလှသည့် တွေ လာဂျီများကိုရှောင်ကာ ဂရုတစိုက်မောင်းကာနေသည်။

စိုက်ပျိုးရေးခြံထဲရှိအိမ်သို့ ပြန်ရောက်ရောက်ချင်းပင် ကို ထိန်းက လက်ပြကာခေါ်သည်မို့ သူဆွဲခြင်းကိုသယ်ပြီး ကိုဟိန်းရှိရာ နေရာဆီ လျှောက်ခဲ့ဖြစ်သည်။ သူစိမ်းကားတစ်စီးက အိမ်ရှေ့မှာ ရပ်ထားသည်။

“ဒီမှာ ဧည့်သည်ရောက်နေတယ် . . .”

ကိုဟိန်း ညွှန်ပြသော ဧည့်သည်ဆိုသူကို လှမ်းကြည့်တော့ သူ မမြင်ဖူးသော၊ မိန်းကလေးတစ်ယောက်ဖြစ်ဂနေသည်။

ထိုမိန်းကလေးက သူ့ကိုပြုံးပြသည်။ ပြီး . . . .

“ကျွန်မက သွန်းပန်းနွယ်ပါ . . . ရန်ကုန်ကပါပဲ . . . ဒီက ဆိုခေတ်ကျော်တို့အန်တီလေးက . . . ပစ္စည်းတစ်ခု လူကြုံထည့်ပေး လိုက်လို့ လာပို့ပေးတာပါ . . .”

“ဪ . . . ဟုတ်ကဲ့ . . .”

ထိုမိန်းကလေးပေးလာသော ပါဆယ်ထုပ်ကို လှမ်းယူရင်း သူ ပြန်ပြုံးပြဖြစ်သည်။

“အခြား ဘာမှာလိုက်သေးလဲ မသိဘူး . . .”

“ဪ . . . ဖုန်းဆက်ဖို့ပဲ မှာလိုက်တယ် . . .”



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို သွန်းပန်းနွယ်က ပြုံးရင်းဖြေသည်။

"တဲ . . . ညီမကို ခွင့်ပြုပါဦး . . . နောက်ရက်တွေမှပဲ စိုက်ခင်းထဲ လာလည်ဦးမယ် . . . ညီမတို့ခြံထဲ လာလည်ဦးနော် . . . ညီမတို့က နဂါးမောက်သီးနဲ့ ပျားလိမ္မော်ပဲ စိုက်တာ . . ."

"ဟုတ်လား . . . လာခဲ့မယ်လေ . . ."

"ဒါဖြင့် သွားပြီနော် . . ."

ကားပေါ်တက်ကာ မောင်းထွက်သွားသော သွန်းပန်းနွယ်ကို ပြုံးပြရင်း သူ လက်ပြဖြစ်သည်။ ပြီး 'အန်တီလေးဆီ ဖုန်းဆက်ဦးမှ' ဟု သူတွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . သွန်းပန်းနွယ်က . . . အန်တီ့သူငယ်ချင်းရဲ့သမီးလေ . . . သူတို့ကြောင့်ပဲ အန်တီ အဲဒီ့စိုက်ပျိုးရေးတွေ လုပ်ဖြစ်သွားတာပေါ့ . . . ဘယ်လိုလဲ . . . သွန်းပန်းနွယ်က ချောတယ်မဟုတ်လား . . ."

ဖုန်းထဲမှ အရယ်တစ်ဝက်ဖြင့်ဆိုလာသော အဒေါ်ဖြစ်သူ၏ စကားအသွားအလာကို သူ သဘောပေါက်သလိုလိုရှိသည်။

"မဆိုးပါဘူး . . ."

"မဆိုးပါဘူး . . . ဆိုတဲ့ အဆင့်ထက်တော့ ကျော်မယ်ထင်တယ် . . ."

အဒေါ်ဖြစ်သူ၏စကားကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။

"သွန်းပန်းနွယ်ကို လိုအပ်တာရှိရင်လည်း ကူညီပေးလိုက်ဦး . . . ဖြစ်တယ်မဟုတ်လား . . ."

"ရပါတယ် . . ."

"သားမေမေနဲ့ရော ဖုန်းပြောဖြစ်သေးလား . . ."

"ပြောဖြစ်တယ် . . ."



www.burmeseclassic.com

www.burmeseclassic.com

# ပြည့်ပိုးမှုအိပ်

"ဖေဖေနဲ့ရော . . ."

အရယ်တစ်ဝက်ဖြင့်မေးလာသော ဒေါ်လေး၏အမေးကို သူ ခြိမ်မဖြေဖြစ်။ ဒေါ်လေးနောက်ကို သံယောင်လိုက်ကာ ရယ်ဖြစ် သည်။

"မေမေကနေတစ်ဆင့် ပြောခိုင်းထားပါမယ် . . . အရက်မ သောက်ဖြစ်တော့တဲ့အကြောင်းပေါ့ . . ."

"ပျင်းနေပြီလား . . . ပြန်လာချင်ရင်လည်း ပြောနော် . ."

"မပျင်းပါဘူး . . . ဒီမှာ ဗဟုသုတရစရာတွေက တစ်ပုံ တစ်ပင်ပဲ . . . လေ့လာလို့ မကုန်နိုင်ဘူး . . ."

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ . . ."

သူ့စကားကြောင့် ဒေါ်လေးက ရယ်ရင်း . . . 'ဟုတ်ပါပြီ' ဟု ဆိုသည်။ အတန်ကြာသည်အထိ အဒေါ်ဖြစ်သူနှင့် သူ ဖုန်းပြော ဖြစ်သည်။

ဖုန်းချပြီး ဝရန်တာကိုထွက်လာစဉ်မှာ တိုက်တိုက်ဆိုင်ဆိုင် ပင် သွန်းပန်းနွယ် ရောက်ချလာသည်။

ပြုံးပြရင်း လက်ပြဖြစ်သည်။ ကားကို ကိုယ်တိုင်မောင်းလာ သော သွန်းပန်းနွယ်ကိုကြည့်ရင်း ဘာရယ်မဟုတ် ရွှန်းကို မမြင်မိ ပါလားဟု တွေးမိရင်း သတိရမိသည်။ မြင်တာနဲ့ ဘုဘောက်ကျနေ ကျမို့ မမြင်ရသောအခါ ဟာတာတာကြီးဖြစ်ကာနေသည်။

"ကိုခေတ်ကျော် . . . နေ့လယ်စာစားပြီးပြီလား . . ."

ကားပေါ်မှဆင်းလာရင်း လှမ်းမေးသော သွန်းပန်းနွယ်၏ အမေးကို သူခေါင်းခါပြရင်း 'မစားရသေးဘူး' ဟု ဆိုဖြစ်သည်။

"အတော်ပဲ . . . အိမ်မှာ အာလူးထမင်းနယ်လုပ်ထားလို့ ကျွေးမလို့လာခဲ့တာ . . . ပြီးတော့ အကူအညီတောင်းစရာလည်း ရှိလို့ . . ."



www.burmeseclassic.com

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

နေ့လယ်စာ မစားရသေးဘူးဟု ပြောပြီးကာမှ မလိုက်ချင်ဘူး ဟု ငြင်း၍မကောင်းတော့သည်မို့ 'ခဏလေး' ဟု ဆိုရင်း အဝတ်အစားလဲကာ ပြန်ထွက်လာချိန်မှာ သွန်းပန်းနွယ်က ကားသော့ကို လှမ်းပေးသည်။

"ရော့ . . . ကိုခေတ်ကျော် . . . အစ်ကို မောင်း"

"အာ . . . ရပါတယ် . . . ညီမပဲ မောင်းပါ . . . အစ်ကိုက လမ်းမှမသိတာ . . ."

"ရပါတယ် . . . ကိုခေတ်ကျော် မောင်းပါ . . . လမ်းကို ညီမပြောပြမှာပေါ့ . . ."

ဆက်ငြင်း၍မကောင်းတော့သည်မို့ ကားသော့ကိုယူကာ ခြံမောင်းထွက်လာစဉ်မှာပင် အပြန်မှပြန်လာဟန်တူသော ရွှန်းကိုတွေ့ရသည်။

ဆိုင်ကယ်စီးကာဝင်လာသော သူမက သူနှင့်သွန်းပန်းနွယ်တို့ တစ်ချက်လှမ်းကြည့်ပြီး ဆိုင်ကယ်ကိုဆက်စီးကာသွားသည်။

"ဘယ်သွားမလို့လဲ . . . ကိုခေတ်ကျော် . . ."

အလုပ်သမားတစ်ဦးက လှမ်းမေးသည်မို့ 'သူတို့ခြံထဲကို' ဟု သွန်းပန်းနွယ်ခက် မေးငေါ့ပြရင်းဆိုကာ ကားကို ဆက်မောင်းခဲ့ဖြစ်သည်။ သွန်းပန်းနွယ်က လမ်းတွေကို တောက်လျှောက်ပြောပြသည်။

ကုန်းထိပ်မှာဆောက်ထားသော သူမတို့၏အိမ်ကိုရောက်ဖို့ သွားသော ကွေ့ကွေ့ကောက်ကောက်လမ်းက လမ်းဘေးမှပန်းပင်များနှင့်မြင်ရသည်မှာ ချစ်စရာကောင်းကာနေသည်။

"ကိုခေတ်ကျော်က ကားမောင်းနေးတယ်နော် . . . ဘာလဲ မောင်းနေကျ လမ်းမဟုတ်လို့လား . . ."

"အင်း . . . ဒီလိုပါပဲ . . ."

သူက 'ဒီလိုပါပဲ' ဟု ဖြေဖြစ်◌ ည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . စိတ်ချမောင်းပါ . . . ညီမတို့အိမ်မှာ ဆင်ဝင်မရှိဘူး . . ."

အရယ်တစ်ဝက်ဖြင့်ဆိုလာသော သူမ၏စကားကြောင့် သူ အံ့အားသင့်စွာ ရှက်ရယ်ရယ်ဖြစ်သည်။

'အန်တီလေးကတော့ လုပ်ပြီ' ဟု သူတွေးမိသည်။ တစ်ခါတလေ ကားတိုက်မှု သေးသေးလေးဖြစ်ခဲ့သည်ကိုပဲ လူတကာကို ဖောက်သည်ချ၍မဆုံးဖြစ်နေသည်ကိုး။

"လာ . . . ကိုခေတ်ကျော် . . ."

သူမတို့အိမ်ရှေ့မှာကားကိုရပ်တော့ သွန်းပန်းနွယ်က ကားပေါ်မှဆင်းရင်း ဦးဆောင်ကာ အိမ်ထဲသို့ဝင်သည်။

ထမင်းစားခန်းမှာ အန်တီကြီးတစ်ယောက်က ပြုံးရင်းဆီးကြိုကာနေသည်။ ပြီး . . . 'လာ . . ထိုင်ကြ' ဟု ဆိုသည်။

"ထိုင် . . . ကိုခေတ်ကျော် . . . အန်တီရေ . . . အာလူးထမင်းနယ်ထည့်ပေးလိုက်ပါဦး . . ."

သွန်းပန်းနွယ်က ပြောရင်းဆိုရင်း သူမနှင့်မျက်နှာချင်းဆိုင်မှခုံကိုပြရင်း သူ့ကို 'ထိုင်' ဟု ဆိုသည်။

အသင့်စောင့်နေသောအန်တီကြီးက ထမင်းအုပ်ထဲမှ အာလူးထမင်းနယ်ဆိုသော လက်သီးဆုပ်အရွယ် ထမင်းလုံးကြီးတစ်လုံးကို သူ့ရှေ့မှပန်းကန်ထဲထည့်ကာ ငါးထမင်းနယ်လို ခပ်ပြားပြားဖြစ်အောင် ဇွန်းဖြင့်ဖိပြားပြီး ကြက်သွန်ဖြူဆီသပ်ထားသောဆီကို ဆမ်းပေးသည်။

"ဒီအတိုင်း စားလိုက်ရုံပဲလား . . ."

ဇွန်းကိုကိုင်ရင်းမေးသော သူ့အမေးကို သွန်းပန်းနွယ်က . .

"ဟုတ်တယ် . . . ဒီအတိုင်းစားရုံပဲ . . . ပဲပုပ်ကြော်ရယ်၊ ဝက်ခေါက်ကြော်ရယ်၊ ဂျုံးမြစ်ရယ်က ခံတွင်းတွေ့သလို တွဲဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ စားလို့ရတယ် . . . ငရုတ်သီးကြိုက်ရင် ဒီမှာ . . ငရုတ်သီးစိမ်းရော . . . အကြော်ရောရှိတယ် . . .”

ဟု ဆိုသည်။

တစ်ဖွန်းစစားကြည့်လိုက်သောအခါ နူးညံ့သောအာလူး၏ အရသာကို ခံစားရသည်။ ဂျုံးပဲပုပ်ကြော်နှင့် တွဲစားသောအခါ အရသာကတစ်မျိုး၊ ဂျုံးမြစ်နှင့်တွဲစားသောအခါ အရသာကတစ်မျိုးနှင့်မို့ ငါးထမင်းနယ်နှင့်သိပ်ကွာမည်မဟုတ်ဟု ထင်ခဲ့သော်လည်း သူ ထင်ထားသကဲ့သို့မဟုတ်။

“ဘယ်လိုလဲ စားတတ်ရဲ့လား . . .”

“စားတတ်ပါတယ် . . . တော်တော်ကောင်းတာပဲ . . .”

သူ့အဖြေကြောင့် သွန်းပန်းနွယ်က ပြုံးသည်။ ပြီး . . .

“ကြွားရဦးတော့မှာပဲ . . . အဲဒါ သွန်းရဲ့လက်ရာလေ . . .”

ဟု အရက်တစ်ဝက်ဖြင့် ဆိုသည်။

“သွန်းက တော်တယ်သားရဲ့ . . . ဒီကဒေသအစားအစာတွေကို တော်တော်များများ ချက်တတ်နေပြီ . . . အန်တီတောင်သူလောက် မချက်တတ်ဘူး . . .”

အန်တီကြီးက ယပ်တစ်ချောင်းဖြင့် ယပ်ခတ်ရင်း ဆိုသည်။

“ဩော် . . . အန်တီနဲ့မိတ်ဆက်ပေးရဦးမယ် . . . အန်တီ့နာမည်က ဒေါ်ဥမ္မာနွယ်တဲ့ . . . အပျိုကြီးလေ . . . မေမေ့အစ်မအကြီးဆုံး . . . ဒီမြို့မှာ ကျောင်းဆရာမငါးနှစ်လုပ်ခဲ့ပြီးတော့ ပင်စင်ယူထားတာ . . . အန်တီရဲ့အကြံပေးချက်နဲ့ ဒီဥယျာဉ်ခြံတွေလုပ်ဖြစ်တာ . . . အန်တီ သူက . . . မေမေ့သူငယ်ချင်း အန်တီမိုးရဲ့တူ . . . ကိုခေတ်ကျော်တဲ့ . . . အန်တီမိုးရဲ့ခြံမှာ လေ့လာရေးလုပ်နေ့တာ . . .”

အန်တီကြီးက သူ့ကိုပြုံးပြသည်မို့ သူလည်း ပြန်ပြုံးပြဖြစ်

www.burmeseclassic.com



သည်။ အားလုံးစားသောက်ပြီးသောအခါ လက်ဖက်မွှေးရွက်ရနံ့သင်းသော ရေနွေးကြမ်းကို အန်တီကြီးက သူ့ရှေ့မှ ဖန်ခွက်ထဲထည့်ပေးသည်။

"သွန်းပန်းနွယ် အစ်ကို့ကို အကူအညီတောင်းစရာရှိတယ်ဆိုတာ . . . ဘာလဲ မသိဘူး . . ."

သူက မွှေးမြသော ခါးရေကြမ်းကိုသောက်ရင်း ဆိုဖြစ်သည်။

"တခြားတော့မဟုတ်ပါဘူး . . . သွန်းတို့ရဲ့ကားဆရာက ခွင့်ယူထားတယ် . . . မနက်ဖြန် သွန်းက အောင်ပန်းကို ရန်ကုန်က မေမေတို့လွှဲလိုက်တဲ့လွှဲငွေ သွားထုတ်ရမယ် . . . အဲဒါ ယောကျ်ားလေးအဖော်မရှိလို့ . . . လမ်းမှာမတော်တဆ ကားဘီးပေါက်တာတို့ ဘာတို့ကျတော့ သွန်းက မလုပ်တတ်ဘူး . . . ကိုခေတ်ကျော်များ မနက်ဖြန်အားရင် ခဏလိုက်ခဲ့ပေးလို့ရမလားလို့ . . . ဘယ်လောက်မှမကြာပါဘူး . . . အသွားအပြန်ရော ငွေထုတ်တာပါ လွန်ရော ကျွံရော နှစ်နာရီခွဲလောက်ပဲ ကြာမှာ . . ."

သွန်းပန်းနွယ်က လက်နှစ်ချောင်းထောင်ရင်း ဆိုသည်။

"ရပါတယ် . . . အစ်ကိုလည်း ဘာအလုပ်မှရှိတာမဟုတ်ဘူး . . . လိုက်ပို့ပေးမယ်လေ . . . ဘယ်အချိန်သွားမလဲ . . ."

"အင်း . . . ဆယ်နာရီလောက်ပေါ့ . . ."

သို့နှင့် ရေနွေးသောက်လိုက်၊ အန်တီကြီးနှင့် သွန်းပန်းနွယ် ပြောပြသော စိုက်ခင်းများအကြောင်း နားထောင်လိုက်ဖြင့် အချိန်က ကုန်မှန်းမသိ ကုန်ကလာသည်။

"ဘာပဲပြောပြော သားရဲ့ဒေါ်လေးက ကံကောင်းပါတယ် . . . သူက လူကောင်းရထားတာဆိုတော့ . . ."

"ခင်ဗျာ . . ."

အန်တီကြီး၏စကားကို သူ နားမလည်သည်မို့ 'ခင်ဗျာ' ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖြစ်သည်။ အန်တီကြီးက . . .

"ဒီလိုကွာ . . . မင်းတို့ခြံမှာရှိတဲ့ ကိုပင်္ဂါနဲ့ရွှန်းတို့မောင်နှမ တိုပြောတာ . . . သူတို့မောင်နှမက ရိုးလည်းရိုးသားကြတယ် . . . စိုက်ပျိုးရေးဘက်မှာလည်း တော်ကြတယ် . . . အဲဒီခြံရဲ့တစ်ဝက်က သူတို့မောင်နှမပိုင်တယ် . . . ကျန်တဲ့တစ်ဝက်ပဲ မင်းတို့ဒေါ်လေး ပိုင်တာ . . . ဒါပေမယ့် ဖက်စပ်လုပ်ပြီးတော့ အကျိုးတူ ပူးပေါင်းပြီး အပင်တွေစိုက်ကြတာ . . ."

"ဩော် . . . ဟုတ်လား . . . ကျွန်တော်ထင်တာက သူတို့ကို လစာနဲ့ခိုင်းထားတယ် ထင်နေတာ . . ."

သူ၏အံ့အားတသင့်ဆိုသောစကားကြောင့် အန်တီကြီးက ရယ်သည်။

"ဒါကြောင့်လည်း ရွှန်းပုံစံက ဂျစ်ကန်ကန်ပုံပေါက်နေတာ ကိုး"

ဟု သူ တွေးမိသည်။

ရွှန်း၏ပြောဆိုလုပ်ကိုင်ပုံအားလုံးက ပြတ်သားနေသည့် အကြောင်းရင်းကို သူ အခုမှသဘောပေါက်တော့သည်။

"သူတို့အမေက ရွှန်းကိုမွေးပြီး မီးတွင်းထဲမှာပဲ ဆုံးသွား တာ . . . ရွှန်းတို့အဖေက ရွှန်း ဆယ်တန်းလောက်မှာ နောက်မိန်းမ ယူလိုက်တာ . . . အဲဒီကတည်းက ရွှန်းတို့မောင်နှမက မိထွေးနဲ့ အတူ မနေဘူးဆိုပြီးတော့ ခွဲနေကြတာ . . . အခုထိပဲ . . . သူ့အဖေလည်း အခု ဒီမြို့မှာ မရှိဘူး . . . ဒါပေမယ့် ရွှန်းတို့မောင်နှမကို သူတို့အဖေ ဘက်မှာငွေအများကြီး ထည့်ထားပေးတယ် . . . သူတို့မောင်နှမ ကလည်း မာနကြီးတယ်လေ . . . တစ်ပြားမှ ထုတ်မသုံးဘူး . . ."

"ယောက်ျားတွေအပေါ်မှာ အမြင်မကြည်တာ . . . ဒါ ကြောင့်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ သဘောပေါက်ကာလာသည်။

"စကားပြောလို့ကောင်းတယ်ဗျာ . . . ကျွန်တော် ခြံထဲမှာ လုပ်စရာလေးတွေရှိလို့ ပြန်လိုက်ဦးမယ် အန်တီ . . . နောက်မှ လာလည်ပါဦးမယ် . . ."

"အေးကွယ် . . . အေး . . ."

အန်တီကြီးကို စကားဖြတ်ကာ ထရပ်ဖြစ်သည်။ သွန်းပန်းနွယ်က ကားသော့ကို သူ့ဆီလှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

အပြန်လမ်းမှာ သွန်းပန်းနွယ်က . . .

"ခြံထဲမှာ လုပ်စရာရှိတယ်ဆိုတာ ဘာလုပ်ဖို့ရှိတာလဲဟင်"

ဟု မေးသည်။

တကယ်တော့ ပြန်ချင်သောကြောင့် အကြောင်းပြချက်တစ်ခု အနေနှင့် ပါးစပ်ထဲတွေ့ကရာ ပြောလိုက်ခြင်းသာဖြစ်ပြီး တကယ်တမ်းကျ ဘာမှလုပ်စရာ မရှိ။

"ဒီလိုပါပဲ . . . ဟိုလျှောက်လုပ် . . . ဒီလျှောက်လုပ်ပေါ့"

သူ့ပါးစပ်ထဲ တွေ့ရာလျှောက်ဖောပစ်လိုက်သည်။

ခြံထဲဝင်လာပြီး အိမ်ရှေ့မှာကားရပ်လိုက်သောအခါ ဂျင်းဘောင်းဘီကို ခြေသလုံးထိခေါက်တင်ကာ ဆိုင်ကယ်ရေဆေးနေသော ရွှန်းက သူနှင့်သွန်းပန်းနွယ်တို့ကို တစ်ချက်လှမ်းကြည့်သည်။ ပြီး ဖာသိဖာသာပင် ဆိုင်ကယ်ကို ရေဆက်ဆေးကာနေသည်။

"ရွှန်းက တော်တော်လှတယ်နော် . . ."

သွန်းပန်းနွယ်က သူ့ဘက်လှည့်ကြည့်ရင်း ဆိုသည်။

"ဟုတ်လား . . . အင်း . . . ဟုတ်တယ်နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



ယောင်ရမ်းပြီး သူ ခေါင်းညိတ်ဖြစ်သည်။ မလုံမလဲဖြင့် လှည့်ကြည့်တော့ သွန်းပန်းနွယ်က သူ့ကိုရယ်ကျဲကျဲဖြင့် မချိုမချဉ်ကြီး ကြည့်တာနေသည်။

"ကဲ . . . သွားပြီနော် . . . မနက်ဖြန် ဆယ်နာရီမတ်တင်း ဒလာက် လာခေါ်မယ်နော် . . ."

သူ သွန်းပန်းနွယ်ကို ခေါင်းညိတ်ပြလိုက်သည်။ မောင်းထွက်သွားသော သွန်းပန်းနွယ်၏ကားကို ကျော်ခိုင်းရင်း အိမ်ထဲဝင်လာခဲ့ဖြစ်သည်။

လက်မှနာရီကိုကြည့်လိုက်တော့ အချိန်က နှစ်နာရီ။

"နေ့လယ်စာ ပြင်လိုက်ရတော့မလား . . ."

ဆိုင်ကယ် ရေဆေးနေရာမှ သူမက လှမ်း၍မေးသည်။

"မပြင်တော့နဲ့ . . . သွန်းပန်းနွယ်တို့အိမ်မှာ အာလူးထမင်းနယ် စားခဲ့ပြီးပြီ . . ."

"ဟုတ်လား . . . ကျွန်မလည်း ရှင် စားဖူးအောင်ဆိုပြီးတော့ အာလူးထမင်းနယ်လုပ်ထားတာ . . . အေးလေ စားပြီးပြီဆိုတော့ လဲ . . ."

"ညနေခင်းကျစားမယ်လေ . . ညနေခင်းမှစားရင် ကောင်းသေးတယ် မဟုတ်လား . . ."

"ကောင်းပါတယ် . . ."

သူမက သူမ၏နဖူးတွင်စို့နေသော ချွေးတို့ကို လက်ဖမိုးဖြင့် သုတ်ရင်း 'ကောင်းပါတယ်' ဟု ဆိုသည်။ သို့သော် မျက်နှာက သိပ်မကောင်းလှ။

"နေမကောင်းဘူးလား . . ."

ရုတ်တရက်မေးသော သူ့အမေးကြောင့် သူမက ကြောင်အမ်းအမ်းကြီးဖြစ်ကာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် . . ."

ဟု ဆိုသည်။

"ရှင်လာမှပဲ စားတော့မယ်ဆိုပြီးတော့ စောင့်နေတာ . . . အဲဒါ ဗိုက်က အဆာလွန်သွားတယ် ထင်တယ် . . ."

သူမ၏စကားကြောင့် ဘာရယ်မဟုတ် သူ စိတ်မကောင်းဖြစ်သွားရသည်။ ဟုတ်တော့ဟုတ်သည်။

မနက်စာပဲ စားစား၊ နေ့လယ်စာပဲ စားစား၊ ညနေစာပဲ စားစား သူမတို့မောင်နှမက သူ့ကိုစောင့်၍ အတူတူစားနေကြဖြစ်သည်။ သူတစ်ယောက်ဝည်းဖြစ်နေမည်စိုး၍ထင်သည်။

"ဒါဖြင့် စားတော့လေ . . . အစ်ကို ဆိုင်ကယ်ဆက်ဆေးပေးထားမယ် . . ."

ဘာရယ်မဟုတ် . . . သူ့ကိုသူ 'အစ်ကို' ဟု သုံးနှုန်းမိသွားပြီးတာမှ ကိုယ့်ဘာသာကိုယ် လိပ်ပြာမလုံဖြစ်သွားရသည်။ နည်းနည်းများ အိုတာဖြစ်သွားပြီလားဟု။

"ရပါတယ် . . . ဆိုင်ကယ်က ဆေးလို့ပြီးသွားပြီ . . ."

"ဒါဆို နေ့လယ်စာ စားတော့လေ . . . နောက်ကျနေပြီ . . . ခူးပေး ပြင်ပေးရမလား . . ."

ရယ်ကျဲကျဲနှင့် ရွတ်နောက်နောက်ဆိုသော သူ့စကားကြောင့် သူမက ရှက်ဝဲဝဲပြုံးသည်။ ပြီး . . .

"ရပါတယ် . . . ရွှန်းဘာသာရွှန်း . . . ခူးစားမယ် . . ."

ပြောပြီး သူမ ချာခနဲရှက်အမ်းအမ်းဖြင့် လှည့်ထွက်ကာ သွားသည်။ ပထမဆုံးအကြိမ် သူမကိုယ်သူမ ကျွန်မဟု တောင့်တောင့်ကြီး သုံးနေရာမှ 'ရွှန်း' ဟု နာမ်စားသုံးခြင်း ဖြစ်သည်။

ဘာရယ်မဟုတ် အကြောင်းပြချက်မရှိပါပဲ သူ့ရင်တွေဟာ ကြည်နူးကာနေသည်။

www.burmeseclassic.com

www.burmeseclassic.com

နံနက်အိပ်ရာမှနိုးသောအခါ သွန်းပန်းနွယ်ကို အောင်ပန်းသို့လိုက်ကူရဦးမည်ကို သူ သတိရမိသည်။

အေးစိမ့်စိမ့်ရာသီဥတုကြားမှာ စောင်ထူထူခြုံပြီး အိပ်ရာထဲတွင် ဆက်နှပ်ချင်နေသေးသော်လည်း ရေချိုးရန်အလို့ငှာ မထချင်၊ ထချင်ဖြင့် သူ အိပ်ရာမှထဖြစ်သည်။

ရေပူဖြင့်ရေကိုချိုးရင်း သူ ပထမဆုံးရောက်စနေ့က ရေပူအိုးပျက်နေသည်ကို မသိဘဲ ချိုးမိခဲ့သည်ကို သတိရရင်း ပြုံးမိသည်။

ပြီး . . . သရက်ပွင့်ကိုင်းတွေကို ညှပ်သည့်ကိစ္စနှင့်ပတ်သက်ပြီး သူမနှင့်စကားများကြသည်ကိုလည်း ပြန်သတိရမိသည်။ ထိုစဉ်က စွာတေးလန်နေသော သူမ၏ ဆတ်ဆတ်ထိမခံပုံစံကိုလည်း ပြန်တွေးမိရင်း ဟာက်ခနဲရယ်ဖြစ်သည်။

ရေချိုးပြီးအဝတ်အစားလဲကာ အိမ်ထဲမှထွက်လာသောအခါ ဝရန်တာမှာ နံနက်စာအတွက် ပြင်ဆင်နေသော သူမကို တွေ့ရသည်။

"ဒီနေ့တော့ ကော်ဖီနဲ့ပေါင်မုန့်ပဲ စီစဉ်ထားတယ် . . . ဖြစ်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



ရောက်စတုန်းကထက်ပို၍ ဖော်ရွေနေသော သူမ၏အမေး
တို့ သူ . . .

"ဖြစ်ပါတယ် . . ."

ဟု ဖြေဖြစ်သည်။

"ရွှန်း ဘုရားကိုလိုက်ပို့ဖို့ စီစဉ်ထားတာသိလို့နဲ့တူတယ် . . .
မှိုတွေဘာတွေ ထုတ်လို့ . . ."

"ဘယ်လို . . ."

သူမ၏စကားကို နားမလည်သည်မို့ သူ 'ဘယ်လို' ဟု မေး
ဖြစ်သည်။

"ကိုဟိန်းက ပြောတယ် . . . ကိုခေတ်ကျော်လည်း ပင်းတယ
ရောက်တာပဲ ကြာလှပြီ . . . အလုပ်ကိစ္စတွေပေါ်ပေါ်လာတာနဲ့
ဘုရားကိုလိုက်မပို့ဖြစ်ဘူးတဲ့ . . . အဲဒါ ရွှန်းကို အမိန့်ချလိုက်တယ်
. . . ဒီနေ့အားလည်းအားတယ် . . . လိုက်ပို့လိုက်တဲ့ . . . ဘုရားဖူး
တယ်ဆိုတာကလည်း အေးအေးဆေးဆေးမှ ကောင်းတယ်မဟုတ်
လား . . . ရှေ့ရက်တွေတုန်းက လိုက်ပို့လို့တော့ရပါရဲ့ . . . အချိန်က
အိပ်မရတော့ ပုဆိန်ပေါက်ကန်တော့ပြီး ပြန်နေရမှာစိုးလို့ . . . အဲဒါ
ဆယ်နာရီလောက် သွားကြမယ်နော် . . ."

သူမက ပြောပြောဆိုဆိုဖြင့် သူ့ကော်ဖီပန်းကန်ထဲသို့
ကော်ဖီငှဲ့ပေးရင်း ဆိုသည်။

"ဆယ်နာရီတော့ မဖြစ်ဘူးထင်တယ် . . ."

သူ၏စကားကြောင့် သူမက ကော်ဖီထည့်နေရာမှ ရုတ်တ
ရက် ရပ်တန့်သွားသည်။ ပြီးမှ . . .

"ဘာဖြစ်လို့လဲ . . ."

ဟုမေးရင်း ကော်ဖီကို ဆက်ထည့်သည်။

"ဟို . . . ဟိုဒင်း . . . သွန်းပန်းနွယ်က ဒီနေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"သူ လိုက်ပို့ပေးမယ်တဲ့လား . . ."

သူစကားမဆုံးခင်မှာ သူမက ဖြတ်ပြီးဆိုသည်။

"မဟုတ်ဘူး . . . သူ အောင်ပန်းကို ငွေသွားထုတ်စရာရှိလို့တဲ့ . . . . အဲဒါ လိုက်ကူပေးလို့ရမလားတဲ့ . . . အစ်ကိုလည်း ငြင်းလို့မကောင်းတာနဲ့ . . . ခေါင်းညိတ်ခဲ့တယ် . . ."

"ငြင်းလို့မကောင်းတာက တစ်ကြောင်း . . . လိုက်ချင်ချင်ဖြစ်နေတာက တစ်ကြောင်းပေါ့ . . . ဟုတ်လား . . ."

သူမက မချိုမချဉ်ပြုံးရင်း နောက်တောက်တောက်ဆိုသည်။

"အာ . . . မဟုတ်ပါဘူး . . . ဆယ်နာရီမတ်တင်းလာခေါ်မယ်ပြောတယ် . . . အသွားအပြန် အလွန်ဆုံးနှစ်နာရီခွဲလောက်ပဲကြာမယ်တဲ့ . . ဆိုတော့ နေ့လယ်ဆယ့်နှစ်ခွဲလောက် ပြန်ရောက်မယ်ထင်တယ် . . ."

"ခရီးသွားတယ်ဆိုတာ အချိန်မမှန်းကောင်းဘူးတဲ့ . . . ခရီးလမ်းမှာ ကမောက်ကမနဲ့ ကြန့်ကြာတတ်တယ်တဲ့ . . ."

သူမက သူ့ကိုကြည့်ရင်း ဆရာမကြီး အထာဖြင့်ဆိုသည်။

"အစ်ကိုကတော့ အယူမရှိဘူး . . ."

"အယူမရှိလည်း နေပေါ့ . . . သူများက အကောင်းပြောပေးတာ . . ."

သူစကားကြောင့် သူမက နှုတ်ခမ်းစူကာဆိုရင်း ဘောက်ဆတ် ဘောက်ဆတ်ဖြင့် အိမ်နောက်မီးဖိုခန်းဘက် ဝင်ကာသွားသည်မှာ တော်တော်နှင့်ပြန်ထွက်မလာတော့။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်နာရီမတ်တင်းမှာ သွန်းပန်းနွယ်၏ကား ရောက်ချလာသည်။ ဝရန်တာမှာ သူရော၊ ရွှန်းတို့မောင်နှမပါ ရှိနေကြသည်။

"ရွှန်း . . . အစ်ကို နေ့လယ်ပြန်ရောက်တော့မှ ဘုရားသွားမယ်နော် . . ."

ထိုင်နေရာမှ ထရပ်ရင်းဆိုသော သူ့စကားကို သူမက ခေါင်းညိတ်ပြသည်။ ပြီး . . .

"အမြန်ကြီး မမောင်းနဲ့နော် . . ဘာမှမဖြစ်ဘူး . . ဘုရားက မနက်ဖြန်မှ အေးအေးဆေးဆေး သွားလည်းရတယ်"

ဟု ဆိုသည်။

"ကိုဟိန်း . . . အောင်ပန်းကို ဘာမှာဦးမလဲ . . ."

သူ့အမေးကို ကိုဟိန်းက . . .

"မှာစရာမရှိဘူး ညီလေး . . ."

ဟု ဆိုသည်။ ပြီး . . .

"ကားကို ပုံမှန်ပဲမောင်းနော် . . ."

ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြည့်ဝိုးမှုအိပ်

သူ ခေါင်းညိတ်ပြရင်း သွန်းပန်းနွယ်၏ကားဆီလျှောက်ခဲ့ဖြစ်သည်။ သွန်းပန်းနွယ်က သူ့ကို ကားသော့လှမ်းပေးရင်း ပြုံးပြသည်။ ပြီး . . .

"အပြန်ကျတော့ သွန်း မောင်းကူပါ့မယ် . . ."

ဟု ဆိုသည်။ ထို့နောက် ကိုဟိန်းတို့ မောင်နှမဘက်လှည့်ကာ နှုတ်ဆက်ရင်း ပြုံးပြသည်။

ကားကို သူခပ်ဖြည်းဖြည်း မောင်းထွက်ခဲ့သည်။ သွန်းက. .

"အောင်ပန်းနဲ့ပင်းတယက နှစ်ဆယ့်လေးမိုင်ပဲရှိတာ . . . လမ်းက အကွေ့အကောက်များလို့သာ ပျမ်းမျှတစ်နာရီလောက် မောင်းရတာ . . ."

"ဟုတ်လား . . ."

သူ သူမ၏စကားကို 'ဟုတ်လား' ဟု ထောက်ပေးဖြစ်သည်။

"သွန်းကတော့လေ ဒီပင်းတယနဲ့အောင်ပန်း လမ်းမကြီးဘေးကစိုက်ခင်းတွေကို ငေးရတာ . . . ကြည့်လို့ကို မဝဘူး . . . မြေနီနီပေါ်မှာစိုက်ထားတဲ့ မုန်လာထုပ်တို့၊ ပန်းနှမ်းပင်တို့၊ ဂျုံတို့ဘာတို့ အလှည့်ကျစိုက်နေတော့ ဆေးရောင်စုံနဲ့ဆွဲထားတဲ့ တောင်တန်းပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုပဲ . . . ရာသီစာ အသီးအရွက်ပင်တွေ ပြောင်းပြောင်းပြီး စိုက်နေတော့ ပန်းချီကားရဲ့အရောင်ပြောင်းပြောင်းနေသလိုပဲ ခံစားရတယ် . . . ပင်းတယကို နိုင်ငံခြားခရီးသွားတွေလာကြရင် ဒီလမ်းတစ်လျှောက်လုံးမှာ ဓာတ်ပုံရိုက်စရာတွေချည်း ဖြစ်နေတယ် . . . တစ်လမ်းလုံးက သဘာဝပန်းချီကားတွေနဲ့ ပြည့်နေတာကိုး . . ."

ပြောပြီး သူမက လမ်းဘေးဝဲယာမှ တောင်ယာစိုက်ခင်းများကို ငေးကာနေသည်။

"ဟုတ်တယ်နော် . . . အစ်ကိုလာတုန်းက မနက်ခင်း ဝေလီ



www.burmeseclassic.com

www.burmeseclassic.com



ဆလင်းဆိုတော့ ဘာမှမမြင်ခဲ့ရဘူး . . . အခုမှပဲကြည့်ရတော့တယ် . . . တကယ်လှတာပဲ . . .”

သူမ၏စကားကို သူ ထောက်ခံစကားဆိုဖြစ်သည်။

မြွေလိမ်မြွေကောက်ကားလမ်းကို မောင်းလာစဉ် နိုင်ငံခြားခရီးသွားများ၏ ကားများရော၊ ပြည်တွင်းမှ ဘုရားဖူးယာဉ်များ၏ ကားများကိုပါ တစ်လမ်းလုံး ရှောင်နေရသည်။

“ကားကို ဖြည်းဖြည်းမောင်းနော် . . .”

ဟု စိုးရိမ်တကြီးမှာရှာသော ရွှန်းကို ဘာရယ်မဟုတ် သတိရမိသည်။ သူမ ပြောလည်းပြောစရာ။ ကားများက ရှင်းသွားသည်ဟူ၍မရှိ။ ကားမရှိလျှင်တောင်မှ ထော်လာဂျီများက လမ်းမှာတော်တော်ကြာ တစ်စီး၊ တော်တော်နေတစ်စီး တွေ့နေရသည်။

“မထူးပါဘူး . . . အောင်ပန်းမှာ ငွေထုတ်ပြီးရင် ကိုခေတ်တော့ကို ကလောလိုက်ပို့မှပဲ . . . ကလောရောက်ဖူးလား . . .”

“ရောက်ဖူးတယ်ဆိုရုံပေါ့ . . . ဖြတ်သွားဖြတ်လာပဲ များတယ် . . .”

“ဒါဖြင့် သွားကြတာပေါ့ . . . အောင်ပန်းနဲ့ကလောက ချောက်မိုင်ပဲရှိတာ . . . ကလောမှာလည်ပြီး နေ့လယ်စာစားပြီးမှ ဝင်းတယပြန်ကြတာပေါ့ . . .”

“အာ . . မဟုတ်တာပဲ . . . ရပါတယ် . . . နောက်မှ . .”

“နောက်မှလုပ်မနေပါနဲ့ . . . လမ်းကြုံနေတာပဲဉစ္စာ . . . တစ်ခါတည်း သွားလိုက်တာပေါ့ . . . အချိန်လည်း ဘယ်လောက်မှ ကုန်တာ မဟုတ်ဘူး . . .”

ဇွတ်ဆိုသော သွန်းပန်းနွယ်၏စကားကြောင့် သူ မသိမသာ သက်ပြင်းချဖြစ်သည်။ အချိန်ပိုကုန်ခြင်း၊ မကုန်ခြင်းထက် သူ့အပြန်ကို ရွှန်းစောင့်နေမည်စိုး၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အောင်ပန်းမှာ ငွေထုတ်သောအလုပ်ပြီးသောအခါ သွန်းပန်းနွယ်က ငွေအိတ်ကို ကားထဲမှာ ထည့်သည်။ ပြီး . . .

"အစ်ကို . . . ဒီတည့်တည့်ကိုသာမောင်း . . . ဒါကလော ဘက်သွားတဲ့လမ်း . . . ဟိုဘက်ကိုမောင်းရင် ဟဲဟိုးတို့၊ တောင်ကြီးတို့ဘက်ပဲ . . ."

"ဪ . . ."

သူ 'ဪ' ဟု ဆိုဖြစ်သည်။

"ရှေ့မှာ လမ်းခွဲရှိတယ် . . . ညာဘက်ကိုပဲ သွား၊ ညာဘက်ကိုသွားရင် ကလော၊ ဘယ်ဘက်ကိုသွားရင် ပင်လောင်းတို့၊ ဖယ်ခုံတို့၊ လွိုင်ကော်တို့ သွားတဲ့ဘက်ပေါ့ . . ."

သူမက လက်ဟန်ခြေဟန်ဖြင့် ရှင်းပြသည်။ သူ ခေါင်းကိုညိတ်ဖြစ်သည်။ သူမက သူ့ဘက်လှည့်ကြည့်ရင်း . . .

"ကိုခေတ်ကျော် စကားနည်းလှချည်လား . . . ဘာလဲ ရှင်းနေပြီလား . . ခဏလေးပါ . . ပျင်းနေတာတွေ . . ကလောရောက်ရင် အားလုံးပျောက်သွားလိမ့်မယ် . . ကလောက သိပ်လှတာ . ."

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

"ဟုတ်လား . . . ကလောမှာ ဘာလည်ပတ်စရာတွေရှိလဲ"

စကားသိပ်မပြောလျှင်လည်း မကောင်းတတ်သည်မို့ သူ မေးဖြစ်သည်။ သူမက . . .

"အများကြီးပဲ . . ."

ဟု ဆိုသည်။ ပြီး . . .

"နှီးဘုရားသွားဖူးလို့ရတယ် . . . နှီးဘုရားဆိုတာက နှီးနဲ့ ရက်လုပ်ထားတဲ့ ကိုယ်ပွားတော်ကြီးကိုပြောတာ . . နောက် ကလော၊ ရွှေဥမင်ဂူရှိတယ် . . . တောင်ပေါ်က ဟိုတယ်တွေ လျှောက်ကြည့် လို့ရတယ် . . . တောင်ပေါ်ဟိုတယ်က Sun Set View မှာထိုင်ပြီး နေဝင်တဲ့ Sun Set View ကို ကြည့်လို့လည်း ရတယ် . . . "

သူမ၏စကားကြောင့် သူ 'ဟိုက်' ဟု စိတ်မှာရေရွတ်မိသည်။ နေဝင်သောနေဝင်ချိန်ကိုပါ စောင့်နေပါက အပြန်မိုးချုပ်သွားနိုင် သည်။ အပြန်မှာမိုးချုပ်လျှင် မြွေလိမ်မြွေကောက်ဖြစ်သောလမ်းကို သူ မမောင်းချင်။ မမောင်းပြန်လျှင်လည်း မကောင်း။

ထို့ကြောင့် . . .

"နေဝင်တဲ့ Sun Set View ကိုတော့ မကြည့်တော့ပါဘူး . . . နှီးဘုရားတို့၊ ဘာတို့ဖူးပြီး ကားနဲ့ပဲ မြို့ကိုပတ်ကြည့်ကြတာပေါ့ . . . အပြန်မိုးချုပ်မှာစိုးလို့ . . ."

"ပြဿနာမရှိပါဘူး . . . ဒီလမ်းက မိုးချုပ်လည်း မောင်းလို့ အဆင်ပြေပါတယ် . . . ဒီကအပြန်ကို ကလောမြင်းမထိဂူ ဝင်ချင်ရင် လည်း ရသေးတယ် . . . အဲ . . . သူကကျတော့ စောစောက တွေ့ခဲ့ တဲ့လမ်းခွဲက ပင်လောင်းလမ်းခွဲဘက်ကို ဝင်ရတာ . . . အပြန်ဝင်မ လား . . ."

သူမ၏အမေးစကားကို သူ ခေါင်းခါပြဖြစ်သည်။

"မဝင်တော့ပါဘူး သွန်းရယ် . . နောက်မှပဲ အေးအေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

သဘောပ . . . သွနးက ကုခေတကျောကု နှ့စေချလှ့ပါ
. . . ဒီရောက်ပြီးမှတော့ မထူးတော့ဘူးလေ . . ."

သူမ၏စကား မမှားပါ။ တကယ်တမ်း ကလောကို ရောက်သောအခါ လှပသောကလောၡ၏ရှုခင်းများမှာ သူ မျောပါကာသွားသည်။ ဘုရားများဖူးရင်း ဟိုတယ်များဆီလိုက်ကြည့်ရင်းဖြင့် အချိန်က ကုန်မှန်းမသိ ကုန်ကာသွားသည်။ နေ့လယ်စာကို တောင်ပေါ်ဟိုတယ်၏ Sun Set View မှာ စားဖြစ်သည်။

"ညနေခင်းဆို ပိုလှတယ် . . ."

သူမက အပေါ်စီးမှနေ မြင်နေရသော တောင်တန်းများ၊ ထင်းရှူးပင်များကိုကြည့်ရင်း ဆိုသည်။

သစ်ပင်များ၊ တောတောင်များကို ဖြတ်သန်းကာ တိုက်ခတ်လာသော လေနုအေးက အေးမြလန်းဆန်းကာနေသည်။ ဘာရယ်မဟုတ်။ လတ်ဆတ်သော လေနုအေးကို အားပါးတရရှူရှိုက်ရင်း 'ရွှန်း'ကို သွားသတိရမိပြန်သည်။ အေးချမ်း၍ လှပသော ကလောမှာ သူမနှင့်နှစ်ယောက် အတူသာဆို . . . .

www.burmeseclassic.com

www.burmeseclassic.com

ကလောမှပြန်လာပြီး ပင်းတယပြန်ရောက်ချိန်မှာ ညနေစောင်းနေပြီဖြစ်သည်။ အိမ်သို့ပြန်ရောက်သောအခါ ဝရန်တာမှာ ရပ်နေသော သူမကို မြင်ရသည်။

"မိုးချုပ်လို့ ထွက်စောင့်နေတာလား မသိဘူး . . ."

သွန်းပန်းနွယ်၏ရယ်ကျဲကျဲအဆိုကြောင့် 'မဟုတ်ပါဘူး' ဟု သူ ရှက်အမ်းအမ်းဖြင့် ငြင်းဖြစ်သည်။ သွန်းကတော့ မျက်နှာကြီးနီတာ ရှက်သွားသော သူ့ကိုကြည့်ကာရယ်သည်မို့ ဘာရယ်မဟုတ် သူပါရောပြီး ရှက်ရယ်ရယ်ဖြစ်သည်။

"ကဲ . . . သွားပြီနော် . . . ကျေးဇူးပဲ . . ."

"ရပါတယ်ဗျာ . . ."

"ဒါဖြင့် သွားပြီ . . ."

ကားကို မောင်းထွက်သွားသော သွန်းကိုလက်ပြရင်း အိမ်ဘက်သို့မျက်နှာမူလိုက်သောအခါ သူမတစ်ယောက် ဝရန်တာ၌ မရှိတော့။ ဘာရယ်မဟုတ် ရင်ထဲမှာတော့ ဟာခနဲဖြစ်ကာသွားသည်။

အိမ်ထဲမှ ကိုဟိန်းထွက်လာသည်ကို မြင်ရသည်မို့ ကိုဟိန်း



www.burmeseclassic.com

www.burmeseclassic.com



တို သူ ပြုံးပြဖြစ်သည်။ ကိုဟိန်းက လက်ပြန်ပြရင်း ပြုံးစိစိဖြင့်ကြည့် တာ . . .

"အောင်ပန်းသွားတာ တော်တော်ကြာတယ်နော် . . ."

ဟု ဆိုသည်။

"ကလောရောက်သွားလို့ဗျ . . သွန်းက အောင်ပန်းရောက် မှတော့ မထူးဘူး . . . ကလောကို လိုက်ပို့ပေးမယ်ဆိုပြီး လိုက်ပို့ပေး နေလို့ . . ."

မျက်နှာမှာ ရှက်အမ်းအမ်းအမူအရာကြီးထွက်နေသော သူ့ ကို ကိုဟိန်းကကြည့်၍ ဟက်ခနဲရယ်သည်။ ပြီး . . .

"စေတနာတွေပေါ့ကွာ . . ."

ဟု ရယ်ကျဲကျဲဖြင့် ဆိုသည်။

"တစ်မျိုးမထင်ပါနဲ့ဗျာ . . . ကျွန်တော်တို့က ရိုးရိုးခင်ကြတာ ပါ . . ."

ခေါင်းကိုကုတ်ရင်းဆိုသော သူ့စကားကြောင့် ကိုဟိန်းက တခွီးခွီးဖြင့် ရယ်သည်။ ပြီး . . .

"အစ်ကိုက ဘာပြောနေလို့လဲ . . . ညီလေးရ . . ."

ဟု ဆိုသည်။

"ဒါနဲ့ ညီလေး မနက်ဖြန်ရော အားလား . . ."

"အားပါတယ် အစ်ကိုရ . . . ဘာဖြစ်လို့လဲ . . ."

ကိုဟိန်း၏အမေးကို သူ ခေါင်းညိတ်ရင်း ဖြေဖြစ်သည်။

"မနက်ဖြန် ညီလေးကို ဘုရားလိုက်ပို့ပေးမလို့လေ . . . တော်ကြာ တစ်ယောက်ယောက်နဲ့ ချိန်းထားပြီးသားဖြစ်နေမှာစိုးလို့"

ရယ်ကျဲကျဲဖြင့်ဆိုလာသော ကိုဟိန်း၏ ပြောင်ချော်ချော် အမူအရာကြောင့် . . .

"အာ . . အစ်ကိုကလည်းဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု သူဆိုဖြစ်သည်။

"မနက်ဖြန် ချိန်းထားတာမရှိဘူးဆိုရင် အစ်ကို ဘုရားလိုက်ပို့ပေးမယ်လေ . . . မနက် ကိုးနာရီလောက် သွားကြတာပေါ့ . ."

"ဟုတ်ကဲ့ . . . အစ်ကို . . ."

"ကဲ ကဲ . . . နားလိုက်ဦး . . . ညီလေးကိုကြည့်ရတာ တော်တော်ပင်ပန်းလာပုံရတယ် . . ."

ကိုဟိန်း၏ ပြောင်ချော်ချော်စကားကြောင့် သူ . . .

"အစ်ကိုကလည်းဗျာ . . . ဘာမှမဟုတ်ပါဘူးဆိုဗျာ . . ."

ဟု ရှက်အမ်းအမ်းဖြင့် ဆိုဖြစ်သည်။

"အေးပါကွာ . . . နားလိုက်ပါ . . . နားလိုက်ပါ . . ."

ကိုဟိန်းက သူ့ပခုံးကိုပုတ်ရင်း ဆိုသည်။ သူ ဘာရယ်၊ ညာရယ်မဟုတ် ခေါင်းကုတ်ရင်း အိမ်ထဲဝင်လာခဲ့ဖြစ်သည်။

အိမ်ထဲအဝင်မှာ အိမ်ထဲမှထွက်လာသော သူမကိုမျက်နှာချင်းဆိုင်တွေ့ရသည်။

"ထမင်းဆာရင် ပြောနော် . . ."

ဟု ခေါင်းကိုငုံ့ရင်းဆိုသော သူမကို . . .

"အင်း . . ."

ဟု သူ ခေါင်းညိတ်ရင်း ဖြေဖြစ်သည်။

အိမ်ခန်းထဲဝင်ကာ အိပ်ရာပေါ် လှဲနေရင်း သူမအကြောင်းကို တွေးမိသည်။ ရောက်စတုန်းက သူ့ကိုအသည်းအသန်အရွဲ့တိုက်နေသော သူမသည် အခုတော့လည်း ဆက်ဆံရေးတွေ နူးညံ့လာသလို ထိုး ရှိလာသည်က အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com

ဓာဗေလာ

ထင်းရှူးမြို့တော်
ရောက်သူပျော်စေမယ့်
သူ့ရဲ့ရင်ခွင်
မြင်သူတိမ်းညွတ်အောင်
တောတောင်စိမ်းစိမ်းတို့က ဝန်းခ
ရှုလို့မဝနိုင်ဘူး။
မခွဲချင်၊ မပြန်ချင်အောင်
ဆွဲဆောင်ညှို့အား ပြင်းခဲ့
ရင်သပ်ရင်းနဲ့ ရှုမော
အလှတရားတို့ရဲ့ • • • • ကလော။

www.burmeseclassic.com

www.burmeseclassic.com

"ကဗျာဆရာကြီး . . ."

ခေါ်သံကြောင့် သူလှည့်ကြည့်ဖြစ်သည်။ ရွှန်းက သူ့လက်ထဲမှစာရွက်ကို မြှောက်ပြသည်။

"ဝရန်တာမှာကျနေတာတွေ့လို့ ကောက်လာတာ . . . ရော့"

သူမ လှမ်းပေးသော ကဗျာစာရွက်ကို သူ လှမ်းယူဖြစ်သည်။

"ဟုတ်သားပဲ . . . ဝရန်တာမှာထိုင်ရေးပြီး မေ့ကျန်ခဲ့တာ"

သူ့စကားကြောင့် သူမက 'ဖြစ်ရမယ်' ဆိုသောပုံစံဖြင့်ကြည့်သည်။ ဂျင်းဘောင်းဘီများနှင့်တွေ့နေကျသူမကို ထဘီဖြင့်တွေ့ရသောအခါ ထူးခြားကာနေသည်။ သူ စိုက်ကြည့်ကာနေသောကြောင့် သူမက ရှက်ကိုးရှက်ကန်းဖြင့် . . .

"ဘာကြည့်တာလဲ . . ."

ဟု ဘုဆတ်ဆတ်ဖြင့် မေးသည်။

"ထဘီတွေ ဘာတွေနဲ့ဆိုတော့ အထူးအဆန်းဖြစ်နေလို့"

အမှန်အတိုင်းပင် သူ ဖြေဖြစ်သည်။

"ကိုဟိန်းက ကိုခေတ်ကျော်ကို ဘုရားကိုလိုက်ပို့လိုက်ဦးတဲ့


www.burmeseclassic.com

www.burmeseclassic.com



. . . ဘုရားသွားမှာဆိုတော့ ဘောင်းဘီနဲ့ဘယ်သင့်တော်ပါ့မလဲ . . . အဲဒါကြောင့် ထဘီဝတ်ထားတာ . . .”

လက်ဝါးနှစ်ဖက်ကိုပွတ်ရင်း ရှက်ဝဲဝဲဖြင့် သူမက ဆိုသည်။

“ဘုရားကို ကိုဟိန်းလိုက်ပို့မှာမဟုတ်ဘူးလား . . .”

ကိုဟိန်းက သူကိုယ်တိုင်လိုက်ပို့မည်ဟု မနေ့ကဆိုသောကြောင့် သူ မေးဖြစ်သည်။ သူက ဘာရယ်မဟုတ် မေးလိုက်သော်လည်း သူမကတော့ နှုတ်ခမ်းမဲ့ကာ သူ့အား မျက်စောင်းထိုးသည်။

“ဘာလဲ . . . ရွှန်းလိုက်ပို့တာ မကြိုက်လို့လား . . .”

“အာ . . . မဟုတ်ပါဘူး . . . ဘယ်သူပို့ပို့ ဘုရားရောက်ဖို့တာ အဓိကပါ . . .”

“သွန်းပန်းနွယ်ကို အကူအညီတောင်းရမလား . . .”

“ဟာ . . .”

ပြောင်စိစိဖြင့်ဆိုလာသော သူမ၏စကားကြောင့် ‘အာ’ ဟု သူ ရေရွတ်ဖြစ်သည်။ သူမက လက်မှနာရီကိုပင့်ကြည့်ရင်း . . .

“မနက်စာစားပြီးရင် သွားကြတာပေါ့ . . . ဒါနဲ့ ရွှန်းလိုက်ပို့လို့ ဖြစ်ပါတယ်နော် . . . မဖြစ်ရင်လည်းပြော . . . အားမနာနဲ့”

ပြောင်ချော်ချော်ဖြင့်ဆိုသော သူမကို သူ မချင့်မရဲဖြစ်သွားသည်။ ပခုံးနှစ်ဖက်ကိုကိုင်ကာ ဆွဲပဲခါပစ်ချင်နေသလိုလို။

ပြောနေစဉ်မှာပင် သွန်း၏ကား ခြံထဲဝင်လာသည်ကို တွေ့သည်မို့ သူမက သူ့ကို အဓိပ္ပါယ်ပါပါဖြင့် ကြည့်သည်။

ရပ်ကြည့်နေဆဲမှာပင် သွန်းက ကားပေါ်မှဆင်းရင်း သူတို့ဆီ လျှောက်ကာလာသည်။

“ဘယ်လိုလဲ . . . မနေ့က အောင်ပန်းကလောကို အသွား ခြန်ကားမောင်းလိုက်တာ ပင်ပန်းသွားပြီလား . . .”

“မပင်ပန်းပါဘူး . . . ဒါနဲ့ ၄. ယ်သွားရင်းနဲ့လဲ . . .”



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်ပဲ တမင်လာတာ . . . ညနေစာ အိမ်မှာလာစားဖို့ စိတ်ရင်းနဲ့ . . . ရွှန်းတို့မောင်နှမရော လိုက်ခဲ့လေ . . . ရွှန်းတို့အတွက်ပါ ပိုချက်ထားတာ . . ."

သွန်းက ဘေးမှာရှိနေဆဲဖြစ်သော ရွှန်းကိုပါကြည့်ရင်း ဆိုသည်။ ရွှန်းက သူ့ကို ဖျတ်ခနဲကြည့်သည်။ ပြီး . . .

"ရပါတယ် . . . မရဲ့ . . . အားနာစရာကြီး . . ."

ရွှန်းက ခပ်ယဲ့ယဲ့ပြုံးရင်း ဆိုသည်။

"အားနာစရာလား . . . ညီမလေးတို့ ထမင်းဖိတ်ကျွေးရင်လည်း မတို့တူအရီးလာစားနေကျပဲဥစ္စာ . . . ညနေ (၅) နာရီခွဲလောက် လာကြိုမယ်နော် . . ."

သွန်းက ပြုံးရင်းဆိုသည်။

"ရပါတယ် သွန်းရဲ့ . . . အစ်ကိုတို့ဘာသာ လာခဲ့မယ်"

"ဒါဆိုရင်လည်း ပြီးရော . . . ကဲ . . ကဲ . . သွားပြီ . . . ရွှန်း ဆက်ဆက်လိုက်ခဲ့နော် . . ."

သွန်းက ပြောပြောဆိုဆိုပင် ကားပေါ်တက်ကာ မောင်းထွက်၍သွားသည်။ ရွှန်းကတော့ အဓိပ္ပါယ်မဲ့ပါပါ ပြုံးလိုက်ရင်း . . .

"အင်း . . . ညနေစာမှာတော့ စိန်နားကပ်အရောင်နဲ့ ပါးလိုက်ပြောင်ရဦးမှာပေါ့ . . . သူများတွေကျတော့လည်း ကောင်းလိုက်တာ . . . တစ်ရက်ခြားတစ်ခါလောက် ထမင်းဖိတ်ကျွေးမယ့်သူရှိတယ် . . ."

ဟု ဆိုသည်။ သူ ဘာမှပြန်မပြောဖြစ်။

သွန်း၏ကားကို လိုက်ကြည့်ရင်း သက်ပြင်းကိုသာ ချဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နံနက်စာစားပြီးချိန်မှာ ကိုဟိန်းက ...

"ညီလေးရေ ... အစ်ကိုလုပ်စရာအလုပ်တွေပေါ်လာလို့ ဘုရားကို ရှွန်းလိုက်ပို့လိမ့်မယ် သိလား ..."

ဟု ဆိုသည်။

"ဒါနဲ့ ကိုဟိန်းရေ ... သွန်းက ညနေစာကို သူ့အိမ်မှာ လာစားပါလို့ စောစောက ဖိတ်သွားတယ် ... ရှွန်းတို့မောင်နှမတော့ ကိုခေတ်ကျော်ကောင်းမှု အကြောင်းပြုပြီး ညနေစာလိုက်စားရလိမ့်ဦးမယ် ..."

ရှွန်း၏ ပြုံးစိစိနှင့်အဆိုကြောင့် သူ မျက်နှာပူသွားရသည်။ ကိုဟိန်းကတော့ 'ဟုတ်လား' ဟု ဆိုသည်။

ပြီး ... သူ့ကို ရယ်ကျဲကျဲဖြင့်ကြည့်ကာ ...

"အေးလေ ... ညီလေးကောင်းမှုနဲ့ ဆင်ဖြူတော်မှီပြီး ကြုံ ရှယ်ရဦးမှာပေါ့ ..."

ဟု ဆိုသည်။

"ကိုဟိန်းတို့ထင်သလို မဟုတ်ပါဘူးဗျာ ... သူနဲ့ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တ ရိုးရိုးခင်ကြတာပါ . . . သူလည်း ရန်ကုန်က၊ ကျွန်တော်လည်း ရန်ကုန်ကဆိုတော့ ဒီလိုအဝေးမှာဆုံကြတော့ အကူအညီလေး ဘာလေးပေးရင်း ခင်နေတဲ့သဘောပါ . . . ”

သူ ရှက်ဝဲဝဲဖြင့်ဆိုသောစကားကို ကိုဟိန်းက ခပ်တိုးတိုး ရယ်သည်။ ပြီး . . .

“ဟုတ်မှာပါ . . . တစ်ရက်ခြားတစ်ခါလောက် ထမင်းဖိတ်ကျွေးနေတာဆိုတော့ ရိုးရိုးခင်တာပဲ ဖြစ်မှာပါ . . . ”

အနှောင့်အသွားမလွတ်သော ကိုဟိန်း၏စကားကြောင့် မျက်နှာပူပူဖြင့် သူ ရှက်ရယ်ရယ်ဖြစ်သည်။

“စတာပါ ညီလေးရာ . . . မင်းမှာလည်း သွန်းနဲ့အစခံရရင် မျက်နှာတွေကို နီချိတ်နေတာပဲ . . . ”

ပြောရင်း ကိုဟိန်း ရယ်သည်။ ပြီး လက်မှနာရီကိုကြည့်ကာ . . . .

“ဟော . . . ခြံထဲဆင်းဖို့တောင် အတော်နောက်ကျနေပြီ . . . ကဲ ကဲ ညီလေး . . . အစ်ကိုသွားပြီ . . . ရွှန်း . . . ဂွကိုသေသေချာချာလိုက်ပို့လိုက်နော် . . . ”

ဟု ဆိုသည်။ ရွှန်းက . . .

“ဟုတ် . . . ”

ဟု ဆိုသည်။

“ကဲ ကဲ ခြံထဲက အလုပ်တွေ အမြန်ဖြတ်မှပဲ . . . ညနေစာစားဖို့ကဖိတ်ထားသေးတာဆိုတော့ အချိန်မီသွားစားလို့ရအောင် အဟမ်း . . . အဟမ်း . . . ”

ကိုဟိန်းက တမင်ခေချောင်းလုပ်ဆိုးကာ ပြုံးစိစိလုပ်ရင်း ခြံသို့ထွက်ကာသွားသည်။ ရွှန်းကတော့ လက်မှနာရီကိုကြည့်ပြန်သည်။ ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com



"သွားကြရအောင် . . . နေမြင့်လာရင် ဘုရားဖူးက များလာတော့ ဘုရားအေးအေးဆေးဆေး မဖူးရဘူးဖြစ်နေမှာစိုးလို့ . ."

ဟု ဆိုသည်။ ပြီး ကားသော့ကို မြှောက်ပြကာ . . .

"မောင်းမလား . . ."

ဟု ပြုံးစိစိဖြင့်ဆိုသည်။ သူ ခေါင်းကို ခါပြဖြစ်သည်။ မောင်းပေးရအောင်ကလည်း သူက လမ်းမသိ။ ပိုဆိုးသည်က ဘုရားသွားလမ်းသည် တောင်တက်လမ်းမို့ အကွေ့အကောက်လည်း များနိုင်သည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com

သူ တွက်ဆထားသည့်အတိုင်းပင် တောင်ပေါ်သို့တက်သော ကားလမ်းမှာ မြွေလိမ်မြွေကောက်ကြီးဖြစ်သည်။

သို့သော် သူမကတော့ ကျွမ်းကျင်စွာမောင်းသည်။ ကားပါကင်မှာ ကားရပ်ပြီး နှစ်ယောက်သား ရှေ့ဥမင်သဘာဝလိုဏ်ဂူဆီ လမ်းလျှောက်တက်ခဲ့ဖြစ်သည်။

လိုဏ်ဂူ၏ အဝင်မုခ်ဦးမှာ သုဓနုမင်းသားက ပင့်ကူကြီးကို မြားဖြင့်ချိန်ရွယ်နေပုံရုပ်တုမှာရပ်စေပြီး သူမက သူ့ကို ဓာတ်ပုံရိုက်ပေးသည်။ မုခ်ဦးမှနေ ယှော့ကားထစ်အနည်းငယ်ကို တက်ပြီး ဓာတ်လှေကားနှင့်ဆက်တက်ကြသည်။

တောင်ပေါ်မှနေ ပင်းတယမြို့၏ရှုခင်းတို့ကို အပေါ်စီးမှ ကြည့်ရင်း တိုက်ခတ်လာသော လေနုအေးဟို သူ အားပါးတရ ရှူရှိုက်ဖြစ်သည်။ ဒွေးမယ်နော်တ်မှ နတ်သမီးခုနစ်ဖော် ငွေတောင်ပြည်မှ ပင်-ရေလာကစားရသော ပုတ်တလုတ်ကန်ပြာပြာကို သူမက ဖော် ညွှန်းထိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်
### ချစ်မည်

"ဒီရေကာန်နဲ့ဒီလိုက်ဂူရဲ့ဆက်စပ်နေတဲ့ သမိုင်းကြောင်းကို သိလား . . ."

"အင်း . . မေမေတို့ပြောပြလို့ အဲဒီပုံပြင်ကိုကြားဖူးပါတယ် . . . ကြည့်ရတာ နတ်သမီးခုနစ်ဖော်က အဲဒီတုန်းက ငပလီတို့ ချောင်းသာတို့ဝေးလို့ ဒီကန်မှာပဲ ရေလာကစားကြတယ်နဲ့တူတယ်"

ရွှတ်နောက်နောက်ဖြင့်ဆိုသော သူ့စကားကြောင့် သူမက ရယ်သည်။ ပြီး . . . .

"နောက်စရာလား . . ."

ဟု ဆိုသည်။

"ပြီးတော့ သူတို့က နတ်ဝတ်တန်ဆာဝတ်လိုက်တာနဲ့ မိုး ပေါ်ပျံနိုင်ကြတယ်နော် . . . ဒါပေမယ့် ဒွေးမယ်နော်ကို သနားပါ တယ် . . ."

သူ့စကားအဆုံးမှာ သူမက . . .

"ဘာဖြစ်လို့ . . ."

ဟု မေးသည်။

"သူ့ခမျာ ဖူးစာပါလို့ သုဓနုမင်းသားနဲ့ ညားတယ် မဟုတ် လား . . . တစ်ချိန်လုံး ကောင်းကင်ခရီးကနေ နတ်ဝတ်တန်ဆာ တန်ခိုးနဲ့ မိုးပျံခဲ့သမျှ သုဓနုမင်းသားနဲ့ညားတော့မှပဲ ကုန်းကြောင်း လျှောက်ထားရတော့တယ် . . ."

ပြောရင်း 'ခွိး' ခနဲ သူ ရယ်ဖြစ်သည်။ သူမက

"ကြဲကြဲဖန်ဖန် လျှောက်ပြီးတွေးလည်း တွေးတတ်တယ်"

ဟု ဆိုရင်း လိုက်ရယ်သည်။

"ဟုတ်တယ်လေ . ... ကုန်းကြောင်းလျှောက်ရရုံတင် ဘယ်သ သာမလဲ . . . သူ့ခမျာ ယောကျ်ားရတော့မှ ကြုံလိုက်ရတဲ့ ဒုက္ခလည်း မနည်းမနောပဲ . . . သုဓနုမင်းသားရဲ့တိုင်းပြည်က မျှတ်တွေက

www.burmeseclassic.com



ညောင်ဦးစေးကြွလို့ ငွေတောင်ပြည် ပြန်ပြေးရတဲ့အထိပဲ . . . အဲဒီခေတ်ကတည်းက မိန်းကလေးတွေက မောင့်မျက်နှာ တစ်ကမ္ဘာမှတ်ပြီး လိုက်ကြတယ်နဲ့တူတယ် . . .”

သူ့စကားအဆုံးမှာ သူမက . . .

“ကဲ ကဲ . . . ဘုရားဝင်ဖူးကြရအောင် . . . အဲဒီအကြောင်းပြောနေရင် နှစ်ကူးသွားနိုင်တယ် . . .”

ဟု ဆိုသည်။ နိုင်ငံခြားသားခရီးသွားများရော၊ ပြည်တွင်းမှဘုရားဖူးသည်များပါ ရွှေဉမင်သဘာဝလိုဏ်ဂူဆီ တဖွဲဖွဲလာနေကြသည်။

“ဘုရားဖူးတွေ များတယ်နော် . . . နိုင်ငံခြားသားတွေရောပဲ . . .”

သူ့စကားအဆုံးမှာ သူမက ခေါင်းညိတ်သည်။

“ဟုတ်တယ် . . . ပွင့်လင်းရာသီဆိုရင် ပြည်တွင်းက ဘုရားဖူးတွေ အရမ်းများတယ် . . . နိုင်ငံခြားသားတွေကျတော့ ဆောင်းရာသီမှာ အများဆုံးလာကြတယ် . . . ဒါပေမယ့် တစ်နှစ်ပတ်လုံးကတော့ နိုင်ငံခြားသားရော၊ ပြည်တွင်းဘုရားဖူးရော ပြတ်တယ်တော့မရှိဘူး . . . အနည်းနဲ့အများကတော့ ရှိတတ်တယ် . . .”

ဂူအဝင်မှနေ ဖူးမြော်ရသော ဘုရားရုပ်ပွားတော်များကဂူနံရံများမှာ သပ္ပါယ်စွာရှိနေသည်။ ဂူထဲမှသဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်စက်ပန်းဆွဲ ကျောက်စက်မိုးမျှော်တို့၏ လှပမှုကလည်း အံ့အားသင့်စရာတွေချည်းပဲ ဖြစ်သည်။

“ပင်းတယက ဒီရွှေဉမင်လိုဏ်ဂူကို အစ်ကို ငယ်ငယ်တုန်းက နှစ်ခေါက်ရောက်ဖူးတယ် . . . အဲဒီတုန်းက ကြမ်းပြင်ကို ဒီလိုကြွေပြားတွေ မခင်းရသေးဘူး . . . ဒါနဲ့ ဒီလိုဏ်ဂူရဲ့သက်တမ်းကိုရှန်း သိလား . . .”



www.burmeseclassic.com

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

"မသိဘဲနေမလား . . . ရှန်းက ပင်းတယသူ စစ်စစ်ပဲဥစ္စာ . . . ဒီလိုဏ်ဂူရဲ့သက်တမ်းကို ဘူမိဗေဒပညာရှင်တွေ ခန့်မှန်းတွက်ချက်ထားကြတာ . . . လိုဏ်ဂူရဲ့သက်တမ်းက နှစ်သန်းပေါင်းရာကျော်ရှိပြီတဲ့ . . ."

သူမ၏စကားအဆုံးမှာ သူ 'ဩော်' ဟု ရေရွတ်ရင်း အံ့အားသင့်စွာပင် ခေါင်းညိတ်ဖြစ်သည်။ လိုဏ်ဂူအတွင်းမှာ အသက်ရှူမွန်းကျပ်ခြင်းမျိုးမရှိ။

နှစ်ယောက်သား ဘုရားများဖူးရင်းဖြင့် လိုဏ်ဂူ၏အဆုံးအထိရောက်လာကြသည်။

"ဒီလိုဏ်ဂူရဲ့အဆုံးက တကယ်တော့မဆုံးသေးဘူး . . . ပုဂံအထိဆက်သွားလို့ရတယ်လို့ပြောကြတယ်နော် . . . ဒါပေမယ့်အန္တရာယ်များလို့ဆိုပြီး ပိတ်ထားလိုက်ကြတယ်လို့ပြောတယ် . . ."

"ဟုတ်တယ် . . . ရှန်းတို့လည်း အဲဒီ့လိုပဲ ကြားဖူးတယ်"

သူ့စကားကို သူမက ခေါင်းလိုက်ညိတ်ရင်း ဆိုသည်။ လိုဏ်ဂူအတွင်းမှာ Aircon ပေးထားသလို အေးစိမ့်ကာနေသည်။

လိုဏ်ဂူထဲမှပြန်ထွက်လာပြီး ကားပါကင်သို့ရောက်သောအခါ သူမက . . .

"ရန်ကုန်က ကောင်မလေးအတွက် တက်တင်းအင်္ကျီတွေ၊ အင်းအင်္ကျီတွေ လက်ဆောင်ပေးဖို့ ဝယ်ဦးမလား . . ."

သူမက ကားပါကင်ဘေးမှဆိုင်ခန်းများဆီ မေးငေါ့ပြရင်း ပြုံးစိစိဖြင့်ဆိုသည်မို့ သူ ရှက်အမ်းအမ်းဖြင့် ရယ်ဖြစ်သည်။

"ကောင်မလေးမရှိမှန်းသိလို့ လှောင်တာလား . . ."

သူ့အမေးကို သူမက . . .

"ဒီအရွယ်ကြီးအထိ ရည်းစားမရှိဘူးဆိုတော့ . . . မဖြစ်နိုင်ဘူးတာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။

မျက်နှာကိုလှမ်းကြည့်တော့ ရယ်ကျဲကျဲလုပ် ကာနေသည်။

"ညှို့တယ်ပြောရင်လည်း ခံရတော့မှာပဲ . . . အခုထိ ကြိုက်ရမယ့်ကောင်မလေး မတွေ့သေးဘူး . . ."

သူ၏ ရှက်အမ်းအမ်းဖြင့်ဆိုသော စကားအဆုံးမှာ သူမက ရယ်သည်။

"ဒီအရွယ်အထိမှ အမြီးမပေါက်သေးရင်တော့ ဘာမျောက်ပါလိမ့် . . ."

"အေးပေါ့လေ . . . အမြီးပေါက်ပြီးသား မျောက်တွေပြောသမျှ ခံရတော့မှာပဲ . . ."

ရယ်ကျဲကျဲပင် ပြန်၍ဆိုသော သူ့စကားကြောင့် သူမက 'အာ' ဟု ရှက်ဝဲဝဲရေရွတ်ရင်း သူ့ပခုံးကို ခုပ်ဖွဖွရိုက်သည်။

ပြီး . . .

"ရွှန်းကလည်း ကလေးပဲရှိသေးတဲ့ဥစ္စာ . . . ရည်းစားထားစရာလား . . ."

ဟု ရှက်ဝဲဝဲနေသောနီရဲနေသည့် မျက်နှာဖြင့်ဆိုသည်။

"ဒါဖြင့် အမြီးမပေါက်သေးဘူးပေါ့ . . ."

ရှက်နေမှန်းသိသည်မို့ သူ တမင်ဆက်စဖြစ်သည်။

"လူကို မျောက်နဲ့နှိုင်းစရာလား . . ."

သူမက မျက်စောင်းကြီးထိုးရင်း ဆိုသည်။

"ဟောဗျာ . . . စောစောကကျတော့ အစ်ကို့ကို ဒီအရွယ်ကြီးအထိမှ အမြီးမပေါက်သေးရင် ဘာမျောက်ပါလိမ့်ဆို . . . ရွှန်းက အရင်ပြောတာလေ . . ."

"ပြီးရော . . . ပြီးရော . . . ဒါဖြင့် ကျေပြီလို့ပဲထားလိုက်တော့မယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူမက ရှက်ကိုးရှက်ကန်းဖြင့်ဆိုရင်း ကားတံခါးကိုဖွင့်တာ ဝင်ထိုင်သည်။ သူ ကားထဲထိုင်ပြီးချိန်မှာ သူမက ကားကိုမောင်းထွက်သည်။

"ဘာပဲပြောပြော ဒီညနေခင်းတော့ စိန်နားကပ်နဲ့ပါးလိုက်ပြောင်ရဦးမှာပဲ . . . ကိုခေတ်ကျော် ကောင်းမှုနဲ့ မသွန်းပန်းနွယ်တို့အိမ်မှာ ညစာလိုက်စားရဦးမယ် . . . ရှယ်ပဲ . . ."

ရယ်ချင်ပက်ကျိနှင့်ဆိုသော သူမ၏စကားကြောင့် သူ ရယ်ဖြစ်သည်။ ဘာရယ်တော့မဟုတ် သူမသည် တကယ်တမ်းကျ စိတ်၏ဖျော်ရွှင်ကြည်နူးမှုကို ပေးသည်ကတော့ အမှန်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှာတော့ သွန်းပန်းနွယ်နှင့် သူ ပိုမိုရင်းနှီးလာသလို ရွှန်းတို့မောင်နှံမနှင့်လည်း ပို၍ခင်မင်လာခဲ့သည်။

ဥယျာဉ်ထဲမှာ ဟိုလုပ်ကူလိုက်၊ ဒီလုပ်ကူလိုက်ဖြင့် အချိန်များက တစ်လပြီးတစ်လ ကုန်လာခဲ့သလို သူလည်း သူမအပေါ်ထားသည့်သံယောဇဉ်သည်လည်း တစ်ရစ်ထက်တစ်ရစ် တိုးကာလာသည်။

မနက်မျက်လုံးပွင့်ချိန်ကစ၊ ညအိပ်ရာဝင်ချိန်အလယ်၊ ညအိပ်မက်ထဲအဆုံး သူမသည် စိုးမိုးကာနေသည်။

သူမကတော့ သူ၏ပြောင်းလဲမှုတို့ကို မရိပ်မိသည်ပဲလား မသိယောင်ဆောင်နေသည်ပဲလားတော့ မသိ။ သူ့ကို သွန်းနှင့်သာ စကာနေသည်။ သွန်းနှင့် အတူသွား၊ အတူလာကာ သူမကို အတဲခတ်ကြည့်ပြန်တော့လည်း သူမအမူအရာတို့က သဝန်တိုခြင်း ရှိမရှိကို ခန့်မှန်းရခက်ကာနေသည်။

ကဗျာကိုဝါသနာပါဟန်တူသော သူမက သူရေးထားသော ကဗျာတို့ကို တောင်းကာဖတ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အနီးတစ်ဝိုက်တွင် ချစ်မည်

တကယ်တမ်းကျ သူသည်လည်း ဆရာကြီးတစ်ယောက်တော့ မဟုတ်။ ကဗျာကိုဝါသနာပါ၍ ဝါသနာအလျောက် တောင်လျှောက်ရေး၊ မြောက်လျှောက်ရေး အဆင့်သာဖြစ်သည်။

သူကိုယ်၌ကလည်း ရေးပြီးသမျှကဗျာတို့ကို သူမ မမြင်မြင်အောင် ပြချင်နေခဲ့သည်မို့ သူရေးသမျှကဗျာတို့ကို သူမ ဖတ်ရသည်ချည်းဖြစ်သည်။

သို့သော် ရေးပြီးသားကဗျာထဲ၌ ခေါင်းစဉ်မတပ်ရသေးသော ကဗျာတစ်ပုဒ်ကိုတော့ သူမကို မပြဖြစ်။

အကြောင်းက ထိုကဗျာကို မည်သည့်ခေါင်းစဉ်မှ မပေးရသေးသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပင်းတယ

ဒွေးမယ်နော်တို့ ပျော်ရာ

ရေပြာပြာ .... ကန်ပုတ်တလုတ်ကို

စိမ်းအုပ်အုပ် ညောင်ပင်တွေက

ညိုညိုညာညာ .... ရံဝန်းခတယ်။

မြို့ငယ်ကို ရစ်ပတ်တွေးတဲ့

တောင်တန်းကွေးမှာ

သုမနနဲ့ ဒွေးမယ်နော်ဟာ

ဖူးစာ .... ဆုံခဲ့တာပေါ့။

နိုင်ငံတကာနဲ့ ပြည်တွင်းခရီးသွားတို့ရဲ့

လေ့လာဦးညွှတ်စရာအဖြစ် ....

နှစ်သန်းပေါင်း နှစ်ရာကျော်တဲ့

သဘာဝလိုဏ်ဂူရဲ့ ရင်တွင်းမှာ

နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့တဲ့

ဗုဒ္ဓရဲ့ ရုပ်ပွားတော်တွေက

ပြည်တွင်းပြည်ပတို့ရဲ့ ဦးခိုက်ရာ

ဖူးထိုက်စွာသော အမွေအနှစ်ဖြစ်တယ်။

ရင်သပ်လို့ရှမော ....

မြင်သူအံ့ဩရတဲ့ ကျောက်စက်ပန်းဆွဲ

ခပ်ရဲရဲထိုးထွက်နေတဲ့ ကျောက်စက်မိုးမျှော်တွေနဲ့

သဘာဝရဲ့အလှတရား ဂုဏ်သတင်းက

ပင်းတယရဲ့ ယှဉ်နိုင်းစရာမရှိတဲ့

နတ်ရေးခဲ့ ရွှေပန်းချီအလား

ဝင့်ကြွားနေဆဲ .... ။

www.burmeseclassic.com

www.burmeseclassic.com

ဒီကဗျာကိုဖတ်လိုက်တော့မှပဲ ပင်းတယမြို့ရှုခင်းကို ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရသလိုပဲ . . .”

“ဒီဘက်မြို့တွေက တစ်မြို့နဲ့တစ်မြို့ ချစ်စရာကောင်းပုံချင်း မတူဘူးနော် . . . ကလောကျတော့လည်း ထင်းရှူးပင်တွေရယ်၊ မြို့ရဲ့သပ်ရပ်အေးချမ်းမှုတွေရယ် တစ်မျိုးလှတယ် . . . တောင်ကြီးဆို ရင်လည်း ခံ့ခံ့ညားညားနဲ့ ချစ်စရာကောင်းတယ် . . . ပင်းတယကျ တော့ ညောင်ပင်တန်းတွေရယ် . . . မြို့လယ်ခေါင်က ရေကန်ရယ် တစ်မြို့လုံးရဲ့ နောက်ခံတောင်ဖာန်းရယ်၊ ပန်းချီကားတစ်ချပ်လို ချစ် စရာကောင်းပြန်ရော . . .

ဒီမြို့မှာနေတဲ့ မနု၊ တောင်ရိုး၊ ပအို့ဝ်၊ ပလောင်တွေရဲ့ ခလေ့တွေကလည်း တကယ့်ကိုနှစ်သက်ငရာကောင်းတယ် . . . ရာသီဥတုကျပြန်တော့လည်း တစ်မြို့လုံးကို Aircon ပေးထားသလို အေးစိမ့်နေတယ် . . . နွေရာသီလို ရာသီဥတုမျိုးမှာတောင် သိပ်ပူတဲ့ ခံစားမှုမျိုး မရှိဘူး . . . ဒီက နွေရာသီက ရန်ကုန်ဆောင်းထက် တောင် အေးချင်နေသေးတယ် . . .”



www.burmeseclassic.com

www.burmeseclassic.com

ကလောမြို့နှင့်အနီးတစ်ဝိုက်တွင် ...

## ချစ်မည်

သူ့စကားအဆုံးမှာ သူမက ခေါင်းကိုညိတ်သည်။

"ဟုတ်တယ် . . . နွေရာသီဆိုရင် ဒီရှမ်းပြည်နယ်ဘက်က အနားယူဖို့ ကောင်းတယ် . . . ဒီဒေသက တချို့အသက်ကြီးတဲ့လူတွေက ဆောင်းရာသီဆို ဒီမှာအေးစိမ့်လွန်းလို့ ရန်ကုန်၊ မန္တလေးလို နွေးတဲ့ဒေသဘက်မှာ ဆောင်းခိုကြတယ် . . . ကိုခေတ်ကျော် ပြောသလိုပဲ . . . ရန်ကုန်ကဆောင်း အေးတယ်ဆိုတာက ဒီဒေသရဲ့နွေရာသီလောက်ပဲရှိတာကိုး . . ."

စိုက်ခင်းထဲ လမ်းလျှောက်ကြရင်း သူမက ဆိုသည်။

"ဟိုးက မြင်နေရတဲ့ တောင်တန်းမှာ ရွာတွေရှိမှာပေါ့နော်"

သဘာဝလိုဏ်ဂူရှိရာ တောင်တန်းကြီးကို လက်ညှိုးထိုးရင်း သူ မေးဖြစ်သည်။ သူမက သူ့အမေးကို ခေါင်းညိတ်သည်။ ပြီး . . .

"ရှိတာပေါ့ . . . အဲဒီတောင်တန်းမှာ ရွာတွေအများကြီးရှိတယ် . . . အဲဒီမှာ လက်ဖက်စိုက်ခင်းတွေရယ်၊ တခြား သစ်သီးသစ်နှံစိုက်ခင်းတွေက အရမ်းလှတာ . . . နိုင်ငံခြားသားတွေဆိုရင် အဲဒီတောင်တန်းပေါ်ကို တောင်တက်ခရီးအဖြစ်နဲ့ ခြေလျင်တက်ကြတယ် . . . ဒေသခံတွေရဲ့တောင်ယာစိုက်ခင်းတွေ၊ လုပ်ငန်း တွေကို လေ့လာရင်း သဘာဝရှုခင်းတွေကို ဓာတ်ပုံရိုက်ကြရင်းနဲ့ပေါ့ . . . တောလမ်းက သစ်ပင်တွေမှာ သစ်ခွအထူးအဆန်းတွေလည်း ရတတ်တယ်လေ"

"သစ်ခွတွေလည်း ရှိတယ် . . ."

"အင်း . . ."

သစ်ခွဆိုသောစကားကြောင့် ဖျတ်ခနဲ မေမေ့ကိုသတိရသည်။ မေမေက သစ်ခွဆိုလျှင် ဒေသမျိုးရော၊ နိုင်ငံခြားမျိုးပါမကျန် အမျိုးကို စုဆောင်းပြီး ဝါသနာကြီးစွာ စိုက်ပျိုးတတ်သည်ကိုး။

ဘာရယ်မဟုတ်။ တောင်တန်းကြီးကိုကြည့်ပြီး သူ့ခြေလျင် တောင်တက်ခရီးကို တက်ကြည့်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်စိုက်ခင်းတွေကို လေ့လာချင်သလို မေမေ့အတွက်လည်း သစ်ခွတချို့လိုချင်သည်။ ဈေးကဝယ်တာမျိုးမဟုတ်ဘဲ သူ့ကိုယ်တိုင် ရှာဖွေခူးရသော သစ်ခွကို မေမေ့အတွက် ပေးချင်သည်။

"ဘာလဲ ကိုခေတ်ကျော်က တောင်တက်ခရီးကို စိတ်ဝင်စားလို့လား . . . တက်ချင်ရင်တော့ စီစဉ်ပေးမယ်လေ . . ."

သူ့ရင်ဘတ်ထဲကို ထိုးဖောက်မြင်နေသည့်အလား ရွှန်းက အမေးရှိလာသည်မို့ သူ ခေါင်းကိုခပ်သွက်သွက်ညိတ်ဖြစ်သည်။

"သွားချင်တာပေါ့ . . . တောင်ပေါ်တက်တဲ့မြေနီလမ်းမှာ လမ်းလျှောက်ရင်း လက်ဖက်ခင်းတွေကြည့်ပြီးတော့ လတ်ဆတ်တဲ့လေတွေ ရှူရှိုက်ကြည့်ချင်တယ် . . ."

"ကဗျာတွေရေးပြီး ကဗျာဆန်နေပြန်ပြီ . . ."

ပြောင်ချော်ချော် အမူအရာလုပ်ပြသော သူ့ကို သူမက ရွှတ်နောက်နောက်ပင် ဆိုသည်။ ပြီး . . .

"ဘယ်နေ့သွားချင်လဲ . . ."

ဟု မေးသည်။

"ရွှန်း အဆင်ပြေတဲ့နေ့ပေါ့ . . ."

"ဟုတ်ပြီလေ . . . ကြည့်စီစဉ်လိုက်မယ် . . ."

ဘာရယ်တော့မဟုတ်၊ သူမ၏စကားအဆုံးမှာ သစ်ခွပန်းကို မြင်ယောင်မိရင်း သူ ပျော်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



“မနက်ဖြန်မနက်စောစော တောင်ပေါ်တက်ကြတာပေါ့ ... နေမြင့်လာရင် နည်းနည်းပူလာတော့ ပင်ပန်းတယ် ... မနက်ပိုင်း အေးတဲ့အချိန်တက်တော့ အမောသက်သာတယ် ...”

ဟူသော မနေ့က သူမပြောခဲ့သည့်စကားကြောင့် သူမနက်အစောကြီးနိုးကာနေသည်။ အိပ်ရာမှထလာသောအခါ သူမက မီးဖိုဆောင်ထဲမှာ တောင်ပေါ်တက်ရန်အတွက် ပြင်ဆင်နေသည်ကို တွေ့ရသည်။

“ဘာတွေတုံး ...”

“ဩော် ... တောင်ပေါ်တက်တဲ့ ထုံးစံအတိုင်းပဲလေ ... အစ်ကိုပဲ တောင်တန်းကြီးရဲ့အမြင့်ဆုံးတောင်ထိပ်အထိ တက်မယ်ဆိုတော့ နေ့လယ်မှတောင်ခြေကိုရောက်မှာ ... အဲဒီ့မှာ နေ့လယ်စာစားပြီးမှပဲ တောင်ထိပ်ကိုဆက်တက်ရမှာ ... ဒီတော့ ဟိုမှာနေ့လယ်စာစားဖို့ ဒီကနေထည့်သွားမှ အဆင်ပြေမှာလေ ... အဲဒါကြောင့် အဲဒီ့အတွက် ကြာဆံကြော်နေတာ ... တစ်ခါသုံးဖေ့ဘူးနဲ့ ထည့်သွားမလို့ ...”



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးပါလား . . ."

ကြာဆံကြော်ထည့်ထားသော ဒယ်အိုးကြီးကိုကြည့်ရင်း သူ ဆိုဖြစ်သည်။

"ရွှန်းနဲ့အတူ လိုက်တက်မယ့် ညီမလေးအတွက်ရယ် . . . ပြီးတော့ ဒိပစ္စည်းပစ္စယတွေ သယ်မယ့်မောင်လေးတစ်ယောက်အတွက်ပါ ပိုကြော်ထားတာလေ . . . တကယ်တမ်း တောင်တက်နေကျ လူမဟုတ်ရင် ဘာပစ္စည်းမှသယ်ချင်တာ မဟုတ်ဘူး . . . သယ်နိုင်မှာလဲ မဟုတ်ဘူး . . . ဒီနေ့ နေ့လယ်စာတွေအပြင် တစ်လီတာ ရေသန့်ဗူး လေးငါးလုံးကလည်း သယ်ရဦးမှာလေ . . ."

"ဩော် . . ."

သူမ ရှင်းပြမှပဲ သူ သဘောပေါက်တော့သည်။ သူမအတွက် မိန်းကလေးအဖော်ကလည်း ခေါ်မှသင့်တော်မည်ကို သူ မတွေးခဲ့ဖြစ်။

"ဘာလုပ်ကူရဦးမလဲ . . ."

သူ့အမေးကို သူမက . . .

"ရပါတယ်" ဟု ဆိုသည်။

"အဲ . . . ရပါတယ် ဆိုပေမယ့် ရေသန့်ဗူးလေးတွေတော့ မဝယ်ရသေးဘူး . . . တစ်လီတာဗူးလေးတွေလေ . . အဲဒါ တစ်ဆွဲလောက် သွားဝယ်ပေးမလား . . ."

"တစ်ဆွဲဆိုတာက . . ."

"တစ်ဆွဲဆိုတာက ဒါဇင်ဝက်တစ်ပါကင်ကိုပြောတာ . . . ရေသန့်ခြောက်ဗူးပါကင်ကို တစ်ဆွဲလို့ပြောတာ . . ."

"ဩော် . . ဟုတ်လား . . . ရတယ်လေ . . . အစ်ကို သွားဝယ်လိုက်မယ် . . ."

သူ ခေါင်းညိတ်ရင်း ဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အစ်ကိုပြန်လာမှ အတူတူ Breakfast စားမယ်လေ . . . ပြီးတာနဲ့ တောင်ပေါ်ချက်ချင်းတက်တာပေါ့ . . ."

"OK ဒါဖြင့် အစ်ကို သွားလိုက်ဦးမယ် . . . တခြား ဘာမှာဦးမလဲ . . ."

"အင်း . . . မှာစရာမရှိပါဘူး . . ."

သူမက စဉ်းစားရင်း ဖြေသည်။ ဧည့်ခန်းနံရံမှာချိတ်ထားသော ကားသော့ကိုယူကာ သူ ထွက်လာခဲ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကားကိုမောင်းလာရင်းမှ လမ်းဘေးမှာရပ်ထားသော ပျက်နေဟန်တူသည့် ကားကိုကြည့်ပြီး သူ မျက်မှုန်ကုတ်သွားရသည်။

"သွန်းရဲ့ကားပါလား . . . ဘာဖြစ်တာပါလိမ့် . . ."

သူ့ကားကို သွန်း၏ကားကိုကျော်ကာ လမ်းဘေးမှာ ချရပ်ဖြစ်သည်။ ကားပေါ်မှဆင်းလိုက်တော့မှ ကားဘေးမှာရပ်နေသော သွန်းကို ငိုမဲ့မဲ့မျက်နှာဖြင့် တွေ့ရသည်။

"ကား ဘာဖြစ်သွားလို့လဲ သွန်း . . ."

သူ့အသံကြောင့် သွန်းက ဝမ်းသာအားရ လှည့်ကြည့်သည်။ သူ့ကားက သူမကားရှေ့တွင် ရပ်လိုက်သည်ကိုပင် မသိရလောက်အောင် သူမက စိတ်လေနေပုံပေါ်သည်။

"ကားဘီးပေါက်သွားလို့ . . . ကားဘီးက အပိုပါမလာဘူး . . . ဒီဟာကို ဖြုတ်ပြီးမှ သွားဖာ . . . ဖာပြီးတော့ ပြန်ယူလာပြီးမှ တပ်ရမှာ . . . အိမ်ကိုပြန်ယူရအောင်ကလည်း အိမ်ကတာယားလို့ အပေါက်ပဲ . . . အဲဒါမဖြုတ်တတ်လို့ စိတ်ညစ်နေတာ . . . ကူပါဦး"

မျက်နှာငယ်လေးနှင့်ဆိုသော သွန်းကိုကြည့်ပြီး သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မကူညီလို့ကလည်း ကောင်းမည်မဟုတ်။ သူ့ခမျာက ကားဘီးမဖြုတ်တတ်ရှာသူ။ ရေသန့်သွားဝယ်ရန်ကိစ္စကို အသာထားပြီး သူ ကားဘီးဖြုတ်ရန် ဆုံးဖြတ်လိုက်ရသည်။

ပေါက်နေသော ကားဘီးကိုဖြုတ်ကာ သူ့ကားပေါ်တင်စဉ် သွန်းက . . .

"သွန်း . . . ဒီကပဲ စောင့်ရမလား . . . လိုက်ခဲ့ရမလား" ဟု မေးသည်။

"ရတယ် . . . သွန်းသဘောပဲ . . ."

"ဒါဖြင့် . . . ဒီကပဲ စောင့်တော့မယ် . . ."

"OK ဒါဆို အစ်ကို သွားဖာပြီး ပြန်လာခဲ့မယ် . . ."

"ဟုတ် . . ."

သွန်းက အားနာဟန်ဖြင့် 'ဟုတ်' ဟုဆိုရင်း ခေါင်းကိုညိတ်သည်။ သူ ကားကိုခပ်သွက်သွက်မောင်းကာ လေထိုးကျွတ်ဖာဆိုင်မှာ ကားဘီးကိုအပ်ပြီး ကားဘီးဖာချိန်မှာ ရေသန့်ပြေးဝယ်ဖြစ်သည်။ ရှန်းကတော့ Breakfast စားရန် စောင့်နေပေလိမ့်မည်။ ဒီမှာက လည်း ကိစ္စကပေါ်လာခဲ့သည်မို့ ဘယ်လိုမှမတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com

ကားဘီးကိုပြန်တပ်ပြီးသွားသောအခါ သွန်းက သူ့အား လက်သုတ်ရန် အဝတ်စတစ်ခုကို ပေးသည်။

"ကိုခေတ်ကျော်တော့ ပပ်ပန်းသွားပြီ . . . ကဲ . . . သွန်း နောက်ကို လိုက်ခဲ့ . . ."

"ဘယ်လို . . ."

သွန်း၏စကားကြောင့် သူ 'ဘယ်လို' ဟု မေးဖြစ်သည်။

"သွန်း ကားနောက်ကို လိုက်မောင်းခဲ့လို့ . . . ကိုခေတ်ကျော် ကို မနက်စာကျွေးမလို့ . . ."

"အာ . . . အစ်ကို မစားတော့ဘူး . . ."

"မရဘူး . . . မရဘူး . . . မလိုက်ရင် စိတ်ဆိုးမှာနော် . . . ဒီလောက်ပင်ပန်းသွားတဲ့ဥစ္စာ . . . တစ်ခုခုတော့ ကျွေးမှဖြစ်မယ် . . . ခဏလေးပဲ လိုက်ခဲ့ပါ . . ."

"အစ် . . . ကိုကလေ . . . ဟို . . ."

"ဟိုတွေ၊ ဒီတွေ လုပ်မနေပါနဲ့ . . . ကဲ . . . ဒါဖြင့်လည်း နီးနီးနားနား ဟိုဆိုင်မှာပဲ စားလိုက်ရအောင် . . . ကားလည်းရွှေ့ စရာမလိုတော့ဘူး . . . လာပါ . . . သွန်းလည်း ဗိုက်ဆာနေပြီ . . . တစ်ယောက်တည်း မစားချင်လို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



သွန်းက သူ့လက်ကိုဆွဲကာ ဖွတ်ခေါ်နေသည်မို့ သူ့အားနာ နာဖြင့် လိုက်လာပြန်သည်။ 'အမြန်စားပြီး အမြန်ပြန်မှ' ဟုလည်း တွေးဖြစ်သည်။

ကားဘီးဖြုတ်ချိန်၊ ဖာချိန်၊ ပြန်ချိန်နှင့် ဆိုင်ထိုင်ချိန်ပေါင်း လိုက်လျှင် အနည်းဆုံး လေးဆယ့်ငါးမိနစ်ခန့်တော့ ရှိလိမ့်မည်။

ရွှန်းတစ်ယောက် ဘာမှမစားသေးဘဲ စောင့်နေမည်လား မသိ။ 'စောင့်နေမည်' ဟု ပြောထားသည်မို့ 'သေချာပေါက်စောင့်နေ လိမ့်မည်' ဟု တွေးရင်း သူ အားနာကာလာသည်။

"တော်သေးတာပေါ့ . . . ကိုခေတ်ကျော်သာ ရောက်မလာ ရင် သွန်းတော့ ဘယ်သူ့အကူအညီတောင်းလို့ တောင်းရမှန်းတောင် မသိဘူး . . . လုံးဝ ကျေးဇူးပဲ သိလား . . ."

အပြုံးတစ်ဝက်ဖြင့်ဆိုသော သွန်းကို သူ ပြန်ပြုံးပြဖြစ်သည်။ လူမှုရေးအရ သွန်းပြောသမျှတို့ကို ပြုံးရင်းခေါင်းညိတ်နေရသော် လည်း စိတ်က အိမ်ပြန်ရောက်နေသည်။

"ကိုခေတ်ကျော် ဘာစားမလဲဟင် . . ."

"ကော်ဖီပဲ သောက်တော့မယ် . . ."

"အာ . . . တစ်ခုခုစားပါ . . ."

"ရတယ် သွန်း . . . အစ်ကို ဗိုက်သိပ်မဆာလို့ . . ."

နာရီကိုပင့်ကြည့်ရင်း သူ ဆိုဖြစ်သည်။ ရောက်လာသော ကော်ဖီကို ခပ်သွက်သွက်သောက်ရင်း သွန်းပြောသမျှတို့ကို ခပ်မြန် မြန် ခေါင်းလိုက်ညိတ်ရင်းဖြင့် သူ စိတ်အိုက်လာသည်။

ဒေါသအိုးမလေး ရွှန်းကတော့ ရေသန့်ဝယ်တာ တစ်နာရီ ကျော်ကျော်လောက်ကြာသောသူ့ကို ကောင်းကောင်းကြီး ဒေါသထွက် နေလောက်ပြီ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထင်သည့်အတိုင်းပင် သူ ပြန်ရောက်သောအခါ ရွှန်းက ဝရန်တာမှာထိုင်ကာနေသည်။ သူ ဝင်လာသည်ကို မြင်သောအခါ မျက်နှာကို တစ်ဖက်သို့ လွှဲကာသွားသည်။

"Sorry ရွှန်း . . . အစ်ကို ကြာသွားတယ် . . ."

"ရပါတယ် . . . အေးအေးဆေးဆေး စားခဲ့သောက်ခဲ့ရရဲ့လား . . . မျက်နှာချင်းဆိုင် ရယ်ရယ်မောမောနဲ့ စားသောက်နေတာတွေ့တော့ ဒီနေ့ တောင်ပေါ် မတက်ဖြစ်တော့ဘူးထင်နေတာ . . . မသွားချင်ရင်လည်း ပြောနော် . . . ကျွန်မတို့ကို အားနာလို့ မအားတဲ့ကြားထဲက တက်လိုက်ရတယ်ဆိုတာမျိုး ဖြစ်နေမှာစိုးလို့ . . ."

"အာ . . . ရွှန်း မှားနေပြီ . . ."

သူ ရှုတ်ချည်းဆိုသလို ငြင်းဖြစ်သည်။

"အစ်ကို ရေသန့်ဝယ်သွားတော့ လမ်းမှာသွန်းရဲ့ကားဘီး ပေါက်နေတယ် . . . မိန်းကလေးတစ်ယောက်တည်း မလုပ်တတ်၊ မကိုင်တတ်ဖြစ်နေလို့ ကားဘီးဖြုတ်တာ၊ ဖာတာ၊ တပ်တာတွေ လုပ်ပေးပြီး ပြန်မလို့လုပ်တော့ သွန်းက ကော်ဖီဒွတ်တိုက်နေလို့ အားနာ

www.burmeseclassic.com



လို့ သောက်နေရတာ . . . အခုထိ ဗိုက်ထဲမှာ ကော်ဖီပဲရှိတယ် . . . ဘာမှကို မစားရသေးဘူး . . . ကဲပါ . . . ရွှန်းတို့စောင့်နေရတဲ့အတွက် အစ်ကို တောင်းပန်ပါတယ် . . . အစ်ကို ဗိုက်ဆာနေပြီ . . . ဘာစားရမလဲ ဟင် . . .”

လေပြေဖြင့်ဆိုသော သူ့စကားကြောင့် သူမ၏မျက်နှာက တင်းနေရာမှ အနည်းငယ်ပြေလျော့ကာလာသည်။

“ရှင်ပဲ ဗိုက်ဆာတာမဟုတ်ဘူး . . . ကျွန်မလည်း ဆာတာပဲ . . . ပြင်ပေးမယ် ခဏစောင့် . . .”

ဆောင့်ကြီးအောင့်ကြီးဆိုရင်း သူမ အိမ်ထဲဝင်ကာသွားသည်။ စိတ်ဆိုးနေချိန်မို့ ‘အစ်ကိုတွေ’ ‘ရွှန်းတွေ’ မဟုတ်တော့ဘဲ ‘ရှင်တွေ’ ‘ကျွန်မတွေ’ ဖြစ်နေသော သူမ၏အပြောအဆိုတို့ကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။ တတ်လည်းတတ်နိုင်တဲ့ ရွှန်း . . .။ ခဏကြာတော့ ကြာဆံကြော်နှစ်ပွဲဖြင့် ဝရန်တာကို သူမ ရောက်လာသည်။

“မြန်မြန်စားပြီး မြန်မြန်သွားကြတာပေါ့ . . . အချိန်က အတော်လင့်နေပြီ . . . လိုက်ကူကြမယ့် မောင်နှမနှစ် ယောက်ကိုတောင် သွားဖြစ် မသွားဖြစ် မသေချာမှာစိုးလို့ တစ်ခေါက်ထပ်လာမေးဦးလို့ ပြောလိုက်တယ် . . . ဟော . . . ပြောရင်းဆိုရင်း လာပြီ”

သူကြည့်ရာဆီ လိုက်ကြည့်တော့ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိမည့် မောင်နှမနှစ်ယောက်ကို တွေ့ရသည်။

“မရွှန်း . . . တောင်ပေါ်တက်ဖြစ်မှာလား . . .”

“အေး . . တက်ဖြစ်တယ် . . . လာလေ . . . ကြာဆံကြော် စားဦး . . .”

“မစားတော့ဘူး . . . စားခဲ့ပြီ . . .”

“ဒါဆို ခဏလေးစောင့်နော် . . . ပြီးနေပြီ . . .


www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် တောင်ပေါ်လိုက်ကူကြမည့် မောင်နှမနှစ်ယောက် ပြောနေကြသည်ကို နားထောင်ရင်း စားလက်စကို သူ လက်စသတ်လိုက်သည်။

"ဟောတော် . . . ဝပြီလား . . ."

"ဝပြီလေ . . . အစ်ကိုက စားတာမြန်တယ် . . ."

'ဝပြီလား . . ' ဆိုသော သူမ၏အမေးကို သူ ဖြေဖြစ်သည်။

"မိတ်ဆက်ပေးရဦးမယ် . . ဒီမောင်လေးက ဟန်မင်းကျော်တဲ့ . . . ကျော်ကျော်လို့ပဲ ခေါ်ကြတယ် . . . ဒါက သူ့အစ်မ ဟန်သူဇော်တဲ့ . . . သူ့ကိုကျတော့ သူသူလို့ပဲ ခေါ်တယ် . . . ရှမ်းထက်အငယ်တွေဆိုတော့ မောင်လေးနဲ့ ညီမလေးပေါ့ . . ."

အသက်သိပ်ကွာပုံမရသော်လည်း သူမကိုယ်သူမ ဖွတ်ကြီးအစ်မဖြစ်ချင်နေသည်ကိုကြည့်ရင်း သူ ပြုံးမိသည်။

"ကဲ ကဲ . . . သွားကြမယ် . . ."

သူမက ဘေးမှာချထားသော ကျောပိုးအိတ်သေးသေးလေးကို လွယ်ရင်း ကျော်ကျော်ကို ကြာဆံကြော်များနှင့် ရေသန့်ဘူးများ ထည့်ထားသော ကျောပိုးအိတ်ကို ပေးသည်။

"အစ်ကို ဘာသယ်ကူရဦးမလဲ . . ."

"ရပါတယ် . . . ဘာမှမသယ်ကူနဲ့ . . . ကိုယ့်ဘာသာကိုယ်သာ တောင်ပေါ်တက်နိုင်အောင် ကြိုးစား . . . ရှမ်းတို့သုံးယောက်က အပျင်းပြေ သစ်ခွရှာရင်းနဲ့ သွားနေကျ . . . ကဲ . . သွားကြမယ်"

ပြောရင်းဆိုရင်း သူမ လှမ်းပေးသော တောင်ဝှေးကို အူကြောင်ကြောင်ဖြင့်ယူကာ သူမတို့နောက်ကို လိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ် သို့စတက်စမှာ သိပ်မသိသာလှသော်လည်း အတက်တွေ တဖြည်းဖြည်းမတ်စောက်လာသောအခါ သူ ဟောဟဲဆိုက်ကာလာသည်။ အကျီတွေ တစ်လှှာပြီးတစ်လွှာချွတ်ရင်းဖြင့် နောက်ဆုံး စွပ်ကျယ်သာ သူ့ကိုယ်မှာ ကျန်တော့သည်။

ဟောဟဲဆိုက်ကာ ခြေလှမ်းတို့ တဖြည်းဖြည်းနှေးကာလာသော သူ့ကိုကြည့်ရင်း သူမတို့သုံးယောက်ကတော့ ပြုံးစိစိကြီးတွေ ဖြစ်နေကြသည်။

"ဘယ်လိုလဲ . . . ဒီပုံစံအတိုင်းဆို တောင်ထိပ်ထိတက်ဖို့ အဆင်ပြေပါ့မလား . . . မရရင်လည်း ပြောနော် . . . ပြန်လှည့်လို့ ရသေးတယ် . . ."

ပြောင်စိစိဖြင့်ဆိုလာသော သူမ၏စကားကြောင့် သူ မခံချင်ဖြစ်သွားရသည်။ ထို့ကြောင့် လေးဘက်ထောက်လုနီးနီးဖြစ်နေသော သူ့ကိုယ်သူ မတ်မတ်ရပ်လိုက်ရင်း အသက်ကိုဝအောင်ရှူဖြစ်သည်။

"ဘာဖြစ်လို့ မတက်နိုင်ရမှာလဲ . . ."

ပြောမယ့်သာပြောရသော်လည်း ဟောဟဲဆိုက်နေဆဲသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သုံးယောက်က ကြည့်ရင်းရယ်ကြသည်။

"မရွှန်း . . . အခုတစ်ခေါက် သစ်ပင်ပေါ်မှာ သစ်ခွတွေ မတွေ့ရဘူးနော် . . . အရင်တုန်းကဆို ဒီလောက်တောင်တက်ပြီးရင် ကျွန်တော်တို့ သစ်ခွတွေ တော်တော်ရနေပြီ . . ."

ကျော်ကျော်၏စကားကို ၎င်း၏အစ်မဖြစ်သူ သူသူက . . .

"အေးနော် . . . မရွှန်းနဲ့သူသူတို့ အရင်နှစ်တွေလာတုန်းက ဆို ခူးလို့တောင်မနိုင်ဘူး . . . ဟိုသစ်ပင်မှာလည်း သစ်ခွ . . . ဒီ သစ်ပင်မှာလည်း သစ်ခွ . . . အပင်အားလုံး သစ်ခွတွေချည်းပဲ . ."

ဟု ထောက်ခံသည်။

"ကြည့်ရတာ စီးပွားဖြစ် သစ်ခွမုဆိုးတွေ တစ်စထက်တစ်စ များလာပြီ ထင်တယ် . . . အရင်တုန်းကဆို တော်တန်ရုံဈေးမရှိတဲ့ သစ်ခွမျိုး . . ဥပမာ ဖယောင်းပန်းသစ်ခွမျိုးဆို ဘယ်သူမှတောင် သိပ်မခူးချင်ကြဘူး . . . အခုက ဘာသစ်ခွမှကို မတွေ့ရတာ . . ."

ရွှန်းက သစ်ပင်များပေါ် ဟိုကြည့်ဒီကြည့်လုပ်ရင်းဆိုသည်။ မေမေ့အတွက် ကိုယ်တိုင်ခူးသောသစ်ခွကို လက်ဆောင်ပေးချင်သည့် သူ့အဖို့ နည်းနည်းတော့ စိတ်ဓာတ်ကျသွားရသည်။

သို့သော်လည်း မတက်ဖူးသော တောင်တက်အတွေ့အကြုံ ရရှိမှုနှင့်သာ သူ့ကိုယ်သူ ဖြေသိမ့်ဖြစ်သည်။

တစ်လမ်းလုံးမှာတွေ့ရသော အပင်တစ်မျိုးကို 'ဘာပင်လဲ' ဟု မေးဖြစ်သည်။ အပင်များမှာ အသီးတချို့လည်း ရှိနေသည်။

"အဲဒါ ပင်စိမ်းသီးပင်လေ . . . ကြားဖူးတယ် မဟုတ်လား . . . ပင်စိမ်းသီးနေစာလောင် မိန်းမလက်ဆောင်ပေးရအောင် . . . ပင်စိမ်းသီးပိုးထိုး တောင်ကြီးသူမှရအောင်ပိုး ရအောင်ပိုးဟေ့ . . ရအောင်ပိုး . . . ဆိုတဲ့ သံချပ်ထဲက ပင်စိမ်းသီးပင် . . . အပင်ပေါ် မှာ လက်ကျန်ပင်စိမ်းသီးတောင် တစ်လုံးစ နှစ်လုံးစ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်
ချစ်မည်

ကျော်ကျော်က တောင်ရိုးမနေတို့၏ ရိုးရာသံချပ်ကို ရွတ်ဆိုမြှရင်း ဆိုသည်။ သူသူကတော့ သူ့ကိုကြည့်ပြီး . . .

"ရန်ကုန်က အစ်ကို့ကောင်မလေးကို လက်ဆောင်ပေးချင်ရင်ပြော . . သူသူတို့အိမ်မှာဆားရည်စိမ်ထားတဲ့ ပင်စိမ်းသီးရှိတယ်"

ဟု ရယ်ကျဲကျဲဖြင့်ဆိုသည်။

"အစ်ကို့မှာ ဘာရန်ကုန်က ကောင်မလေးမှ မရှိပါဘူး . . . ဒါပေမယ့် ပင်စိမ်းသီးဆားရည်စိမ်တော့ လိုချင်တယ် . . . ဒီက ကောင်မလေးတစ်ယောက်ကို လက်ဆောင်ပေးချင်လို့ . . ."

သူသူ၏စကားကိုနင်းကာ ရွှန်းကိုတည့်တည့်ကြည့်ရင်း သူဆိုလိုက်သည်မို့ ရွှန်းမျက်နှာ ရဲခနဲဖြစ်ကာသွားသည်။

သူ့စကားအသွားအလာကို ရိပ်မိပုံရသော ကျော်ကျော်တို့မောင်နှမကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက် ရှက်နေသောရွှန်းကိုကြည့်လိုက်၊ သူ့ကိုကြည့်လိုက်ဖြင့် ပြုံးစိစိကြီးတွေ ဖြစ်နေကြသည်။

သူမကတော့ ရှက်ကိုးရှက်ကန်းဖြင့် ရှေ့ဆုံးကနေ တောင်ပေါ်တက်ကာနေသည်။ ရှက်ဝဲဝဲဖြစ်ကာနေသော သူမကိုကြည့်ရင်း သူကတော့ အမောတွေပြေကာ နေသည်ကတော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com

နေ့လယ်စာကို ညောင်ပင်ကြီးတစ်ပင်အောက်မှာစားပြီး သူတို့အားလုံး ထိုနေရာမှာပင် အနားယူဖြစ်သည်။

"ဒီကနေပဲ လှည့်ပြန်တာပေါ့ . . . အချိန်လည်း အတော်လင့်နေပြီ . . . တစ်လမ်းလုံး ရှုခင်းတွေကတော့ သိပ်လည်း မကွာဘူးဆိုတော့လေ . . ."

သူမက သူ့ကိုမရဲတရဲကြည့်ရင်း ဆိုသည်။

"အစ်ကိုက အစ်ကိုကိုယ်တိုင်ခူးထားတဲ့ သစ်ခွကို အစ်ကို့အမေအတွက် လက်ဆောင်ပေးချင်တာ . . . ကျော်ကျော်တို့ပြောသလိုပဲ သစ်ခွကလည်း မတွေ့ရသလောက်ကို ရှားတယ်နော် . . ."

သူ့စကားကြောင့် ကျော်ကျော်က . . . .

"ဟုတ်ပါ့ဗျာ . . ."

ဟု ဆိုသည်။

"အစ်ကိုရယ် . . . သစ်ခွလိုချင်တာများ . . . မမရွှန်းမှာတောင်းပေါ့ . . . မမရွှန်းစိုက်ထားတဲ့ သစ်ခွတွေက စုံမှစုံ . . ."

ပြောရင်းရယ်ကျဲကျဲလုပ်သော သူ့သူကို သူမက မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းခနဲ ထိုးသည်။

"မပေးနိုင်ပေါင် . . . ကိုယ်ကိုယ်တိုင် သစ်ပင်ပေါ်တက်ခူးထားတာ . . . ဈေးကဝယ်ထားတာ မဟုတ်ဘူး . . . သူများတွေလာဝယ်တာတောင် မရောင်းဘူး . . . အလကားပေးဖို့ဆိုရင်တော့ Sorry ပဲ . . ."

သူမက သူသူ၏စကားကို ချက်ချင်းတုံ့ပြန်သည်။

"ပေးတဲ့လူက ပေးချင်လွန်းလို့ဆိုပြီး ဇွတ်ပေးရင်တောင် အစ်ကိုက မယူပါဘူး သူသူရာ . . . လိုချင်ရင် ဈေးမှာဝယ်တော့မှာပေါ့ . . . မျက်နှာငယ်ခံပြီးတောင်းဖို့ဆိုရင်တော့ Sorry ပဲ , . . ပေးရင်တောင် ယူဖို့အစီအစဉ်မရှိဘူး . . ."

ပြောင်စိစိဖြင့်ဆိုသော သူ့စကားကြောင့် သူမက တစ်ဖက်လှည့်ပြီး . . . .

"ယောကျ်ားကြီးတန်မဲ့ စောင်းပြောတတ်တဲ့လူက ရှိသေးတယ် . . ."

ဟု ရှက်ရယ်ရယ်ရင်း ဆိုသည်။

တစ်ယောက်နဲ့တစ်ယောက် ရှက်ကိုးရှက်ကန်းတွေဖြစ်နေကြသော သူတို့နှစ်ယောက်ကိုကြည့်ပြီး ကျော်ကျော်တို့မောင်နှမနှစ်ယောက်ကတော့ ရယ်လို့သာနေသည်။

ညောင်ပင်ကြီးအရိပ်အောက်မှာ တိုက်ခတ်နေသော လေညင်းက ရန်ကုန်လေလို လေပူကြီးမဟုတ်။ နေပူထဲမှဖြတ်သန်းလာသော်လည်း တိုက်ခတ်သောလေက လေနုအေးသာဖြစ်သည်။အပေါ်စီးမှနေမြင်နေရသော တောင်ယာများ၊ လက်ဖက်စိုက်ခင်းများကစိမ်းချိုကားတစ်ချပ်ကို မြင်နေရသလို လှပကာနေသည်။

"ကဲ ကဲ . . . ပြန်ကြရအောင် . . ."

သူမက သူမဝတ်ဆင်ထားသော ဂျင်းဘောင်းဘီအနက်ရောင်စကို



www.burmeseclassic.com

www.burmeseclassic.com



လိပ်ခေါက်တင်ရင်းက ဆိုသည်။ အားလုံးထရပ်ကာ တောင်အောက် ပြန်ဆင်းရန် ပြင်ကြသည်။

"ကြာဆံကြော်ဗူးတွေ၊ ရေသန့်ဗူးတွေ မပါတော့လို့လား မသိဘူး . . . ကျောပိုးအိတ်က ပေါ့ရွတ်ရွတ်ကြီးဖြစ်နေတယ် . . . အစ်ကို ပြန်ဆင်းနိုင်သေးရဲ့လား . . . ကျောပိုးဆင်းပေးရမလား . . ."

ကျော်ကျော်က ကျောပိုးအိတ်ကိုခါရင်း သူ့ကို လှမ်းစသည်။

"အာ . . . မင်းက အစ်ကို့ကိုအထင်သေးတာလား . . . ဒီတောင်တက်တာလောက်ကတော့ အေးဆေးပေါ့ . . အစ်ကိုလည်း မင်းပြောသလို တစ်ယောက်လောက်တော့ ကျောပိုးဆင်းနိုင်ပါသေးတယ်"

ရွှန်းဘက်ကို မသိမသာ မျက်စပစ်ပြရင်း ပြောင်ချော်ချော်သူ ဆိုဖြစ်သည်မို့ ကျော်ကျော်တို့မောင်နှမက တခွီးခွီးဖြင့် ရယ်သည်။

ရွှန်းကတော့ သူမကိုပြော၍ သိသည်မို့ မျက်နှာကြီးနီတွတ်ကာ သူ့ပခုံးကို လှမ်းရိုက်သည်။ နာကျင်ခြင်းမရှိသော သူမ၏ရိုက်ချက်က သူ့နှလုံးသားကို ညင်သာစွာ ထိရှ၍သွားသည့်အလား ရင်မှာနွေးခနဲ၊ အေးခနဲ ဖြစ်ကာသွားသည်။

"ကဲ . . . ကဲ . . . ကျွန်တော်တို့မောင်နှမက လမ်းလျှောက်တာ မြန်တယ် . . . ဒီတော့ လျှောက်ရင်းနဲ့ ရှေ့နားက စောင့်မယ်"

ပြောပြောဆိုဆို ကျော်ကျော်တို့မောင်နှမက သုတ်သုတ် သုတ်သုတ်ဖြင့် ဆင်းကာသွားသည်။ တမင် ရှေ့မှသွားနှင့်မှန်းသိသည်မို့ သူမက . . .

"ဖြည်းဖြည်းပဲ သွားပါဟဲ့ . . ."

ဟု လိုက်အော်သည်။

သို့သော် ကျော်ကျော်တို့မောင်နှမက မကြားသည်ပဲလား မကြားချင်ယောင်ဆောင်သည်ပဲလားတော့မသိ။ လှည့်၍ပင်မကြည့်

www.burmeseclassic.com

www.burmeseclassic.com

"ရွှန်းက ကဗျာဝါသနာပါတယ်ဆိုတော့ ရွှန်းကိုအကူအညီတစ်ခု တောင်းရဦးမယ် . . . အစ်ကို ကဗျာတစ်ပုဒ်ရေးထားတာ ခေါင်းစဉ်မပေးရသေးလို့ . . . အဲဒါ ရွှန်းခေါင်းစဉ်တပ်ပေးမလား"

"ရွှန်းက ဆရာမကြီးမှ မဟုတ်တာ . . . မရွေးပေးတတ်ပါဘူး . . ."

တောင်အောက်ကိုင်ဆင်းရင်းဆိုသော သူ့စကားကို သူမက ခေါင်းခါရင်းဆိုသည်။

"ကဗျာကိုဖတ်ကြည့်ရင်တော့ ခေါင်းစဉ်ပေးဖို့ အကြံလေးဘာလေး ထွက်ချင်ထွက်လာမှာပေါ့ . . . ပြန်ရောက်ရင် အစ်ကို ပေးဖတ်မယ်နော် . . ."

"အင်း . . ."

သူမက မအင်းချင်၊ အင်းချင်ဖြင့် ခေါင်းညိတ်ရင်း အင်းသည်။

"ဟာ . . . ရွှန်း . . . ဟိုမှာ သစ်ခွ . . သစ်ခွ . . ."

ဘာရယ်မဟုတ် သစ်ပင်ကြီးတစ်ပင်ပေါ် အမှတ်မဲ့ မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြစ်ရင်း သစ်ပင်ခွရင်းမှ သစ်ခွကိုလှမ်းတွေ့ပြီး သူ အော်ဖြစ်ခြင်း ဖြစ်သည်။

"ဟုတ်တယ်တော့ . . . အဲဒီသစ်ခွက တကယ်ရှားတဲ့သစ်ခွ . . . နေပါဦး . . . အဲဒီသစ်ခွနာမည်ကို မေ့နေတယ် . . ."

ရွှန်းက ခေါင်းကိုကုတ်ရင်း ဆိုသည်။

"ကဲ . . ကဲ . . . ဘာပဲပြောပြော မေမေ့အတွက် ကိုယ်တိုင်ခူးထားတဲ့ သစ်ခွပေးချင်တာ . . . အခုတော့ ဆန္ဒပြည့်ပြီ . . ရှားပါးသစ်ခွဆိုတော့ ပိုကောင်းတာပေါ့ . . . အစ်ကို တက်ခူးလိုက်ဦးမယ် . . . ညီမ အောက်ကစောင့် . . ."

ပြောပြောဆိုဆိုပင် သူ ဝတ်ဆင်ထားသည့် ဂျင်းအောင်းဘီကို ခေါက်တင်ဖြစ်သည်။ သူမက သူ့ကိုကြည့်ရင်း . . .

"ဖြစ်ပါ့မလား . . ."

ဟု ဆိုသည်။

"စိုးရိမ်တယ်ပေါ့ . . ."

ရယ်ကျဲကျဲဖြင့် ပြန်မေးသော သူ့အမေးကို သူမက . .

"မစိုးရိမ်ပါဘူး . . . မကောင်းတတ်လို့ ဝတ်ကျေတန်းကျေမေးတာ . . ."

ဟု ချက်ချင်းတုံ့ပြန်သည်။

သူမ၏ ရှက်အမ်းအမ်းအမူအရာကိုကြည့်ရင်း ဟက်ခနဲ သူ ရယ်ဖြစ်သည်။ ပြီး သစ်ပင်ပေါ်ကို မတက်တတ် တက်တတ်ဖြင့် တက်ဖြစ်သည်။ တက်၍ လူတစ်ရပ်စာကျော်ကျော် ရောက်ရုံရှိသေး၊ လက်ချော်ကာ သူ အောက်ပြုတ်ကျသည်။

"အား . . ."

'အား' ဟုမှ အော်၍မဆုံးသေး။ လူက အောက်ကို ဖုတ်ခနဲ ပြုတ်ကျပြီးနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

ခြေထောက်ဖြင့် အရင်ကျပြီး ဖင်ထိုင်ကျသည်မို့ နှစ်နေရာလုံး အီဆိမ့်ကာသွားသည်။ သိပ်အမြင့်ကြီးကမကျသည်ကိုပဲ ကျေးဇူးတင်ရမည်။ သို့မဟုတ်ပါက ကျိုးသွားနိုင်သည်။ အခုလည်း အဲကျမတော်ပါက ကျိုးနိုင်သည်။

"အစ်ကို . . ."

အလန့်တကြားအော်ရင်း သူမ ရောက်လာသည်။

"ဘာဖြစ်သွားသေးလဲဟင် . . . ခြေထောက်ရသေးရဲ့လား . . . လက် . . . လက်ကော . . ."

သူမ၏ ပျာပျာသလဲအမေးကြောင့် နာကျင်နေမှုတွေ ပြေပျောက်သွားသလား အောက်မေ့နေရသည်။ 'ခြေထောက်ရသေးရဲ့လား' ဆိုသော သူမ၏အမေးကြောင့် ဖျတ်ခနဲ သူ့ခေါင်းထဲအကြံတစ်ခုရောက်လာသည်။

ဟုတ်ပြီ . . .။

သူ ခြေထောက်မနာသည်ကို အနာလုပ်ရမည်။ ခြေထောက်နာနေသည်ဟုဆိုပါက သူမ သူ့ကိုမဖြစ်မနေတွဲရတော့မည်။ ထိုအခါ တောင်အောက်ရောက်သည်အထိ သူမပခုံးလေးကို တစ်လှမ်းချင်း၊ တစ်လှမ်းချင်း . . .

"အားလားလား . . . ခြေ . . . ခြေထောက်နာတယ် . . . ဗျ . . . ကျ . . . ကျိုးပြီလား မသိဘူး . . . အားပါးပါး နာတယ်"

မျက်လုံးကိုစုံမှိတ်ကာ ဖင်ပိတ်အော်သော သူ့အသံကြောင့် သူမက . . .

"ခြေထောက်ထောက်ကြည့်ပါဦး . . . ဒီလောက်နိမ့်နိမ့်လေးနဲ့တော့ မကျိုးလောက်ဘူး ထင်တယ် . . . ခြေခေါက်သွားတာပဲ ဖြစ်မယ် . . . ထရပ်ကြည့်ပါဦး . . ."

ဟု ပြောရင်းဆွဲထူသည်။ 'အိုင် ဂျင်ယောင်ဆောင်လျှင်အနိုး



www.burmeseclassic.com

www.burmeseclassic.com



ခတ်' ဆိုသလို အိပ်ချင်ယောင်ဆောင်သူမို့ သူကတော့ . . .

"အား . . . ကျွတ် ကျွတ် . . နာတယ် . . . ဒီလောက် နိမ့် နိမ့်လေးနဲ့ မကျိုးဘူး မပြောနဲ့လေ . . . အကျမတော်ရင် ဒီထက်နိမ့် တာနဲ့လည်း ကျိုးနိုင်တာပဲ . . . အသွားမတော်တစ်လှမ်းဆိုတာ ဒါနဲ့ တူတယ် . . . အမလေးဗျ . . . နာတယ်ဗျ . . ."

ဟု အာခေါင်ခြစ်ကာအော်ရင်း ပြန်၍ဖင်ထိုင်ချဖြစ်သည်။

"ဒုက္ခပါပဲ . . . ဆေးတွေကလည်း ကျော်ကျော့်ကျောပိုးအိတ် ထဲ ပါသွားတယ် . . ကျော်ကျော်ကလည်း ဘယ်အထိတောင် ရောက် သွားလည်း မသိဘူး . . . အော်ကြည့်ဦးမှပဲ . . ကျော်ကျော်ရေ . . . ကျော်ကျော် . . ."

သူမက ပြောပြောဆိုဆို ထအော်သည်။

"ကျော်ကျော်ရေ . . . "

သူမ အော်နေသည်ကိုကြည့်ရင်း သူကတော့ 'ကျော်ကျော် မကြားပါစေနဲ့' ဟု ဆုတောင်း၍သာနေဖြစ်သည်။

"တောက် . . . ဒီကျော်ကျော်တို့မောင်နှမကလည်း မြန် လိုက်တာ . . . ခေါ်မကြား အော်မကြားနဲ့ . . . နေပါဦး . . . ရှင်း ရဲ့အိတ်ထဲမှာ ဘာပါလဲ ကြည့်ပါဦးမယ် . . ."

ပြောပြောဆိုဆိုပင် သူမက သူမ၏ကျောပိုးအိတ်ကို မြေ ချကာ ဖွဲ့ရဲပြီးရှာကာနေသည်။ ထိုစဉ်မှာပင် တောင်အောက်မှ ပြ တက်လာသော ကျော်ကျော့်ကို သူ စိတ်မချမ်းသာစွာ လှမ်းမြင်လိုက် ရသည်။ သူမက ခေါင်းကိုငုံ့ကာ အိတ်ထဲပစ္စည်းရှာနေသည်မို့ ကျော ပေးထားသောဘက်မှ ကျော်ကျော့်ကိုမမြင်။ ထို့ကြောင့် သူ ကျော် ကျော့်ကို လက်ခါပြကာ 'သွား သွား' ဟု ဆိုဖြစ်သည်။ ထိုစဉ်မှာ သူမက သူ့ကိုကြည့်သည်။

"ဘာလုပ်နေတာလဲ . . . "

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

"နာလို့ လက်ခါနေတာ . . . နာလို့ အားလားလား . . . အောင်မလေးဗျ . . ."

လိုတာထက်ပိုအော်သော သူ့အသံကြောင့် ကျော်ကျော်က သဘောပေါက်သွားပြီး လှစ်ခနဲ ချုပုတ်နှင့်ကွယ်၍သွားသည်။

ကျေးဇူးရှင်ကျော်ကျော်ကို ကျေးဇူးတင်စွာဖြင့် သူ ရယ်ချင်သွားမိသည်။

"အစ်ကို . . . ဘာပြုံးတာလဲ . . ."

အရေးထဲ သူမက သူပြုံးတာမြင်ပြီး ထမေးသည်။

"အစ်ကိုပြုံးတာ မဟုတ်ပါဘူး ရွှန်းရယ် . . . အစ်ကိုမဲ့လိုက်တာပါ . . . ဒါပေမယ့် အစ်ကိုက အမြဲပြုံးပြုံးရွှင်ရွှင်နေတတ်တဲ့ အောင်ဆိုတော့ မဲ့လိုက်တာတောင်မှ ပြုံးတာနဲ့တူပြီး မဲ့ပြုံးပြုံးနေသလို ဖြစ်နေတယ် ထင်ပါရဲ့ရွှန်းရယ် . . . အားလားလား နာလိုက်တာ"

သူသာ မင်းသားဖြစ်ပါက ဤအခန်းက အော်စကာရမယ့် အခန်းဖြစ်မည်ထင်သည်။ သူ့အက်တင်ကို သူ အတော်ကြီး အားရသည်။ စိတ်ချသည်။ ယုံကြည်သည်။ နှစ်ခါလုပ်ပြနေစရာမလို။

"တောင်အောက်ရောက်တဲ့အထိ ရွှန်းတွဲဆ ်းပေးရတော့မှာပေါ့ . . . အိတ်ထဲမှာကလည်း ဘာဆေးမှမပါဘူး . . . ကျော်ကျော်တို့တာလည်းလေ မြန်လိုက်တာ . . ."

သူမ၏စကားကြောင့် သူ ရယ်ချင်သွားရသည်။ သို့သော် သူ မရယ်ဖြစ်အောင် အောင့်ထားဖြစ်သည်။ ရယ်လို့မဖြစ်။ သူ ရယ်လိုက်သည်နှင့် သူ ရေးဆွဲထားသော ဇာတ်ညွှန်းတွေ၊ ဂရပ်တွေ အလကားဖြစ်သွားလိမ့်မည်။

"ဒါနဲ့ ဘယ်နေရာက နာတာလဲ ဟင် . . ."

နေရာကိုမေးနေသည်မို့ ရုတ်တရက် သူကြောင်သွားရသည်။ ဘယ်နေရာကို ပြောလို့ပြောလိုက်မှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com

# ပြည့်ဝိုင်းမှုနှင့်

ထို့ကြောင့် . . .

"နှစ်ဖက်စလုံးက နှစ်ချောင်းစလုံးနာနေတာ . . . လေဖြတ်သလိုကို နာတာ . . . ကျွတ် ကျွတ် . . . အား လား . . လား လား"

"ဟင် . . . တစ်မျိုးကြီးပါလား . . . လေဖြတ်တာက ဘာခံစားမှုမှ မရှိတော့တာမျိုးလေ . . . နာတာလည်း မသိဘူး . . . ထုံတာ၊ ကျဉ်တာလည်း မသိတော့ဘူး . . ."

သူမက ရုတ်တရက် စဉ်းစားရင်းဆိုသည်။

"ဟုတ်လား . . . မှားလို့ မှားလို့ . . . နာတာကို အမည်မဖော်တတ်လို့ . . . နာတာက . . . အဲ . . . လမ်းကြိတ်စက် အကြိတ်ခံရသလိုပဲ . . . အရိုးတွေ ကျေကုန်ပြီလား မသိတော့ပါဘူး . . . အား လား လား . . . နာတယ်ဗျ . . ."

"ရှင်ကလဲလေ . . . ယောက်ျားဖြစ်နေပြီးတော့ နာတာကို ကုန်းအော်နေတော့တာပဲ . . . နားကိုအူနေတာပဲ တော်တန်ရုံနာတာကတော့ ကြိတ်ခံမှပေါ့"

သူမက သူမ၏အိတ်ကို လွယ်ရင်းက ဆိုသည်။

"ကြိတ်ခံကြည့်သေးတာပဲ . . . ဒါပေမဲ့ ဘယ်လိုမှ ကြိတ်ပြီးမခံနိုင်တော့လို့ အော်လိုက်မိကာပါ . . . မအော်နဲ့ဆိုလဲ မအော်ပါဘူး . . . နာတာကို ကြိတ်ခံပါ့မယ် ရှန်းရယ်"

မျက်နှာကိုမဲ့တဲ့တဲ့လုပ်ရင်း သူ ပြုံးတုံးပြတဲပင် သရုပ်ဆောင်ပစ်လိုက်သည်။

"တောင်ဝှေးနဲ့ သွားကြည့်ပါဦး"

သူမက တောင်ဝှေးကို လှမ်းပေးရင်းဆိုသည့်မို့ သူ စိတ်ညစ်ချင်ချင်ကြီးဖြစ်ကာသွားသည်။

"တောင်ဝှေးကိုင်ဖို့နေနေသာသာ လက်နှစ်ဖက်စလုံး ဆုပ်ကြည့်လို့တောင်မရဘူး . . . နာနေတာ . . . နာနေတာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် နိမ့်နိမ့်လေးက ကျတာပဲ . . . တစ်ကိုယ်လုံးကို မကောင်းတော့ပါလား . . . ယော်ကျ်ားမဟုတ်တဲ့အတိုင်းပဲ၊ သူ့ခန္ဓာကိုယ်ကြီးကို တွဲရဦးမယ် . . . အော်ကလည်း အော်သေး"

သူမက ပွစိပွစိဖြင့် ရေရွတ်သည်။

"အောင့်ခံကြည့်ပါသေးတယ် ရှန်းရယ် . . . တကယ်နာလို့ပါ . . . ရတယ်လေ အစ်ကို့ကို ထားခဲ့ပြီးတော့ . . . အား . . . ကျွတ် ကျွတ် . . . ကျော်ကျော့်ကို အော်ကြည့်ပါဦးလား"

တမင် ညစ်ကျယ်ကျယ်ဖြင့် သူဆိုဖြစ်သည်။ အော်ကြည့်လဲ ကျော်ကျော်ကတော့ ကြားမည်မဟုတ်မှန်း သူသိနေသည်ကိုး။

"အော်မနေတော့ပါဘူး . . . ဒီလောက်ကြာပြီဆိုတော့ သူတို့ အောင်နှမ အိမ်ကိုတောင် ပြန်ရောက်လောက်ပြီ . . . ပြန်ရောက်မှ ဆူကိုပစ်ဦးမယ်"

"အေးကွာ . . . ဒီကျော်ကျော်ဆိုတဲ့ကောင် . . . သေနာလေး . . . စောင့်ပြီးမှသွားတာမဟုတ်ဘူး . . . နောက်က ကျားလိုက်နေတာကျနေတာပဲ . . . အားလားလား . . . ကျွတ်ကျွတ် . . . ဒီသစ်ခွကိုလေ ရအောင်ကို လာခူးဦးမယ်"

သူ သံယောင်လိုက်ကာဆိုရင်း ဟန်မပျက်ပင် ညည်းညူဖြစ်သည်။

"လာလာ . . . ရှန်းတွဲပေးမယ်"

သူမက 'တွဲပေးမယ်'ဟု ဆိုလာသည်မို့ အလိုက်သင့်ပင် သူမ၏ပခုံးကို ခပ်ဖွဖွဖက်ဖြစ်သည်။ ပြီးမှ ပီပီပြင်ပြင်လေးဖြစ်သွားအောင် ခပ်နာနာလေး ဖိကာဖက်ရင်းက ပါးစပ်မှ 'တကျွတ်ကျွတ်' အော်ဖြစ်သည်။

"ရလား . . ."

'ရလား' ဟုဆိုရင်း သူမ၏လက်တစ်ဖက်က သူ့ခါးမှာလာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရစ်ပတ်ကာ ထိန်း၍ပေးသည်။

"ရတယ် . . . ရတယ် . . . ဒီလိုပဲ ဖြည်းဖြည်းလျှောက်ရ ဖြစ်မယ် . . . နည်းနည်းမြန်ရင် ခြေထောက်ကနာတယ်"

'ကြည့်စမ်း တယ်တော်တဲ့ငါ'ဟု ကိုယ့်ကိုယ်ကိုယ် တွေးဖြစ်သည်။ 'စောစောကတည်းက ဒီသစ်ခွကိုတွေ့ရမှာ'ဟု တွေးမိရင်း 'အမေရေ အမေ့ဖို့သစ်ခွ အကြောင်းပြုပြီး လိမ်မိတာ ကန်တော့နော်' ဟု စိတ်ထဲမှာ ဆက်တွေးဖြစ်သည်။

"နာရင်လည်း ဖြည်းဖြည်းပဲလျှောက် . . . ကျွန်မ သိပြီ"

"ဟင် . . ."

ရုတ်တရက်ဆိုသော သူမ၏စကားကြောင့် သူ 'ဟင်' ခနဲ လန့်ကာသွားသည်။

"ဘာ . . . ဘာသိတာလဲဟင် . . ."

"ရှင့်ခြေထောက်ကိုကြည့်ရတာ ခြစ်ရာပွန်းရာ ဒဏ်ရာတစ်ချက် လေးမှမရှိဘူး . . . သွေးလေးနည်းနည်းတောင် မစို့ဘူး . . . အခု လမ်းလျှောက်ကြည့်တော့လည်း ခပ်ဖြည်းဖြည်းလျှောက်လို့ရနေတယ် ဆိုတော့ . . ."

"ဘာ . . ဘာဖြစ်တာလဲဟင် . . . အား ကျွတ် ကျွတ် . ."

သူစကားကိုဖြတ်ကာ မေးဖြစ်သည်။

"အကြောတင်တာတို့ . . . အကြောညပ်တာတို့ပဲ ဖြစ်မယ်"

"ဟုတ်လား . . ."

သူမ၏ ထင်ကြေးကြောင့် သူ 'ဟုတ်လား'ဟု ဝမ်းသာအား ရ မေးဖြစ်သည်။

"ဟုတ်လောက်တယ် . . . အကြောပဲဖြစ်မယ် . . . တော် တော်တော့နာတာ ရှန်းရေ . . . အီဆိမ့်နေတာပဲ . . . ကျွတ် ကျွတ် ကျွတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ပျော်ပျော်ကြီးပင် 'ကျွတ်' ပစ်လိုက်သည်။

"ရလား . . . ဖြည်းဖြည်းလျှောက် . . ."

"ရတယ် . . . ရတယ် . . . အား ကျွတ် ကျွတ် ကျွတ် . . . အီဆိမ့်နေတာပဲ . . ."

သူမ၏ပခုံးကို ဖက်ထားရင်း သူမက သူ့ခါးကို ပွေ့ဖက်ထားသည်ကို ခံယူရင်း သူမ၏ ကိုယ်သင်းရနံ့ မွှေးမွှေးအေးအေးလေးကို ရှူရှိုက်ရင်း သူ ရင်အခုန်ကြီးခုန်ကာနေသည်။

သူမ၏ သနပ်ခါးရနံ့သင်းသော သူ၏ပါးပြင်နှင့်တစ်ချက်တစ်ချက် ထိလုလုအနေအထားသို့ ရောက်ရှိရောက်ချိန်တိုင်း အနမ်းတစ်ပွင့်လောက် ပေးချင်သောစိတ်ကို 'ငါ ခြေထောက်နာနေတဲ့ကောင်ပါလား' ဟူသောအတွေးဖြင့် ထိန်းထားနေရသည်။

'ရလား' ဟု သူမ လှည့်ကာမေးချိန်မှာ ထိလုလုဖြစ်ကာ သူမ၏ နှာသီးဝမှ ပင့်သက်ရှိုက်သောလေကိုပင် ခံစားသိရှိနေသည်မို့ သူ အသက်များပင် အောင့်ထားရသည်အထိ တစ်ကိုယ်လုံး ပူနွေးကာ ရင်ခုန်နေမိသည်။

ဒီပုံစံအတိုင်း လမ်းလျှောက်ရမည်ဆိုပါက တောင်အောက်အထိသာမဟုတ် ကမ္ဘာပတ်ရမည်ဆိုလျှင်လည်း သူ ပတ်ချင်ပါသည်။ ပျော်ပျော်ကြီးကို ပတ်ပစ်ချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်အောက်ရောက်ခါနီးချိန်မှာ ညောင်ပင်ကြီးတစ်ပင်အောက်၌ ထိုင်ကာစောင့်နေသော ကျော်ကျော်တို့မောင်နှမကို တွေ့ရသည်။

ခြေထောက် ထော့နဲ့ ထော့နဲ့ဖြင့် ခြေလှမ်းတစ်လှမ်းကို ခက်ခက်ခဲခဲကြီး လှမ်းနေရသော သူ။ ပြီး သူ့ကိုထိန်းကာ လျှောက်နေသော သူမကိုကြည့်ကာ ကျော်ကျော်ကတော့ မသိမသာပြုံးသည်။

"ဟယ်တော့ . . . ဘယ်လိုဖြစ်သွားရတာတုံး . . ."

"အေးလေ . . . ဘယ်လိုဖြစ်ကြတာတုံး . . ."

သူသူနှင့်ကျော်ကျော်တို့မောင်နှမက အပြေးတစ်ပိုင်းလာရင်းက မေးသည်။

"သူ . . . သစ်ပင်ပေါ်က ပြုတ်ကျလို့ . . ."

သူမကပြောရင်း သူ့ခါးကိုဖက်ကာ ထိန်းထားပေးရာက လက်ကိုလွှတ်သည်မို့ သူလည်း သူမ၏ပခုံးပေါ်မှ သူ့လက်ကို မဖယ်ချင် ဖယ်ချင်ဖြင့် ဖယ်ပေးဖြစ်သည်။ ကျော်ကျော်က . . .

"အစ်ကို့ကိုကြည့်ရတာ တော်တော်နာသွားတဲ့ပုံပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်စိတစ်ဖက်မှိတ်ပြရင်းက ဆိုသည်။ ကျော်ကျော်က ရယ်ကျဲကျဲဖြင့်ဆိုသော်လည်း သူ မရယ်ပြရဲ။

"အေးကွာ . . ."

ဟုဆိုရင်း ဟန်မပျက်ပင် 'ကျွတ်ကျွတ်'ဟု ရေရွတ်ဖြစ်သည်။

"ဟဲ့ . . . ကျော်ကျော် . . . စကားပြောတာက နောက်မှလုပ် . . . သူ့ကိုတွဲကူလိုက်ဦး . . . ငါ့မှာတစ်လမ်းလုံး သူ့ကိုတွဲလာရတာ . . . မောသလား မမေးနဲ့ . . ."

ရွှန်းက လက်ကိုခါရင်း အညောင်းဆန့်ရင်းက ဆိုသည်။ ကျော်ကျော်က 'ဟုတ်ကဲ့' ဟု ပြောင်ချွတ်ချွတ်ဖြင့်ဆိုသည်။

"လာ . . . သူသူ . . . ငါတို့အိမ်ကို ဖုန်းသွားဆက်ရအောင် . . . ကားနဲ့လာကြိုခိုင်းရမယ် . . ."

သူမက သူသူ့ကိုဆိုရင်း သူ့ဘက်လှည့်ကာ . . .

"တောင်ခြေရောက်တဲ့အထိ ဖြည်းဖြည်းလျှောက်လာခဲ့နော် . . . ကားမောင်းလို့ရတဲ့နေရာကနေ စောင့်နေမယ် . . ."

ဟု ဆိုသည်။

"အေးပါ . . . အား . . ကျွတ် ကျွတ် . . . ကျွတ် . . ကျွတ်"

သူ တမင်ပင် ရှုံ့မဲ့ကာ ညည်းတွားပြလိုက်ရင်းက ခေါင်းညိတ်ပြဖြစ်သည်။

"တဲ . . . ကဲ . . ခဏထိုင်နားချင် နားလိုက်ဦး . . ."

သူမက သူ့ကိုလှည့်ကြည့်ရင်း ဆိုသည်မို့ မျက်နှာကို တမင်ငယ်နေပုံလုပ်ရင်း ခေါင်းညိတ်ပြဖြစ်သည်။

"ရလား အစ်ကို . . . ဖြည်းဖြည်းထိုင်နော် . . . အစ်ကို့ကိုကြည့်ရတာ . . . အတော်နာနေပုံရတယ် . . ."

ကျော်ကျော်က ရယ်ချင်ပက်ကျိမျက်နှာဖြင့်ဆိုသည်။ သူမနှင့်သူသူ အတော်လေးလှမ်းလှမ်းမှာ ပျောက်ကွယ်သွားတော့မှ သူ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကျော်ကျော် တစ်ယောက်ကိုတစ်ယောက် ပြုံးစိစိဖြင့် ကြည့်ဖြစ်ကြသည်။

"အစ်ကို သစ်ပင်ပေါ်က တကယ်ကျတာရော ဟုတ်ရဲ့လား . . . ခုန်ချလိုက်တာများလား . . ."

ကျော်ကျော်၏အမေးကြောင့် သူ ရယ်ဖြစ်သည်။

"ကျတာကတော့ တကယ်ပြုတ်ကျတာကွ . . . ကျပြီးတော့မှ အကြံရတာ . . ."

"မသိပါဘူးဗျာ . . . ကျွန်တော့်မှာ မရွှန်းရဲ့အော်သံကြားတော့ ဘာများလဲလို့ ဟိုတွေး ဒီတွေးတွေတောင် တွေးမိလိုက်သေးတယ် . . . အဟဲ . . ."

ကျော်ကျော်၏စကားအဆုံးသတ် 'အဟဲ' က သူ့ကို နည်းနည်းတော့ အောင့်သက်သက်ကြီးဖြစ်သွားစေသည်။

"ဘာများလဲကွာ . . . မင်းတွေးမိတာက . . ."

"ဪ . . . သစ်ပင်ပေါ်ကပြုတ်ကျတာက မမရွှန်းများလားလို့ပါ . . ."

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။

"ကဲ . . . သွားရအောင် . . . တောင်ခြေရောက်ရင် သူတို့မြင်လောက်မယ့်နေရာကျတော့ အစ်ကို့ကို တွဲဦးနော် . . ."

"အာ . . . စိတ်ချ အစ်ကို . . . ပိုပြီး ပီပြင်သွားအောင် ကျောပိုးပြီးတော့ကို ခေါ်ပေးမယ် . . . အစ်ကိုသာ မေ့ပြီးအကောင်းအတိုင်း မလျှောက်မိစေနဲ့ဦး . . ."

"အေးပါကွာ . . . မင်းကလည်း ငါ့ကို သတိမပြတ်ပေးဦး"

"စိတ်ချ . . ."

တစ်ယောက်နဲ့တစ်ယောက် အတိုင်အဖောက်ညီညီ အတိုက်ရင်းက ရယ်ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်မှာ လူနာစတိုင်လ်ဖြင့် မှင်သေသေဖြင့်ထိုင်ပြီး သွားသောအခါ သူမက သူ့ကိုကြည့်ရင်း . . .

"ရှင့်ကို ပြောပြရမယ့်သတင်းတစ်ပုဒ် ရှိတယ် . . ."

"ဘာများလဲ . . ."

"ဒီနေ့ ရှင့်အမေနဲ့အဒေါ် ရောက်မယ် . . . ရှင့်ကိုလာခေါ်တာတဲ့ . . . မနက်ဖြန် ပြန်ကြမယ် ပြောတယ် . . ."

"ဟော . . ."

သူ အံ့အားသင့်သွားရသည်။ ဖုန်းမဆက်၊ ဘာမဆက် အကြောင်းမကြားဘဲ ချက်ချင်းကြီးမို့ သူ အတော်ကြီးအံ့အားသင့်သွားရသည်။

"ခြေထောက်နာနေသေးလား . . ."

"အင်း . . . နည်းနည်းတော့ သက်သာသွားပါပြီ . . ."

ဖြေရင်း ဘာရယ်မဟုတ်။ နောက်ခန်းမှ ကျော်ကျော်ကို မျှော်မလုံဘဲ လှည့်ကြည့်ဖြစ်သည်။ ကျော်ကျော်ကတော့ အဝေးတို့ ငေးနေဟန် ပြုသည်။ သို့သော် ရယ်ချင်စိတ်ကို ချုပ်ထိန်းထားဟန်တ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာနေသည်။

"တောက် . . . အဲဒီ့သစ်ခွကိုလေ . . . ခြေထောက်များ ထောင်းနေလို့ကတော့ မရရအောင်ကို တက်ခူးဦးမှာ . . ."

"တော်ပါတော့ . . ဒီလောက်နိမ့်နိမ့်လေးက ကျတာတောင် ဒီလောက်ဖြစ်နေရင် ဒီထက်အမြင့်ကကျရင် ဇက်ကျိုးမှာသေချာ တယ် . . ."

သူမ၏စကားကြောင့် ရယချင်စိတ်ကိုအောင့်ထားရဟန် တူသော ကျော်ကျော်က ခွီးခနဲထရယ်သည်မို့ သူ ကျော်ကျော့်ကို လှည့်ကြည့်ရင်း မျက်လုံးပြူးပြူးဖြစ်သည်။ သိသိသာသာကြီး ပြုးပြု လို့လည်း မရ။ တော်ကြာ ရှန်းရော၊ သူ့သူပါ တစ်ယောက်မဟုတ် တစ်ယောက် ရိုပ်မိသွားနိုင်သည်။

"မပြန်ချင်သေးဘူးကွာ . . ."

စိတ်ညစ်ညစ်နဲ့ ညည်းသော သူ့စကားအဆုံးမှာ ကျော်ကျော် က . . .

"သစ်ခွခူးချင်သေးလို့လား အစ်ကို . . ."

ဟု ရွတ်နောက်နောက်ဖြင့် ဆိုသည်။

သူ စိတ်ညစ်ညစ်ဖြင့် . . .

"အေး . . ."

ဟု ဖြေဖြစ်သည်။ မြွေမြွေချင်းမို့ ခြေမြင်သည်ဟုပဲ ဆိုရ မလား . . .။

www.burmeseclassic.com

www.burmeseclassic.com

"အမလေး ငါ့သားရယ် . . . ဖြစ်မှဖြစ်ရလေ . . . တော်သေးတာပေါ့ . . . ကျိုးမသွားလို့ . . ."

မေမေက ရင်ဘတ်ကိုဖိရင်းဆိုသည်။ ဘာရယ်မဟုတ် သူမကို လှမ်းကြည့်တော့ မျက်နှာငယ်လေးဖြင့် ခေါင်းငုံ့ကာနေသည်။ ဘာပြောပြော တောင်ပေါ်တက်ရန်စီစဉ်ပေးသူမှာ သူမကိုး။

"ကျေးဇူးတင်ပါတယ် ကိုခေတ်ရယ် . . . တူလုပ်သူ အနေအထိုင်မတတ်တာနဲ့ . . . မတော်လို့ကျိုးရင် ဒေါ်လေးပဲ အပြောခံရမှာ . . ."

ဒေါ်လေးက သူ့ခေါင်းကို ခပ်ဖွဖွပွတ်ရင်းက ဆိုသည်။

"ဒါနဲ့ မေမေတို့က ဘာဖြစ်လို့ ဗြုန်းစားကြီးရောက်လာကြတာတုံး . . ."

"အမလေး . . . သူ့ကိုမမေးနဲ့ . . . ဒေါ်လေးကိုမေး . . . ဒေါ်လေးရှင်းပြမယ် . . . မင်းမေမေရော၊ မင်းဖေဖေရော၊ မင်း အစ်ကိုရော၊ မင်းရော . . တစ်မိသားစုလုံး စက်ဘူကို အလည်သွားကြမလို့တဲ့ . . . အဲဒါ အားလုံးစီစဉ်ပြီးပြီ . . ဖုန်းဆက်ပြီးလှမ်းခေါ်ရင်


www.burmeseclassic.com

www.burmeseclassic.com



လောမှာစိုးလို့ . . . မင်းမေမေကိုယ်တိုင် ဆိုင်းမဆင့်မဗုံမဆင့် လာခေါ်တာ . . . လာခေါ်မယ့်အကြောင်း ဖုန်းဆက်ရင် ရှောင်နေမှာစိုးလို့ . . . ဖုန်းကြိုမဆက်တာတဲ့ . . . ကဲ ရှင်းပြီလား . . .”

ဒေါ်လေး၏စကားကြောင့် သူ ခေါင်းကိုကုတ်ဖြစ်သည်။

“ဖေဖေက သားကို ဆူနေပါဦးမယ် . . . ရန်ကုန်မပြန်ချင်ဘူးဗျာ . . .”

“မဆူပါဘူးကွယ် . . . မေမေ သေသေချာချာပြောထားပြီးသား . . . ငါ့သား ပြန်လာလို့ မင်းဖေဖေဆူရင် မေမေ့ကို ကြိုက်သလိုသာ ပြော . . .”

“တကယ်နော် . . .”

“တကယ်ပါဆို . . .”

“သားက မေမေ့ကြောင့် လိုက်ပြန်ရတာနော် . . .”

“အေးပါ . . .”

မေမေက ‘အေးပါ’ ဟုဆိုသည်။ ဒေါ်လေးက . . .

“ငါ့တူကတော့ မကြီးမငယ်နဲ့ မအေကိုခွဲနေပြန်ပြီ . . .”

ဟု ဆိုရင်း ရယ်သည်။

“မနက်ဖြန် ဟဲဟိုးလေယာဉ်ကွင်းကို ရှစ်နာရီအရောက်သွားရမှာ . . . ဒီက ဘယ်အချိန်သွားရမလဲ ကိုဟိန်း . . .”

ဒေါ်လေးက ကိုဟိန်းကို လှမ်း၍မေးသည်။

“ငါးနာရီလောက်သွားရင် အဆင်ပြေပါတယ် . . ကျွန်တော်လိုက်ပို့ပေးမယ်လေ . . .”

“ဩော် . . . အေး ကောင်းတာပေါ့ . . . ရွှန်းရေ ဒေါ်လေးဝယ်လာတဲ့အကျီတွေ ကြိုက်ရဲ့လား . . . ကြည့်ပါဦး . . .”

ဒေါ်လေးက ကိုဟိန်းကိုပြောနေရာမှ ရွှန်းဘက်သို့လှည့်ရင်းဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကလောမြို့နှင့်အနီးတစ်ဝိုက်တွင် ချစ်မည်

"ကြိုက်ပါတယ် ဒေါ်လေး . . . ကျေးဇူးတင်ပါတယ် . . . ဒေါ်လေးရယ် . . . ဒါပေမယ့် နောက်ဆို ဝယ်မလာပါနဲ့တော့ . . . ရှန်း အားနာလို့ . . ."

"အာ . . . အားနာစရာလား . . . သူစိမ်းကျနေတာပဲ"

ဒေါ်လေးက စကားကို ဘာရယ်မဟုတ်ပြောလိုက်သော်လည်း သူ့ရင်ထဲမှာတော့ . . .

"သူစိမ်းတွေမဟုတ်ရင် တူမပေါ့ . . ."

ဟု ပြောနေမိသည်။

"ဘာဖြစ်လို့ ဒီနေ့ရောက် မနက်ဖြန်ပြန်ရတာလဲဗျာ . . . ရောက်မှတော့ တစ်ရက်၊ နှစ်ရက်လောက် နေပါဦးလား . . . သားအာ ဟိုသစ်ခွကို အခဲမကြေလို့ ထပ်ပြီးသွားခူးချင်သေးတာ . . ."

ဒေါ်လေးကိုဖက်ရင်း ဆိုသော သူ့စကားအဆုံးမှာ မေမေက

"တော်ပါတော့ ငါ့သားရယ် . . . မကျွမ်းကျင်တဲ့အလုပ်ကို မလုပ်ချင်စမ်းပါနဲ့ . . . မေမေ့ဘာသာ သစ်ခွခင်းထဲကပဲ ဝယ်တော့မယ် . . ."

"အာ . . မေမေကလည်း အဲဒီ့သစ်ခွက ရှားပါးသစ်ခွ . . . ဒေသမျိုးမေမေရဲ့ . . . နိုင်ငံခြားမျိုးလို ဆိုင်တွေမှာဝယ်လို့ရတာ မဟုတ်ဘူး . . ."

"အဲဒီ့သစ်ခွကို ကိုခေတ်ကျော် သိပ်လိုချင်နေတယ်ဆိုရင် ရှန်း ခူးခိုင်းထားလိုက်ပါ့မယ် . . ."

ဝင်ကာဆိုသော ရှန်း၏စကားကြောင့် သူ ဘာဆက်ပြောရမှန်းမသိဖြစ်ကာသွားသည်။

မေမေက . . .

"ကဲ . . . ပြီးရောပေါ့ . . ."

ဟု ဝင်၍ အဆုံးသတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . နေပါစေ ရွှန်းရဲ့ . . . အစ်ကိုက ကိုယ်တိုင်ခူး ချင်တာ . . ."

"တော်ပါတော့ . . . ကိုခေတ်ရယ် . . ."

ဒေါ်မလေးက 'တော်ပါတော့' ဟု အရယ်တစ်ဝက်ဖြင့် ဆို သည်။

"စက်ာပူကပြန်လာရင် ဒီကိုပြန်လာပြီး ခူးဖြစ်အောင် ခူး ဦးမှာ . . . ဒေါ်လေး သိပါတယ် . . . သားက လုပ်ချင်ပြီဆိုရင် မရ ရအောင်လုပ်တာ . . . ဒီတစ်ခေါက်တက်ရင် Save ဖြစ်အောင် ခါးပတ်ကြိုးနဲ့ တက်မယ် . . ."

"ကဲ . . . သဘောတော်အတိုင်းပါပဲတော် . . ."

နောက်ဆုံးတော့ မေမေက 'လက်မြှောက်ပါပြီ' ဆိုသော အဓိပ္ပါယ်ဖြင့် လက်ကိုမြှောက်ရင်း ဆိုသည်။

"ကဲ . . ကဲ . . . စကားကောင်းနေတာနဲ့ သွန်းပန်းနွယ်တို့ ဆီ အလည်သွားဖို့ နောက်ကျတော့မှာပဲ . . . ကိုဟိန်းရယ် ဒေါ်လေး တို့ကို လိုက်ပို့ပေးပါဦးကွယ် . . ."

"ဟုတ်ကဲ့ . . . ဒေါ်လေး . . ."

ပြောပြီး မကြာခင်မှာပင် မေမေတို့နှစ်ယောက်ကို ကိုဟိန်းက ကားဖြင့် သွန်းတို့ခြံကိုလိုက်ပို့သည်။ ကား ခြံထဲမှမောင်းထွက်သွား သည်နှင့် ရွှန်းက ထရပ်သည်။

"ရွှန်း . . ."

အိမ်ထဲဝင်ရန်ပြင်နေသောရွှန်းက ဝံ့ခနဲရပ်ကာသွားသည်။

"အစ်ကို တောင်ပေါ်တက်တုန်းကပြောတဲ့ ကဗျာလေ . . . မှတ်မိလား . . . ခေါင်းစဉ်မပေးရသေးဘူးဆိုတဲ့ကဗျာ . . . အင်္ကျီ အိပ်ရာခေါင်းအုံးအောက်မှာ ထားခဲ့မယ်နော် . . ခေါင်းစဉ်ဦးစား ထားပေးဦး . . . မနက် အစ်ကိုတို့ သွားတဲ့အချိန် ရွှန်း နိုးသေးမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးလို့ အဲဒီမှာပဲ အစ်ကို ထားခဲ့မယ် . . .”

ရွှန်းက အင်းလည်း မလုပ်၊ အဲလည်း မလုပ်ဖြင့် ရပ်ကာ နေသည်။

“အစ်ကို . . . ဟိုကပြန်လာရင် သစ်ခွ ထပ်သွားခူးကြမယ်နော် . . .”

သူမ ဘာမှပြန်မပြောပါ။ သူ့ရှေ့မှ ပုံမှန်ခြေလှမ်းများဖြင့် ထွက်ကာသွားသည်။

ရင်မှာတော့ ဘာရယ်မဟုတ် . . ဟာခနဲ ဖြစ်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းက ငါ့ရဲ့ အကြည့်တွေကို၊

နောက်တော့ . . . . အတွေးတွေကို၊

နောက်ပြီးတော့ အိပ်မက်တွေကို၊

နောက်ဆုံးမှာ ငါ့ရဲ့အချစ်တွေကို

www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်ကွင်းမှာ ဖေဖေနှင့်ကိုခေတ်မော် လာကြိုကာနေသည်။ ဖေဖေ့ကို မြင်မြင်ချင်း သူ ပြေးပြီးဖက်ပစ်လိုက်သည်။

"ဖေဖေ . . . သား မပိန်သွားဘူးလား . . ."

သူ့အမေးကို ဖေဖေက . . .

"အေး . . . ပိန်သွားသလိုလိုပဲကွာ . . ."

ဟု ဆိုသည်။

"ပိန်သွားမှာပေါ့ . . သားက ဖေဖေ့ကိုလွမ်းနေရတာကိုးဗျ"

"ဒီကောင်ကတော့ မကြီးမငယ်နဲ့ . . ."

ဖေဖေက သူ့ခေါင်းကို ခပ်ဖွဖွပွတ်သပ်ရင်း အရယ်တစ်ဝက်ဖြင့်ဆိုသည်။ ကိုခေတ်မော်ကတော့ . . .

"ဒီမှာ ကလေးလိုလို၊ ခွေးလိုလိုနဲ့ ချွဲတဲ့လူက ချွဲကုန်ပြီ မမေရေ . . ."

ဟု ဆိုရင်း သူ့ပခုံးကို ခပ်ဖွဖွထိုးသည်။

မျက်နှာပြောင်တိုက်ကာ ဖေဖေနှင့်ငြိမ်းချမ်းရေး ယူပစ်သော သူ့ကို ဒေါ်လေးက မျက်စောင်းလှမ်းထိုးရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်
ချစ်မည်

"အသက်က နှစ်ဆယ့်နှစ်ရှိပြီနော် ... ကိုယ့်ကိုယ်ကိုယ် ကလေးပဲရှိသေးတယ် မထင်နဲ့ ... ဒီကရှေ့လူကြီးလို တည်တည် တံ့တံ့ပဲနေ ..."

ဟု ဆိုသည်။

"မိန်းမမှမရသေးတာဗျ ... မိန်းမ မရသေးရင် ကလေးပဲ ... နော့ မေမေရာ ..."

မေမေ့ကို စစ်ကူဟောင်းကာ သူ ဆိုသည်မို့ မေမေက ...

"ဟုတ်ပါ့ ... ဟုတ်ပါ့ ..."

ဟု ရယ်ရင်းဆိုသည်။

"မိန်းမ မရသေးပေမယ့် ချစ်ရမယ့်ကောင်မလေးတော့ တွေ့နေပြီ မေမေရေ ..."

ဟု စိတ်မှဆိုရင်း၊ သူမကို သတိရမိသည်။

ထို့ကြောင့် အိမ်ပြန်ရောက်ရောက်ချင်း အခန်းထဲဝင်ပြီး သူ့ဖုန်းကိုရှာဖြစ်သည်။ ကြာကြာတော့ မရှာလိုက်ရ။ ဖုန်းကို သူ့ ခေါင်းအုံးပေါ်မှာ တင်ထားပေးသည်။

ဒီအချိန်လောက်ဆိုရင်တော့ ရွှန်းတစ်ယောက် သူ ထားရစ် ခဲ့သော ကဗျာစာရွက်လေးကို တွေ့ပြီးလောက်ပြီ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမဆီ ဖုန်းခေါ်သော်လည်း ဖုန်းက တော်တော်နှင့်မဝင်။ Busy ဖြစ်ကာနေသည်ထင်။ သူ အကြာကြီးစိတ်ရှည်လက်ရှည်နှင့် ခေါ်တော့မှ ဝင်ကာသွားသည်။

"ဟဲလို . . ."

တစ်ဖက်မှထူးသံက မိန်းကလေးအသံမဟုတ်။ ယောကျ်ားသံကြီး ဖြစ်သည်။

"ဟဲလို . . ."

တစ်ဖက်မှ စိတ်မရှည်သံဖြင့် ထပ်၍ 'ဟဲလို' ဟုပြောသည်။

"ဟဲလို ကိုဟိန်းလား . . ."

"ဟုတ်တယ် . . . ဘယ်သူလဲ . . ."

"ကျွန်တော် ခေတ်ကျော်ပါ အစ်ကို . . ."

"အေး . . . ပြော . . ."

တစ်ဖက်မှအသံက သိပ်ချေချောင်ငံမရှိသည်မို့ သူ နှင်းတောင်တင်ကြီးဖြစ်သွားရသည်။ ဘာဆက်ပြောရမှန်းပင် မသိတော့။

"ဟို . . . ဟိုဒင်း . . . ကျွန်တော် ရှန်းကို အကူအညီတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုတောင်းထားတာ ရှိတယ် . . အဲဒါ မေးချင်လို့ ရှန်းရှိလား ကိုဟိန်း"

"သူ ဈေးဝယ်သွားတယ် . . ."

"ဒါဖြင့် ခဏနေမှပဲ ပြန်ဆက်လိုက်တော့မယ် . . . ဟုတ်ကဲ့ . . . ဒါပဲနော် . . . အစ်ကို . . ."

"အေး . . ."

'အေး' ဟုဆိုရင်း ဖုန်းကိုဂွပ်ခနဲချသွားသည်မို့ သူ 'ယောက်ဖ' ဟု စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ်ကြီး ခေါ်ပစ်လိုက်သည်။

တစ်ခုခုတော့ တစ်ခုခုဘဲ ဟုလည်း တွေးမိသည်။ ဧကန္တ တိုကိုစ္စများ သိသွားသလားဟု တွေးမိသည်။ ကဗျာကိစ္စ။

အကယ်၍များ ကဗျာစာရွက်က ရှန်းဆီမရောက်ပဲ ကိုဟိန်း ဆီရောက်သွားပါက ပြဿနာတက်သွားနိုင်သည်။

တောင်တွေး၊ မြောက်တွေး တွေးနေသည်မှာ တစ်နာရီခန့် ကြာသည်။ သူ ဖုန်းကို နောက်တစ်ကြိမ်ခေါ်ဖြစ်သည်။ ဒီအချိန်တော့ သူမ ပြန်ရောက်လောက်ပြီထင်သည်။

"ဟဲလို . . ."

တစ်ဖက်မှထူးသံက မိန်းကလေးအသံ။

"ဟဲလို ရှန်းလား . . ."

"ဟုတ် . . ."

ကြည့်စမ်း . . . ထူးသံလေးကိုက ချစ်စရာကောင်းကာနေ သည်။

"အစ်ကိုပါ . . . ခေတ်ကျော် . . ."

". . . . . . . . . . ."

သူမဘက်က ဘာမှပြန်မပြော။

"စောစောကပဲ အစ်ကို ဖုန်းဆက်သေးတယ် . . . ကိုဟိန်း မပြောဘူးလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"မပြောဘူး . . . ကိစ္စရှိလို့ အပြင်ထွက်သွားတယ် . ."

"အာ . . . ဘာဖြစ်လို့ မပြောပါလိမ့် . . ."

သူ ယောက်ဖလောင်းကြီးကို စိတ်ထဲမှ မေ့တတ်သူပါလား ဟု အပြစ်တင်ရင်း နှုတ်မှဆိုဖြစ်သည်။

"ဘယ်ပြောပါ့မလဲ . . . သူက ရှင့်ကိုစိတ်တိုနေတာကိုး"

"ဟေ . . ."

"မဟေနဲ့ . . . ရှင်လိမ်တာ အားလုံးသိကုန်ပြီ . . . ခြံထဲက လူတွေကော . . . အစ်ကိုကော . . . ကျွန်မရောပဲ . . ."

သူမ၏စကားကြောင့် သူ တွေခနဲဖြစ်ကာသွားသည်။

"ဘာလဲ . . ဘာလိမ်တာလဲ . . . အစ်ကိုလည်း ဘာမှမသိပါလား . . ."

"ရှုးချင်ယောင်ဆောင်မနေနဲ့ . . . ကျော်ကျော့်ဆီကနေ ရှင် ခြေထောက်နာချင်ယောင်ဆောင်တဲ့ကိစ္စ အားလုံးသိဖြီးပြီ . . ."

"ဟေ . . . အာ . . . ဒီကောင်ကတော့ လုပ်ချလိုက်ပြန်ပြီ"

သူ မျက်နှာပူပူဖြင့် ဆိုဖြစ်သည်။

"သူ့ကို အပြစ်မတင်နဲ့ . . . သူက ငယ်ငယ်လေးကတည်းက နေ့ခင်းဘက်ဖြစ်သမျှကို ညဘက်အိပ်ရင် ပြန်အိပ်မက်ပြီး ပြန်ပြန်ပြောတတ်တဲ့အကျင့်ရှိတယ် . . . အဲဒါ တောင်ပေါ်ကပြန်လာဖြီး သူများတွေ မအိပ်သေးခင် ပင်ပင်ပန်းပန်းနဲ့အိပ်ပြီးတော့ အိပ်မက်မက်ပြီး နေ့လယ်ကကိစ္စ အကုန်ပြန်ပြောတာ . . . ဘေးခန်းက လူတွေကကြားပြီး စကားပြန့်ကုန်တာ . . နောက်ဆုံး သူတို့အတင်းပြောနေတုန်း . . . ကိုဟိန်းက ရှင်တို့ကို ပုဟတိုးလေဆိပ်ပို့ပြီး ပြန်လာချိန်မှာ ကြားသွားတာ . . . ရှင့်ကိုလည်း စိတ်ဆိုးသွားပြီ . . . ကျွန်မကိုလည်း စကားမပြောဘူး . . ."

သူမ၏စကားအဆုံးမှာ သူ ဘာပြောလို့ပြောရမှန်းပင် မသိ



www.burmeseclassic.com

www.burmeseclassic.com



တော့။ မျက်နှာပူနေတာကိုပဲ သိသည်။

"အဲဒါကြောင့် စောစောကဖုန်းပြောင်တော့ ဘုဆတ်ဆတ်ကြီး ဖြစ်နေတာကိုး . . . အရင်တုန်းကကျ ညီလေး . . ညီလေးနဲ့ တော်တော်အပြောင်းအလဲမြန်တဲ့ ယောက်ဖပါလား . . ."

"အောင်မာမာ . . . ဘာယောက်ဖလဲ . . . စကားပြောတာ ကြည့်ပြော . . ."

သူ့စကားကို သူမက ကက်ကက်လန်အောင် ပြန်ရန်တွေ့သည်။

"ဒါနဲ့ ဟိုကဗျာကိစ္စတော့ သူ မသိသေးဘူးမဟုတ်လား"

"သိတာပေါ့ . . ."

"ဟေ . . ."

သူမ၏အဆိုကြောင့် သူ 'ဟေ' ဟု ဖြစ်သွားရသည်။

"ဘယ်လိုလုပ် သိသွားရတာတုံး . . ."

"ကျွန်မ ပြလိုက်တာ . . ."

"အာ . . . ရှန်းရာ . . . ဒုက္ခပါပဲ . . . ပြစရာလား . . . အဲဒါ ရှန်းဖတ်ဖို့ရေးထားတာလေ . . . ကျွတ် . . . မျက်နှာပူလိုက်တာကွာ . . . ပြဿနာပဲ . . ."

သူ ရှက်ရှက်ဖြင့် ရေရွတ်သည်ကို သူမက ရယ်သည်။

"ဘာရယ်တာလဲ . . . လှောင်တာလား . . ."

"မဟုတ်ပါဘူး . . . ကျွန်မက ပြပါ့မလား . . . စဉ်းစားဦးလေ . . . ညီမကိုပေးတဲ့ရည်းစားစာကို အစ်ကို့ကို ပြစရာလား"

သူမ၏နောက်ဆက်တွဲစကားကြောင့် သူ နည်းနည်းအသက် ရှုချောင်ကာသွားရသည်။

"ကဗျာအတွက် ခေါင်းစဉ်စဉ်းစားပြီးပြီပေါ့ . . ."

"မစဉ်းစားတာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . စဉ်းစားပေးမှပေါ့ . . ."

"ရတယ်လေ . . . ကိုဟိန်းကိုပြုပြီး စဉ်းစားခိုင်းလိုက်မယ်"

"အဲဒီ့လိုတော့ မရက်စက်နဲ့လေ . . ."

"ရက်စက်မှာပဲ . . ."

သူမ၏စကားတို့က ဘာပဲပြောပြော . . . ဘာပဲဆိုဆို ချိုမြိန်ကာနေသောအသံတို့က သူ့နှလုံးသားထဲကို ရှုတစွာစီးဝင်နေသလို ခံစားနေရသည်။

"သစ်ခွထပ်သွားခူးချင်သေးတယ် . . ."

"ရှိန်းတို့က မလိုက်တာ . . . အလကားနော်တာပါ . . . အဲဒီ့မရလိုက်တဲ့သစ်ခွကို မရရအောင်ကို ခူးထားပေးမယ်နော်"

"စကားမစပ် . . အရမ်းချစ်တယ် ရှိန်းရာ . . . အရမ်းသည်း လွမ်းနေတယ် . . ."

"ဟောတော့ . . . ရည်းစားစကားလာပြောနေတယ် . . . ဖုန်းချလိုက်ရမလား . . ."

"မလုပ်ပါနဲ့ . . ."

"မလုပ်လို့မရဘူး . . . ကိုဟိန်းပြန်လာပြီ . . ဒါပဲ ဒါပဲ"

"ဂွပ် . . ."

ပြောပြောဆိုဆို သူမဘက်က ဖုန်းချကာသွားသည်။

တကယ်ပဲ ကိုဟိန်းပြန်လာ၍ ဖုန်းချသွားသည်လား၊ သူမ ညာသည်ပဲလားဆိုသည်ကတော့ သူမပဲ သိမည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ရက်များမှာ သူ မျက်နှာပူသည်မို့ ဖုန်းခေါ်ချင်ရက်နှင့် မခေါ်ဖြစ်။ အကြောင်းက သူမနှင့်မတိုးဘဲ ကိုဟိန်းနှင့်တိုးနေမည်စိုး၍ဖြစ်သည်။

စက်ပူသွားမည့်ကိစ္စကသည်လည်း ဖေဖေ၏ရုတ်တရက်ပေါ်လာသော အလုပ်ကိစ္စကြောင့် ဆယ့်ငါးရက်တိတိ နောက်ဆုတ်တာသွားသည်။

တစ်နေ့မှာ သွန်း ရုတ်တရက်ကြီးရောက်ချလာသည်။

"ဟာ . . . သွန်းပါလား . . ."

"ဟုတ်တယ် ကိုခေတ်ကျော် . . ဒီနေ့ လေယာဉ်နဲ့ပဲ ရောက်တာ . . . ဒါနဲ့ သွန်းထွက်လာတော့မှ ရွှန်းကို တွေ့လိုက်သေးတယ်"

"ဟုတ်လား . . ."

ရွှန်းဆိုသောအသံကြောင့် သူ 'ဟုတ်လား' ဟု ဆိုဖြစ်သည်။

"ဟုတ်တယ် . . . အကောင်းတွေ့တာတော့ မဟုတ်ဘူး . . . သူ့ကို ဆေးရုံတင်တဲ့အသွားမှာ တွေ့ရတာ . . ."

"ဟင် . . . ဆေးရုံတင်ရတယ် . . . ဘာဖြစ်လို့လဲ . . ."

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

# ပြည့်ပိုင်မှုအလို

"သစ်ခွတက်ခူးတာ . . . သစ်ပင်ပေါ်က ပြုတ်ကျလို့တဲ့"

"ဘာ . . ."

သူ ရုတ်တရက် အသက်ရှူရပ်သွားသလို မွန်းကျပ်ကာသွားရသည်။ ဟိုတစ်နေ့က ဖုန်းပြောစဉ်က 'မရလိုက်တဲ့ အဲဒီ့သစ်ခွကို မရရအောင် ခူးထားပေးမယ်' ဆိုသောစကားကို သူ ပြန်ကြားယောင်မိသည်။

"သူ ဘာဖြစ်သွားတာလဲ ဟင် . . ."

"မသိဘူး . . . ဒဏ်ရာတော်တော်ကြီးကိုပြင်းလို့ ဆေးရုံသွားတာနေမှာပေါ့ . . ."

"သွန်း . . . မေမေတို့နဲ့ စကားပြောဦးနော် . . ."

သွန်းကို ညည့်ခန်းမှာထိုင်စေကာ မေမေ့ကိုညည့်ခံခိုင်းပြီး သူ သူ့အခန်းထဲ ပြန်လာဖြစ်သည်။ ဖုန်းဆက်မှဖြစ်မည်။

ဖုန်းကိုခေါ်သောအခါ ဖုန်းက အလွယ်တကူ ဝင်ကာသွားသည်။ သို့သော် ဖုန်းကိုင်သမားမရှိသည်ပဲလား . . . ဖုန်းပျက်နေသည်ပဲလား မသိ . . ဖုန်းက ကိုင်သူမရှိ။

"ဒဏ်ရာတော်တော်ကြီးကိုပြင်းလို့ ဆေးရုံသွားတာနေမှာပေါ့ . . ."

ဟူသော သွန်း၏စကားကို နားမှအကြိမ်ကြိမ် ကြားယောင်ကာနေသည်။ ဖုန်းကို အကြိမ်ကြိမ်ခေါ်သော်လည်း တစ်ဖက်မှ ထူးခြားမှုမရှိ။

"ရှုန်း တစ်ခုခုများ ဖြစ်သွားပြီလား . . ."

ဟူသော အတွေးက သူ့ရင်ကိုပူလောင်မွန်းကျပ်နေစေသည်။

ဒီနေ့တော့ လေယာဉ်အဆင်မပြေနိုင်တော့။ အချိန်လုံးဝ ရှိတော့။ အဝေးပြေးကားများလည်း ဒီအချိန်မှာ မရှိနိုင်တော့။

သူ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ညည့်ခန်းထဲဝင်လာချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ သွန်းမရှိတော့။ သူ မေမေ့ကို အကျိုးအကြောင်း ပြောပြဖြစ်သည်။

"သား . . . ဘယ်လိုလုပ်ချင်လဲ . . ."

"မနက်ဖြန်အစောပိုင်း လေယာဉ်နဲ့ သား ဟဲဟိုးကိုလိုက်သွားမယ် . . . အဲဒီကမှ လေယာဉ်ကွင်းကနေ Taxi ငှားပြီးတော့ သား ပင်းတယကို သွားမယ် . . ."

"သွားလေ သား . . . ဒါပေမယ့် ဟိုရောက်ရင် အကျိုးအကြောင်း မေမေ့ဆီ ဖုန်းဆက်ဦး . . ."

"ဟုတ်ကဲ့ . . ."

သူ ခေါင်းကို ညိတ်ပြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်အိမ်မှနေ တစ်ညလုံး ဖုန်းခေါ်သော်လည်း ဘာမှ မထူးခြား။ ဖုန်းကိုင်သူမရှိ။ ဟဲဟိုးလေဆိပ်ရောက်ချိန်မှစ၍ တစ်လမ်းလုံး ဖုန်းခေါ်လာသော်လည်း ထူးခြားမှုမရှိ။

နောက်ဆုံးတော့ ပင်းတယကိုရောက်လာသည်။ မြို့စဝင်လာချိန်ကစလို့ သူ့နှလုံးခုန်သံတွေ မမှန်ချင် ကြမ်းရှကာလာသည်။

ခြံထဲကိုကားက ဝင်၍မရ။ လူအုပ်ကြီးကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ကားကို ခြံဂမှာပင် ရပ်ခိုင်းကာ အိမ်ဆီသို့ ၊ ၃မ်းအကြည့်မှာ မြင်ရသောမြင်ကွင်းက သူ့ကို သတိမေ့သွားမတတ်ဖြစ်သွားစေခဲ့သည်။

ပြင်ထားသော အလောင်းစင်တစ်ခု။ တိတိကျကျပြောရသော် မကြာခင် အသုဘချရန် အသင့်ဖြစ်နေသော အလောင်းစင်။

"ဒဏ်ရာတော်တော်ကြီးကိုပြင်းလို့ ဆေးရုံသွားတာ နေမှာပေါ့ . . ."

ဟူသော သွန်း၏စကားက သွေးထွက်အောင်မှန်နေခဲ့သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ရွှန်း . . ."

သူ့ရင်ထဲမှနေ ဆို့နင့်စွာ ခေါ်မိသည်။ ရွှန်းရယ် . . . ဘာကြောင့်မှန်းမသိ ကျလာသောမျက်ရည်က ပူလောင်ကာနေသည်။

ရုတ်တရက် ကိုဟိန်းက သူ့ရှေ့မှာရောက်ချလာသည်။ မျက်နှာက လုံးဝမကောင်း။ သူ့ကိုမြင်ရတော့ အံ့ဩဟန်ပြသည်။

"မင်း ဘယ်ကဘယ်လို ရောက်လာတာတုံး . . ."

"ကိုဟိန်း . . . ကျွန်တော့်ကို သတ်လိုက်ပါတော့ဗျာ . . . သူ သေရတာ ကျွန်တော့်ကြောင့်ဗျ . . . ကျွန်တော့်ကြောင့် ဒီလိုဖြစ်ရတာ . . ."

"ဘာကွ . . ."

ကိုဟိန်းက 'ဘာကွ' ဟု မျက်လုံးကြီးပြူးကာ ဆိုသည်။

"တကယ်ပါဆိုဗျာ . . . ကျွန်တော့်အပြစ်တွေပါ . . . ကျွန်တော့်ကြောင့် . . ."

ဆို့နင့်စွာငိုနေသော ကျွန်တော့်ကို 'ကိုဟိန်း' က မျက်လုံးပြူးကြီးဖြင့် ကြည့်ရင်း . . .

"ဟာ . . . ဒါဖြင့် အပျိုကြီးဒေါ်စံပယ် လေဖြတ်ပြီးဆုံးတာ . . . သွေးရိုးသားရိုးမဟုတ်ဘူးပေါ့ . . ."

"ဗျာ . . ."

"မဗျာနဲ့ . . . မင်းပဲ . . မင်းကြောင့်ဆို . . ."

"အာ . . ."

"မအာနဲ့ . . . မဗျာနဲ့ . . . ပြောစမ်း . . . အပျိုကြီးလေဖြတ်အောင် မင်း ဘာတွေလုပ်လိုက်လဲ . . . ကျွန်တော့်အပြစ်တွေပါဆို . . . ကဲ . . . ဝန်ခံစမ်း . . ."

"မဟုတ်သေးဘူး . . . အခုဆုံးတာ ဘယ်သူ . . ."

သူ မျက်ရည်ကို ကမန်းကတန်းသုတ်ကာ မေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြည့်ပိုင်မှုဖြစ်

"ဒေါ်စံပယ်လေ . . အပျိုကြီး၊ အသက်ငါးဆယ် ဒေါ်စံပယ်ဆိုတဲ့အပျိုကြီး . . . ကဲပါ . . . မင်းနဲ့ဘယ်လိုလျို့ဝှက်ပတ်သက်မှုတွေရှိလဲ . . . မင်း စောစောကပြောတယ်နော် . . . ကျွန်တော့်ကြောင့်လို့ . . ."

"အာ . . . အဲဒါ လူမှားပြီးပြောမိတာ . . . ကျွန်တော်က ရှန်းသေတယ် အောက်မေ့လို့ . . ."

"ဘာကွ . . . ဖွဟဲ့ . . . လွဲပါစေ ဖယ်ပါစေ . . . ငါ့ညီမက ဘာကိစ္စ သေရမှာတုံး . . ."

"ဗျာ . . ."

"မဗျာနဲ့ . . . သစ်ပင်ပေါ်က ပြုတ်ကျလို့ အခု ကလောမှာ သွားနားခိုင်းထားတယ် . . ."

"တော်သေးတာပေါ့ဗျာ . . . ဝမ်းသာလိုက်တာဗျာ . . . ဒါနဲ့ ကလောလိပ်စာလေး တစ်ချက်လောက်ပေးပါလား . . ."

"မပေးဘူး . . ."

"ဗျာ . . ."

"မဗျာနဲ့ . . . ဒေါ်စံပယ်ကိစ္စ အရင်ရှင်း . . ."

"အာ . . . ကိုဟိန်းကလည်းဗျာ . . ."

သူ ရှက်ရှက်ဖြင့် ခေါင်းကိုကုတ်ဖြစ်သည်။

"မမေးမစမ်းဘဲနဲ့ တဖြုံဖြုံက ထငိုသေးတယ် . . . ငါ နားရင်းအုပ်လိုက်ရ . . . ဒီလိုပုံစံနဲ့ ငါ့ညီမကိုများ ကြိုက်ချင်သေးတယ် . . . ရော့ . . . လိပ်စာကဒ် . . . သွား မြန်မြန် . . . ကြာရင် ငါ ပိတ်ကန်မိတော့မယ် . . ."

ဆောင့်ကြီးအောင့်ကြီးဖြင့် ပေးလာသော လိပ်စာကဒ်ကို လှမ်းယူပြီး သူ Taxi ဆီ ချာခနဲလှည့်ထွက်ခဲ့ဖြစ်သည်။

"ကိုဟိန်း . . . ကျေးဇူးပဲဗျာ . . ."

www.burmeseclassic.com



လှည့်မကြည့်ဘဲ ကျေးဇူးစကားဆိုသော သူ့ကို ကိုတိန်းက

"ပျော်ယာကိုခတ်နေတာပဲ . . ."

ဟု လှမ်း၍ဆိုသည်။

"ဆရာ . . . အဝတ်အိတ်ယူမလို့လား . . ."

Taxi ကားဆရာက ခေါင်းထောင်ရင်း မေးသည်။

"မယူဘူး . . . ကလောသွားမယ် . . ."

"ဗျာ . . ."

Taxi ကားဆရာက 'ဗျာ' ခနဲ အံ့သြကာသွားသည်။ သူက ဝင်းတယဟုဆိုကာ ငှားလာခဲ့သည်ကို . . .။

www.burmeseclassic.com

www.burmeseclassic.com

ကိုဟိန်းပေးသောလိပ်စာအတိုင်း သူ ရောက်သွားသော အခါ ရွှန်းကို အိမ်ရှေ့ပန်းခြံထဲမှာ ပိုးချဲလ်ဖြင့် တွေ့ရသည်။

သူ့ကိုမြင်တော့ ရုတ်တရက် အံ့ဩသွားဟန်ပြသည်။ သူ Taxi ကားဆရာကို ကားခရှင်းပေးလိုက်ပြီး ရွှန်းဆီလျှောက်လာဖြစ် သည်။

"ရွှန်း . . ."

". . . . ."

သူမရှေ့မှာရပ်ရင်း ခေါ်သောအခါ သူမက မထူး။

"ဘယ်ကဘယ်လိုလုပ်ပြီး ရောက်လာတာတုံး . . ."

သူမက ရှက်ဝဲဝဲဖြစ်နေသော မျက်နှာဖြင့်ဆိုသည်။

"ကိုယ်မေးတာ အရှင်ဖြေဦး . . . ဘာဖြစ်လို့ အဲဒီသစ် အမြင့်ကြီးကို ကိုယ်တိုင်သွားတက်ရတာတုံး . . ."

"အူကြောင်ကြောင်လူတစ်ယောက်ကို . . . အဲဒီ . . . လက်ဆောင်ပေးချင်လို့ပေါ့ . . ."

သူမက ခွကျကျပင် ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကလောမြို့နှင့်အနီးတစ်ဝိုက်တွင်

## ချစ်မည်

"အူကြောင်ကြောင်လူတစ်ယောက် ဟုတ်လို့လား . . . ရတာ ကိုယ်တိုင်တက်ခူးပေးပုံထောက်တော့ ချစ်သူ . . . ဒါမှမဟုတ ရည်းစားပဲ ဖြစ်ရမယ် . . ."

"နစ်နာနေဦးမယ် . . ."

သူမက ခေါင်းကိုငုံ့ရင်း ခပ်ရွှတ်ရွှတ်ဆိုသည်။ ပြီး . . .

"ဖြေဦးလေ . . . ဘယ်ကဘယ်လို ရောက်လာတာတုံး . ."

ဟု မေးသည်။ သူက သွန်းရောက်လာချိန်ကစလို့ . . . အသုဘမှားပြီး ငိုမိပုံအလယ် . . ကလောရောက်လာပုံအဆုံး ရှင်းပြ ဖြစ်သည်။

သူ့စကားအဆုံးမှာ သူမက ဟက်ဟက်ပက်ပက်ကြီး ရယ် သည်။

"ရွှန်း အခုမှပဲ သိတော့တယ် . . . လက်စသတ်တော့ ဒေါ် စံပယ်လေးဖြတ်တာ သွေးရိုးသားရိုး မဟုတ်ဘူးကိုး . . ."

"ရွှန်းနော် . . ."

BURMESE CLASSIC

သူ ရှက်ရှက်ဖြင့် ရွှန်းနှင့်အတူ လိုက်ရောရယ်ဖြစ်သည်။

"တဖြဲဖြဲနဲ့ ငှက်ကြီးငိုနေမယ့် ရှင့်ပုံစံကို စဉ်းစားပြီး မြင်မိ ရင်လေ . . . ပိုပြီးတော့တောင် ရယ်ချင်သေးတယ် . . . ရှင် ဘာဖြစ် လို့ ဒီလို အူကြောင်ကြောင်ဖြစ်နေတာတုံး . . ."

သူမက သူ့ကို ရယ်ကျဲကျဲကြည့်ရင်း စသည်။

"အဲဒါ ရွှန်းကို ချစ်လို့ဗျ . . . သိပြီလား . . ."

သူ ရွှန်းနားနားကိုကပ်ကာဆိုရင်း ရွှတ်ခနဲ ရွှန်း၏ပါးကို အနမ်းတစ်ချက်ခိုးလိုက်ဖြစ်သည်။ လျှင်မြန်သောအနမ်းမို့ သူမ ရှောင် ချိန်မရလိုက်။

ထင်မှတ်မထားသော အနမ်းမို့ သူမ ရုတ်တရက်ကြီး အံ့ဩ သွားသည်။ ပြီး သူ့ကို ဗိုင်းခနဲ မျက်စောင်းကြီးထိုးရင်း လက်နှင့်ဖက်



www.burmeseclassic.com

www.burmeseclassic.com

# ပြည့်ပိုင်မှူးအိမ်

[redacted]

၍ ခေါင်းကို ငုံ့ကာသွားသည်။

နီမြန်းနေသော ရှက်ဝဲဝဲ သူမမျက်နှာကို မြင်ရသောခဏ တွင် သူမ၏အချစ်တံခါးတို့ ဖွင့်ဟနေကြောင်း သူ သေချာစွာသိ လိုက်ရသည်။

ဒီတစ်ခါတော့ သူ ကဗျာမရေးတော့ပါ။ အချစ်ဟာသဝတ္ထု တစ်ပုဒ်ပဲ ရေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ဝတ္ထုခေါင်းစဉ်ကတော့ အလိုလိုစဉ်းစားမိထားပြီးသားဖြစ် သည်။ ခေါင်းစဉ်ကို သူမလည်း ကြိုက်မည်ထင်ပါသည်။

ဝတ္ထု၏ ခေါင်းစဉ်က . . .

"ကလောမြို့နှင့်အနီးတစ်ဝိုက်တွင် ချစ်မည်"

ဟူ၍ . . .။

ပြည့်ပိုင်မှူးအိမ်

BURMESE CLASSIC .com

www.burmeseclassic.com